
# ရိရိဇေး

## တွံတေးတောကြီးတန်းမှ ဆေးရည်စိမ်မင်းသားလေး



ပေါင်း (၇၀၀)ကျော်က ဖြစ်ရပ်မှန် ဂမ္ဘီရ

## ပုံနှိပ်မှတ်တမ်း

ာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၆၆၀၆၀၇
ျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၉၂၂၀၆၀၈
ာတွင်းပုံနှိပ် - ဒေါ်နှင်းရီ သဇင်အော့ဆက်
၁၃၉၊ လမ်း - ၅၀ အထက်ဘလောက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ာဖုံးပုံနှိပ် - ဒေါ်အိမွန်သက်လွင် သစ္စာမွန်ပုံနှိပ်တိုက်
၁၀၆၊ တာမွေလမ်း၊ (က+ခ)ရပ်ကွက်
တာမွေကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဒေါ်ရီရီငွေ (၀၄၁၉၆)
ရီရီငွေစာပေ အမှတ် (၅၈)၊ ဓမ္မကဝဝတီလ
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၀၆ စက်တင်ဘာလ
ုပ်ရေ - ၅၀၀
ာန်ဖိုး - ၁၀၀၀ ကျပ်
ျက်နှာဖုံးပန်းချီ - သိန်းဇော်

### ဖြန့်ချိရေး

မြတ်ချိုနွယ်အောင် B . Sc (chem;)
Diploma of Computer Art
( အိုးယွန်းယှဉ်စာပေ) မှ ဖြန့်ချိပါသည်။

ရိရိငွေး

# တွံတေးတောကြီးတန်းမှ

## ဆေးရည်စိမ် မင်းသားလေး

# အခန်းစဉ်


အခန်း (၁) ထူးထူးဆန်းဆန်း တောကြီးတန်းပုံပြင်များ

အခန်း (၂) အချစ်အကျဉ်းသမား ကျန်စစ်သား

အခန်း (၃) ကမ္ဘည်းတင်မည့်ပန်းချီကားတစ်ချပ်

အခန်း (၄) မင်းသားခွေးချေးနှင့် နိမိတ်ထူး

အခန်း (၅) ရာဇဝင်တွင်ခဲ့သည့် ကွမ်းတံတွေးကွက်များ

အခန်း (၆) ဆေးရည်စိမ်မင်းသားလေး သီဟသူ

# အခန်း(၁)

## ထူးထူးဆန်းဆန်း တောကြီးတန်းပုံပြင်များ

ရှေးအတိတ်ကာလက ရှိနှင့်ခဲ့သော တောအုပ်တောတန်းကြီး တစ်ခု။

ဘော်ငွေရောင် ဆီးနှင်းငွေ့များ ရစ်သန်းခဲ့သော ဤနေရာ၊ ဤနေရာတွင် စိမ်းဖန့်ဖန့်မြက်ခင်းပြင်ကျယ်ကြီးများနှင့် လျှိုမြောင်ချောက်ကမ်းပါးများ ရှိခဲ့ဖူးသည်။ တောင်ယာခင်းများမှ မီးခိုးငွေ့တန်းများသည် မိုးကောင်းကင်မှ မိုးတိမ်များလို အငွေ့တလူလူလည်း ရှိခဲ့ဖူးသည်။ ကျေးငှက်သာလိကာမှအစ ငှက်မျိုးစုံတို့ တေးသီရာနေရာကြီး တစ်ခုလည်း ဖြစ်ခဲ့ဖူးသည်။

အမည်နာမအမျိုးမျိုး မှည့်ခေါ်ကာ ရှေးမွန်လူကြီးများ နေထိုင်ခဲ့ရာ နေရာကြီးတစ်ခုလည်း ဖြစ်ပါသည်။ အဖြစ်အပျက်မျိုးစုံ ထူးခြား

ဆန်းကြယ်သည့် ဖြစ်ရပ်မျိုးစုံတို့ သန္ဓေတည်ပေါက်ဖွားခဲ့ရာ နေရာကြီး တစ်ခုလည်း ဖြစ်ခဲ့ပါသည်။

ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်မျိုးစုံတို့မှာ ရှေးနှစ်ပေါင်း ပဝေသဏီကစပြီး ယခုထက်တိုင် ဖြစ်ပျက်ခဲ့ရာနေရာကား-

'တွံတေးတောကြီးတန်း'ကြီးပင် ဖြစ်ပါသည်။ ဤနေရာသည် လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀)ကျော်က မွန်လူမျိုးတို့စံပျော်ရာနေရာ တစ်ခု ဖြစ်ခဲ့ပါသည်။ အောက်ပြည်အောက်ရွာ မွန်တို့ရွာတွင် မွန်သုံးမျိုးရှိပါသည်။ သထုံ-မွန်တိ၊ ဒဂုံမွန်ည၊ ပုသိမ်-မွန်စဟူ သောဆိုစကားနှင့်အညီ ဒဂုံမြို့တွင် မွန်ညအနွယ်ဝင် မွန်မျိုးဖြစ်သည့် ဥက္ကလာပမင်းကြီး စိုးစံတော်မူပါသည်။ သထုံမြို့တွင် မွန်တိအနွယ်ဝင်မျိုးဖြစ်သည့် ဘောဂသေနာတိဿမင်းကြီး၏ ဖခမည်းတော် တိဿရာဇာမင်းကြီး အုပ်စိုးတော်မူခဲ့ပါသည်။ ပုသိမ်မြို့တွင် မွန်စအနွယ်ဝင် သီဟနန္ဒမင်း စိုးစံတော်မူခဲ့ပါသည်။

ဤအချိန်တွင် ထိုတောကြီးတန်း၌ ကွမ်းဒေးဆိုသည့်ရွာနှင့် ပေါက္ခရဝတီမြို့တို့ ရှိခဲ့ပါသည်။ ပေါက္ခရဝတီမြို့သား တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်နှစ်ဦးတို့သည် မဇ္ဈိမသို့သွားကာ ကုန်ရောင်းထွက်စဉ် မြတ်စွာဘုရားရှင်အား ဖူးမြော်ခွင့်ရရှိခဲ့ပါသည်။ ထို့အပြင် မြတ်စွာဘုရား၏ ဆံတော်ကိုပါ ရရှိခဲ့သဖြင့် ထိုဆံတော်အား ပင့်ဆောင်လေရာ ယခု ရွှေဆံတော်ဘုရားတည်ရှိရာ ကုန်းတော်တွင် ခမ်းနားလှသည့်တန်ဆောင်းဖြင့် ခေတ္တထားကာ အပူဇော်ခံခဲ့ပါသည်။ ထိုနေရာကို အထိမ်းအမှတ်အဖြစ် ရွှေဆံတော်ဘုရားဟူသည့်ဘွဲ့ဖြင့် ဘုရားတည်ခဲ့ပါသည်။

ထိုကဲ့သို့ ထူးခြားသည့်သမိုင်းဝင်ရာအရပ် ဖြစ်ပါသည်။

ထိုနေရာသို့ ဥက္ကလာပမင်းကြီးကိုယ်တိုင် ကြွရောက်ဖူးမြော်ကာ ဆံတော်ကို သိဂ္ဂုတ္တရကုန်းတွင် ဘုရားတည်ခဲ့ပါသည်။ ဤစေတီတော်ကား 'လေးဆူဓာတ်ပုံ ရွှေတိဂုံ'စေတီတော်ကြီးပင် ဖြစ်ပါသည်။ ဤသို့ ကြီးမားလှသော သမိုင်းဝင်စေတီတော်ကြီး၌ ဌာပနာခဲ့သော ဆံတော်များကို ပင့်ဆောင်လာသူမှာ တွံတေးတောကြီးတန်းရွာသားများပင် ဖြစ်ပါသည်။

ဤသမိုင်းကြောင်းနှင့်အတူ တွံတေးတောကြီးတန်းဟူသည့် ဘွဲ့အမည်ကို စတင်သိခွင့်ရခဲ့ပါသည်။

ထို့ပြင်တဝ...

ရေငံပိုင်ဦးရှင်ကြီး၏အကြောင်းနှင့်လည်း ဆက်နွယ်နေသည့် ဤတောကြီးတန်း။

ဟိုးရှေးယခင်အခါက ဒလတွင်နေခဲ့သော မောင်ရှင်ဟူသည့် လူငယ်တစ်ဦး။ မိခင်အိုကြီးကို သမ္မာအာဇီဝအလုပ်ဖြင့် လုပ်ကျွေးခဲ့သူ။

တစ်နေ့သောအခါတွင် ဒလမြို့မှ ဘိုကလေးအပိုင် မိန်းမလှကျွန်းသို့ မျောခုတ်သွားသောလှေတွင် စာရင်းငှားအဖြစ် လိုက်ခဲ့ပါသည်။

မိန်းမလှကျွန်းမှ လှေပြန်အထွက်တွင် မည်သို့မျှ လှေထွက်၍ မရသဖြင့် လှေသမားတို့ထုံးစံအတိုင်း လှေမထွက်နိုင်ပါက ကံဆိုးသူကို မဲနှိုက်ကြရပါသည်။ ကံဆိုးသူ မဲနှိုက်ရာတွင် သုံးကြိမ်သုံးခါလုံးလုံး မောင်ရှင်သာ မဲကျခဲ့ပါသည်။

ကံဆိုးသူမောင်ရှင်သည် ပင်လယ်ရေပြင်၌ မျောက်ဖျက်ခြင်း

ခံခဲ့ရပါသည်။ ထို့နောက် ရေငံပိုင်ဦးရှင်ကြီးနတ်ဖြစ်သည်ဆိုကာ ရေငံပိုင်နေသူများသည် ရေငံပိုင်ဦးရှင်ကြီးကို တစ်နှစ်တစ်ခါ နှစ်ခါ တင်မြှောက်ပသခဲ့သည်မှာ ယနေ့အထိပင်။ ဤသို့ သမိုင်းကြောင်းရှိခဲ့သည့် ဦးရှင်ကြီးမှာလည်း ဒလမြို့သားပင်ဖြစ်ပါသည်။

တွံတေးတောကြီးတန်းရှိ ပိန္နဲကုန်းရွာတွင် ထူးခြားလှသော စိန်ဘုရားတစ်ဆူ ပေါ်တော်မူခဲ့ပါသည်။ ထိုစိန်ဘုရား ပေါ်တော်မူပုံမှာလည်း စိတ်ဝင်စားစရာပင်။

ဤတောအုပ်ကြီးကား မည်မျှကြီးမားသနည်းဟု ဆိုရပါမူ ထိုတောကြီးတန်းသည် နေပြောက်မထိုးနိုင်အောင်ပင် တောထူလှပေသည်။ ထိုတောတန်းကြီးအတွင်း၌ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်မှအစ ကျားများ၊ ဆင်များ ကျွန်းခိုရာ နေရာတစ်ခုလည်း ဖြစ်ခဲ့ပါသည်။

ပုဂံနေပြည်တော်မှ ဘုရင်များ ဆင်ကျော့ရာနေရာထူးကြီးလည်း ဖြစ်ခဲ့ဖူးပါသည်။ ဆင်ကျော့ရာတွင် အခန့်မသင့်၍ ဘုရင်များကိုယ်တိုင် နတ်ရွာစံခဲ့သောနေရာလည်း ဖြစ်ပါသည်။

ထို့အပြင် ကြခတ်ဝါးရုံမင်းသမီး နန်းစံခဲ့ရာမြို့တော်လည်း ဖြစ်ခဲ့ဖူးပါသည်။

နရပတိစည်သူမင်းလက်ထက်၌ ဓမ္မဝိလာသဟူသည့် ဓမ္မသတ်ကျမ်းပြုပုဂ္ဂိုလ်မှာ ရှင်သဿရိပုတ္တရာဖြစ်ပြီး ဒလမြို့သားတစ်ဦးဖြစ်ပါသည်။ ဤဒေသမှ ဤကဲ့သို့သော အကျော်ဒေးယျပုဂ္ဂိုလ်မျိုးလည်း ပေါ်ထွက်ခဲ့ဖူးပါသည်။

ရာဇာဓိရာဇ် နတ်ရွာစံသောအခါ ဒလစား ညီတော် ဗညားရန်

သည် နောင်တော် ဗညားဓမ္မရာဇာအား ပုန်ကန်ခြားနားခဲ့ပါသည်။ ဒလစား ဗညားရန်သည် အင်းဝဘုရင်သီဟသူအား စစ်ကူတောင်းရာ အင်းဝဘုရင်မှ ကူညီသဖြင့် နှမတော်ရှင်စောပုကို အင်းဝဘုရင်ထံ ဆက်သခဲ့ပါသည်။ နောင်သောအခါ ဒလစားဗညားရံသည် ဟံသာဝတီ ထီးနန်းကို စိုးစံရသောမင်းကြီး ဖြစ်လာခဲ့ရုံသာမက နှမတော်ရှင်စောပု သည်လည်း နောင်သောအခါ ဟံသာဝတီနေပြည်တော်တွင် စိုးစံခဲ့သော တစ်ဦးတည်းသောဘုရင်မ ဖြစ်ခဲ့ပါသည်။ ထို့အပြင် ရာဇဝင်ထဲမှာ အဖြစ်အပျက်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့သော ဤတောကြီးတန်းမှ ဇာတ်လမ်းများကို ကျွန်မသည် လွန်စွာစိတ်ဝင်စားခဲ့ပါသည်။

မမျှော်လင့်သောတစ်နေ့ တွံတေးတောကြီးတန်းနှင့်ထိတွေ့ရန် အကြောင်းဖန်လာခဲ့ပါသည်။

အဒေါ်ဖြစ်သူမှ ကျွန်မတို့ညီအစ်မများအား တွံတေးတောကြီး တန်းသွားလည်မည့်အကြောင်း ပြောခဲ့ပါသည်။

'တူမတို့… မနက်ဖြန် တွံတေးတောကြီးတန်းကိုသွားလည် ကြမယ်'

'ဟာ… တွံတေးတောကြီးတန်းကိုသွားလည်ရမယ်၊ ဟုတ် လားဒေါ်ဒေါ်'

'ဟုတ်တယ်… အမျိုးတွေက အလှူဖိတ်လို့လေ'

တွံတေးတောကြီးတန်းသို့ သွားလည်ရမည်ဆိုသဖြင့် ကျွန်မ တို့ညီအစ်မတွေ လွန်စွာပျော်ရွှင်သွားခဲ့ပါသည်။

ပျော်ရွှင်ရသည့်အကြောင်းရင်းမှာ အဘွားဖြစ်သူသည် ဤ တောကြီးတန်းမှ ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် ဖြစ်ရပ်ဆန်းများကို

အိမ်ရာဝင်ပုံပြင်အဖြစ် ပြောပြခဲ့သောကြောင့်ပင်။ အဘွားဖြစ်သူသည် ဤတောကြီးတန်းဇာတိ မဟုတ်သော်လည်း ဤနေရာသို့ အသက် (၈)နှစ်ခန့်ကတည်းက ရောက်ရှိခဲ့ပြီး ပိန္နဲကုန်းရွာတွင် အိမ်ထောင်ကျခဲ့ပါသည်။ နောင်သောအခါ ရေကြည်ရာမြက်နုရာ စီးပွားရှာရင်း ဒေးဒရဲမြို့၌ အခြေစိုက်ခဲ့ပါသည်။ ဤနေရာတွင် နှစ်ပေါင်းများစွာနေလာခဲ့သဖြင့် အမျိုးများစွာ ရှိခဲ့ပါသည်။ အမျိုးပေါများလှသောကြောင့် ထိုရွာစဉ်တစ်လျှောက် အမျိုးများအိမ်မှာ လက်ညှိုးထိုးမလွဲအောင်ပင် ရှိခဲ့ပါသည်။

ဤတောကြီးတန်းကား တွံတေးမှ ကွမ်းခြံကုန်းသို့သွားနိုင်သကဲ့သို့ တွံတေးမှ ဒလမြို့သို့လည်းကောင်း၊ ကွမ်းခြံကုန်းမှ ဒလသို့လည်းကောင်း သွားနိုင်ပါသည်။ ရှေးနှစ်ပေါင်းများစွာက ဤနေရာသည် တောအုပ်ကောင်းလှသည့် တောတန်းရှည်ကြီးဖြစ်ပြီး လူဆိုးများပုန်းအောင်းရာနေရာလည်း ဖြစ်ခဲ့ဖူးပါသည်။ ထိုစဉ်က ထိုတောအုပ်ကြီးမှာ တောအလွန်ထူထပ်ရကား သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် တည်းဟူသော သားကောင်များ ကျက်စားရာနေရာဖြစ်သကဲ့သို့ ကျားများ၊ ဆင်များကဲ့သို့ တောကောင်ကြီးများလည်း ရှိခဲ့ဖူးပါသည်။ ထိုတောအုပ်ကြီးအတွင်း ရှေးဘုရင်မင်းများ ဆင်ဖမ်းရာနေရာလည်း ဖြစ်ခဲ့ဖူးပါသည်။

ကျွန်မတို့မိသားစုသည် ဒေးဒရဲမြို့တွင် နေထိုင်ခဲ့ပြီး ၄င်းမြို့မှာ ကျွန်မ၏ချက်မြှုပ်ရာ ဇာတိမြို့ကလေးဖြစ်ပါသည်။ ဒေးဒရဲမြို့မှာ တွံတေးတောကြီးတန်းနှင့် များစွာမဝေးလှပေ။ တိုးမြစ်၏ တစ်ဖက်ကမ်းတွင် ဒေးဒရဲမြို့ကလေးရှိပြီး ထိုမြစ်ကို ဖြတ်ကျော်ပါက အင်္ဂပူ

ဟူသော ရွာကလေးကို ရောက်ပါသည်။ ထိုမှတစ်ဆင့် ကွမ်းခြံကုန်းမြို့သို့ ရောက်ပေမည်။

ကျွန်မတို့အုပ်စုသည် ဆွေမျိုးများက ဖိတ်ခေါ်သဖြင့် အင်္ဂမှမှတစ်ဆင့် ကွမ်းခြံကုန်းမြို့သို့ သွားရောက်ခဲ့ပါသည်။ ထိုမှဆက်၍ အလှူပွဲပြုလုပ်ရမည့် ပိန္နဲကုန်းရွာသို့ ရောက်ခဲ့ပါသည်။

ထိုစဉ်က ကျွန်မသည် အထက်တန်းကျောင်းသူဘဝဖြစ်ပြီး ကျွန်မ၏တစ်သက်တာအတွက် ညအိပ်သွားရမည့်ခရီးမှာ ဤနေရာသည် ပထမဦးဆုံးခရီးစဉ်ဖြစ်ပါသည်။ ထိုနေရာတွင် ထူးခြားဆန်းကြယ်သည့်ဖြစ်ရပ်များ ရှိသည်ဟုဆိုသဖြင့် စိတ်ဝင်စားခဲ့ရသောနေရာပင် ဖြစ်ပါသည်။ ပိန္နဲကုန်းရွာသို့ ကျွန်မတို့အုပ်စု ရောက်သွားသဖြင့် အမျိုးများက အားရဝမ်းသာ ကြိုဆိုခဲ့ကြပါသည်။

'မခင်စိန်တို့ ရောက်လာကြပြီ၊ လာကြ… လာကြ'

ကျွန်မ၏ အဒေါ် ဒေါ်ခင်စိန်မှာ ဘကြီးဦးလူမောင်၏ နှမဝမ်းကွဲ တော်စပ်ပါသည်။

ကျွန်မတို့ရောက်လာသည့်အတွက် ဘကြီးဦးလူမောင်မှာ ဝမ်းသာအားရ ကြိုဆိုခဲ့ပါသည်။ တွံတေးတောကြီးတန်းကား ရေခံမြေခံကောင်းသည့်အတွက် အသီးအနှံ လွန်စွာပေါပါသည်။ ဘကြီးသည် ကျွန်မတို့အုပ်စုအား စားစရာများချကျွေးပြီး ဧည့်ခံပါသည်။

'ငါ့ညီမတို့လာမယ်ဆိုလို့ အစ်ကိုတို့မိသားစုက မျှော်နေတာ'

'မျှော်မနေနဲ့ အစ်ကိုရေ၊ အိမ်က ကလေးတွေက ဒီတောကြီးတန်းဆိုရင် အလွန်လာချင်တာ၊ တစ်နှစ်တစ်ခေါက်တော့ ရောက်လာမှာ၊ မပူနဲ့ အစ်ကိုရေ'

'အေးပါ… ငါ့ညီမတို့လာတာ အစ်ကိုလည်း အရမ်းဝမ်းသာပါတယ်၊ ကဲ… ရောက်တုန်း ထမင်းဟင်းကောင်းကောင်းချက်ကျွေးမယ်'

ဤနေရာသည် လယ်ကွင်းများရှိပြီး စပါးစိုက်ကြသည့်အတွက် ဆန်ကောင်းကောင်းရရှိပါသည်။ ဘကြီးတို့အိမ်မှချက်သော ထမင်း၏ရနံ့မှာ သင်းပျံ့ပျံ့ရှိလှပြီး အနံ့ကိုရရုံဖြင့် ထမင်းစားချင်သည့် စိတ်များဖြစ်ပေါ်လာပါသည်။ မကြာမီ ကြက်သားချက်သည့်ဟင်းနံ့မှာလည်း မွှေးပျံ့လာပါသည်။ ဘကြီးတို့ကျွေးသည့် ထမင်းဝိုင်းကလေးမှာ ကြက်သားကာလသားချက်ဟင်း၊ ဘူးသီးဟင်းချို၊ ငါးပိရည်နှင့် သရက်သီးတို့စရာ အစုံအလင်ပါပါသည်။

စေတနာကလည်း ကောင်း၊ လက်ရာကလည်း ကောင်းသည့်အတွက် နတ်သုဒ္ဓါအလား လွန်စွာထမင်းမြိန်ခဲ့ပါသည်။

'အငယ်လေး ထည့်စားနော် အားမနာနဲ့၊ ဘကြီးတို့နဲ့ သမီးတို့ အဒေါ်နဲ့ သွေးမျိုးအရင်းကြီး'

'ဟုတ်ကဲ့ ဘကြီး'

ဟင်းချိုပူပူကို မှုတ်သောက်ရင်း လွန်စွာစား၍ကောင်းသဖြင့် ထမင်းနှစ်ပန်းကန်ကုန်အောင် စားခဲ့ပါသည်။

ထို့နောက် လူကြီးများက လက်ဖက်ရည်နှင့် ရေနွေးကြမ်းဝိုင်း၊ ကျွန်မတို့လူငယ်များက ပင်မှည့်ပိန္နဲသီးဝိုင်း။ ခြံထွက်ပျားရည်ဆမ်း ပိန္နဲမျိုးဖြစ်၍ လွန်စွာချိုပြီး အလွန်စား၍ကောင်းပါသည်။

'တူမ စားနော်၊ ဝအောင်စား'

'ဟုတ်ကဲ့ ဘကြီး'

စားစရာများ များလွန်း၍ အလွန်အရသာရှိသော ပိန္နဲသီးကို ပင် ကုန်အောင်မစားနိုင်တော့ပေ။

ထို့နောက် ညနေစောင်းအချိန်သို့ တိုင်ခဲ့ပါပြီ။ မြက်ဖျာကြီး ပေါ်ထိုင်ရင်း ဘကြီးဦးလူမောင်အား ဤတောကြီးတန်းနှင့်ပတ်သက် သည့်အကြောင်းများကို မေးမြန်းရာ တွံတေးမြို့အကြောင်း ရောက်ရှိ သွားခဲ့ပါသည်။

'ဟိုးအရင်တုန်းကတော့ ဒီနေရာကို ကွမ်းဒေးလို့ခေါ်တယ်'

'ကွမ်းဒေးဆိုတာ ဘယ်လူမျိုးရဲ့စကားလဲ'

'ကွမ်းဒေးဆိုတာ မွန်စကားပေါ့'

'မြန်မာလိုဆိုရင် တောင်ကုန်းရွာလို့ခေါ်သကွဲ့'

'ကွမ်းဒေးက ဘယ်လို တွံတေးဖြစ်လာတာလဲ'

'ကွမ်းဒေးကနေ တွမ်တေးရယ်လို့ ဖြစ်လာတယ်၊ အဲဒီကမှ ကာလရွေ့လျောပြီး တွံတေးရယ်လို့ ဖြစ်လာတယ်လို့ဆိုသကွဲ့'

'ဆက်ပြောပါဦး ဘကြီး'

'အေး… ဒီနေရာဟာ ရှေးပဝေသဏီကတည်းက ရှိခဲ့တဲ့ အရပ်ဆိုတော့ စိတ်ဝင်စားဖို့ကောင်းတဲ့ သမိုင်းကြောင်းတွေ အများကြီး ပေါ့'

'ဘကြီး… ဘကြီး ဟိုးအရင်တုန်းက ဒီနေရာမှာ ကြခတ်ဝါးရုံမင်းသမီးရှိတယ်ဆို၊ အဲဒီအကြောင်း ပြောပြပါဦး'

'အေး… အေး … ငါ့တူမက ကြခတ်ဝါးရုံမင်းသမီး အကြောင်း သိချင်တာလား'

'ဟုတ်ကဲ့ ဘကြီး'

'အေး… အေး… ပြောပြမယ် နားထောင်၊ ကြခတ်ဝါးရုံ မင်းသမီးဟာ တခြားဟုတ်ရိုးလားကွဲ့၊ သံလျင်ရာဇဝင်မှာ လူသိများတဲ့ ရှင်မွေးလွန်းရဲ့ မယ်တော်ပဲကွဲ့'

'ဩော်… ရှင်မွေးလွန်းရဲ့ မယ်တော်လား'

'တကယ်တော့ ကြခတ်ဝါးရုံမင်းသမီးဟာလည်း အချစ်ရေး အိမ်ထောင်ရေးမှာ ကံဆိုးခဲ့ရှာသူပေါ့'

'ဟိုးရှေးရှေးတုန်းကပေါ့ကွယ်၊ ဒီတောကြီးတန်းမှာ စစ်ရှုံးတဲ့ဘုရင်ကြီးရဲ့သားတော်ဟာ ပုန်းအောင်းနေရပြီး မူလဇာတိရုပ်ကို ဖျောက်ကာ တောတွင်းသားအသွင်နဲ့ နေခဲ့ရသတဲ့၊ သူ့နာမည်က မောင်ဒီတဲ့။ တောတွင်းသားကလေး မောင်ဒီပေါ့။

'တစ်နေ့သောအခါမှာ သထုံဘုရင်ကြီးဟာ ခေါင်းကိုက်တဲ့ ဝေဒနာကို ပြင်းပြစွာခံစားနေရတဲ့အတွက် ဒီဝေဒနာကို ပျောက်ကင်းအောင် ကုသနိုင်သူကို သမီးတော်နဲ့ ပေးစားမယ်လို့ ကြေညာထားသတဲ့။

'အဲဒီအချိန်မှာ တောတွင်းသားကလေး မောင်ဒီဟာ မြစ်ထဲက ငါးတစ်ကောင်ကိုဖမ်းမိပြီး အဲဒီငါးကိုကင်ပြီး ဘုရင်ကြီးကို ဆက်သလိုက်တယ်၊ ဘုရင်ကြီးလည်း အဲဒီငါးကင်ကိုစားပြီးတာနဲ့ ခေါင်းကိုက်ဝေဒနာ ပျောက်ကင်းသွားခဲ့တယ်။

'ဒါနဲ့ တောတွင်းသားလေးကျေးဇူးကြောင့် ငါ ခေါင်းကိုက်ပျောက်သွားပြီ၊ ငါ့ရဲ့ကတိအတိုင်း သမီးတော်နဲ့ပေးစားမယ်ဆိုပြီး ရွှေယမင်းရုပ်ကလေးလိုလှတဲ့ သုဝဏ္ဏဒေဝီ မင်းသမီးကလေးကို ရွှေငွေရတနာအမြောက်အမြားနဲ့အတူ ပညာရှိအမတ်ကြီးများ၊ စစ်တပ်များ၊

ခြံရုံပြီး အဲဒီ တောကြီးအတွင်းကို ပို့ဆောင်လိုက်တယ်'

'မင်းသမီးကလေးကလည်း ဖခမည်းတော် ဝေဒနာပျောက်သွားတဲ့အတွက် ကျေးဇူးရှင် တောတွင်းသားကလေးကို လိုက်လံရှာဖွေခဲ့ပါတယ်။ စစ်သည်ဗိုလ်ပါအလုံးအရင်းနဲ့ လာတဲ့အတွက် တောတွင်းသားကလေးဟာ ကြောက်လန့်ပြီး ထွက်ပြေးသွားပေါ့'

'ဘကြီး ဆက်ပြောပါဦး'

'မင်းသမီးကလေးကလည်း တောတွင်းသားကလေးကို ရှာဖွေတွေ့ရှိတဲ့အခါမှာ အကျိုးအကြောင်းပြောပြပြီး သူမကို ချစ်ခင်နှစ်သက်ဖို့ပြောပြခဲ့တယ်။ တောတွင်းသားကလေးကတော့ မင်းသမီးကို ဘယ်ယူရဲမလဲ၊ မင်းသမီးက သူ့ကိုယူပါလို့ပြောတော့ မောင်ဒီဟာ ထွက်ပြေးပြန်တယ်၊ အဲဒီလိုပြေးရင်း မင်းသမီးနဲ့ လက်ချင်းထိခိုက်မိတယ်တဲ့၊ လက်ချင်းထိခိုက်မိတဲ့နေရာကို 'လက်ခိုက်'လို့ နောင်သောအခါ အမည်တွင်ခဲ့တယ်။

'မင်းသမီးက 'ကြိုက်ပါ'လို့ပြောတော့ မောင်ဒီက 'ကြိုက်ဘူး'လို့ ပြောခဲ့တယ်။ အဲဒီနေရာမှာတော့ 'ကျိုက်ဖူး ကျိုက်ပါ'စေတီတည်ထားခဲ့တယ်လို့ ရှေးလူကြီးများပြောတာ မှတ်သားခဲ့ရတယ်'

'ဪ… ဒီတောတွင်းသားကလေးကလည်း ယူလိုက်ရောပေါ့'

ကျွန်မက မချင့်မရဲဖြစ်ကာ ဤသို့ပြောမိပါသည်။

'မောင်ဒီကို ဘုရင်လုပ်စေချင်လို့ မင်းမြောက်တန်ဆာငါးပါးကို ရွှေဖလားကြီးထဲထည့်ပြီး နောက်ကလိုက်လာတဲ့အခါ မောလွန်းလို့ ရွှေဖလားကြီးကို ခေတ္တထားခဲ့တဲ့နေရာကို ရှေးယခင်က 'ဖလားကြီး

ရွာ'လို့ခေါ်တယ်၊ နောက်တော့ ရေးတော့အမှန် ဖတ်တော့အသံဆိုသလို ရွာသူရွာသားများရဲ့ အခေါ်အရ 'ဖလကြီးရွာ'လို့ ခေါ်တယ်။ အခုတော့ ဘုရားကြီးရွာပေါ့'

'ဖလကြီးရွာဆိုလို့ ပြောရဦးမယ်၊ အဲဒီရွာမှာ ထူးခြားချက်တွေ အများကြီးပဲရှိတယ်၊ ဖလကြီးရွာ ဘုန်းတော်ကြီးဟာ ဘကြီးတို့ အမျိုးပေါ့။ လူနာမည်က မောင်ဖိုးခင်ပေါ့ကွယ်၊ အမျိုးရင်းတဲ့လူတွေကတော့ ဦးဇင်းဖိုးခင်လို့ခေါ်တယ်။ အဲဒီဘုန်းတော်ကြီးရဲ့ ငယ်စဉ်ဘဝ အကြောင်းက တကယ့်ဖြစ်ရပ်ဆန်းကြယ်ပဲ'

'ဒါဆို အဲဒီ ဖလကြီးကို သွားချင်တယ်၊ ဘကြီး လိုက်ပို့မှာလား'

'လိုက်ပို့မှာပေါ့ကွဲ့၊ ဒါ့အပြင် ပိန္နဲကုန်းဘုန်းကြီးကျောင်းမှာ ပေါ်တော်မူစိန်ဘုရားတစ်ဆူလည်း ရှိသေးတယ်။ အဲဒီစိန်ဘုရား အကြောင်းဟာလည်း ထူးခြားမှုအပြည့်ရှိတယ်၊ ဘုန်းကြီးနဲ့တွေ့မှ မေးကြည့်ပေါ့'

'ဟုတ်ကဲ့ ဘကြီး၊ ဒါနဲ့ မောင်ဒီအကြောင်း ဆက်ပြောပါဦး'

'ရှေးလူကြီးတွေ ပြောတာကတော့ မောင်ဒီကိုဖမ်းမိပြီး မင်းမြောက်တန်ဆာငါးပါးနဲ့ ဦးခေါင်းမှာ ဖောင်းတော်ကို ဝတ်ဆင်ပေးလိုက်သတဲ့။ ဒါပေမဲ့ မောင်ဒီဟာ လူလစ်တာနဲ့ ထွက်ပြေးသွားလိုက်တာ တောတွင်းတစ်နေရာမှာ ဖောင်းတော်ကျွတ်ကျသွားခဲ့တယ်။ အဲဒီနေရာကို ဖောင်းတော်ကျွတ်လို့ခေါ်ခဲ့တယ်။ ကာလရွေ့လျောသွားတော့ ဖောင်းတော်ချုပ်ဖြစ်လာခဲ့တယ်'တဲ့။

'ဩော်··· ဆက်ပြောပါဦး'

မောင်ဒီဟာ ပြေးရင်းလွှားရင်းနဲ့ ကညင်ပင်ကြီးနားရောက်လာတော့ အဲဒီကညင်ပင်ကြီးပေါ်မှာ တက်ပုန်းသတဲ့။ ဒါနဲ့ မင်းသမီးကလေးကလည်း မောင်တော် နှမတော်ကိုသိမ်းပိုက်ဖို့ ဆင်းခဲ့ပါလို့ ပြောလို့ မောင်ဒီဟာ ငုံ့ကြည့်လိုက်တော့ ကညင်ပင်ကြီးကို ဝန်းရံထားတဲ့ စစ်သည်တော်တွေကိုတွေ့ပြီး ကြောက်လန့်ပြီး သစ်ပင်အဖျားကို တက်ပုန်းတာ လိမ့်ကျပြီး သေဆုံးသွားခဲ့တယ်တဲ့'

'ဟောတွင်းသားလေး မောင်ဒီ သနားပါတယ်၊ အဲဒီတော့ မင်းသမီးလေးက ပြန်သွားခဲ့သလား ဘကြီး'

'မင်းသမီးက မပြန်ရှာပါဘူး၊ မောင်ဒီရဲ့အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ပေးခဲ့တယ်။ ခမည်းတော်စီမံပြီး ပေးစားတဲ့ ယောကျာ်းဖြစ်လို့ သူမရဲ့ယောကျာ်း သေတဲ့နေရာမှာပဲ နေတော့မယ်ဆိုပြီး အဲဒီနေရာမှာ နေခဲ့တယ်။ မြို့ရိုးအဖြစ် ကြခတ်ဝါးပင်တွေကို ခုနစ်ထပ်ကာရံထားတယ်။ ကြခတ်ဝါးတွေ ကာရံထားတဲ့မြို့ဖြစ်လို့ ကြခတ်ဝါးမြို့လို့ အမည်တွင်ခဲ့တယ်'

'မင်းသမီးလေးကို ဘယ်လိုအမည်ထပ်ပေးသလဲ ဘကြီး'

'မင်းသမီးကလေးကိုတော့ ကြခတ်ဝါးရံမင်းသမီးလို့ အမည်ပေးခဲ့တာပေါ့၊ မင်းသမီးက အပျိုမုဆိုးမဘဝနဲ့ ဒီမြို့မှာ နှစ်ပေါင်းတော်တော်ကြာအောင် အုပ်ချုပ်ခဲ့တယ်'

'ဘကြီး ဒီမင်းသမီးကလေးက ဘယ်လိုကြောင့် ရှင်မွေးလွန်းရဲ့မယ်တော် ဖြစ်သွားရတာလဲ'

'စိတ်စောနေကြော တူမရယ်၊ ဘကြီးပြောပြမှာပေါ့'

'ဟုတ်ကဲ့'

'တစ်နေ့မှာ သံလျင်ကျွန်းမှာ နန်းစံနေတဲ့ သီဟဒီပအမည်ရတဲ့ ဘောဂသေနမင်းဟာ ကြခတ်ဝါးရုံမင်းသမီးရဲ့ သတင်းစကားကို ကြားသိလာခဲ့ပါတယ်။ မင်းသမီးကလေးဟာ အလွန်လှပပြီး အလွန်ချမ်းသာတဲ့အကြောင်းသိတာနဲ့ မင်းသမီးကလေးကို သိမ်းပိုက်ဖို့ အဲဒီမြို့ကို ဝိုင်းရံထားခဲ့တယ်။ ဒါပေမဲ့ ကြခတ်ဝါးရုံတွေနဲ့ ခုနစ်ထပ်ကာထားတဲ့အတွက် အဲဒီမြို့ရိုးကို ဘယ်လိုမှမထိုးဖောက်နိုင်ဘူးဖြစ်နေတယ်'

'ဒါနဲ့ အဲဒီဘုရင်က ဘယ်လိုတိုက်လိုက်သလဲ ဘကြီး'

'ရွှေပေါက်ပေါက် ငွေပေါက်ပေါက်တွေလုပ်ပြီး မြို့စောင့်နတ်ကို ပူဇော်ပသတဲ့အနေနဲ့ အရပ်ရှစ်မျက်နှာမှာ ကြဲမြောက်ပူဇော်သတဲ့။ ရွှေတွေငွေတွေဟာ အလွန်ထူထပ်တဲ့ ကြခတ်ဝါးစည်းရိုးတွေထဲရောက်တော့ မြို့သူမြို့သားတွေကလည်း ရွှေငွေရလိုဇောနဲ့ ကြခတ်ဝါးတွေကို ခုတ်ထွင်ရှင်းလင်းပြီး ရွှေငွေတွေကို ကောက်တဲ့အတွက် ခြံစည်းရိုးပေါက်ကုန်ပြီး ဘောဂသေနမင်းရဲ့တပ်တွေဟာ မြို့ထဲကို အလွယ်တကူ ဝင်ရောက်သိမ်းပိုက်နိုင်တာပေါ့ကွယ်'

'ဒါနဲ့ မင်းသမီးကို ဖမ်းသွားရောလား'

'မြို့ထဲကိုသာ ဝင်နိုင်တာ၊ မင်းသမီးကို ရှာမတွေ့ဘဲ ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းသမီးဟာ နန်းဦးကင်ဘုရားရှစ်ဆူရဲ့ ဥမင်ထဲမှာ ဝင်ပုန်းနေတယ်တဲ့။ အမှတ်တမဲ့ကြည့်လိုက်ရင် ဘယ်ဟာက မင်းသမီး ဘယ်ဟာက ရုပ်ထုလို့တောင် မခွဲခြားနိုင်ဘူးတဲ့။ အဲဒီမှာတင် ဘောဂသေနမင်းကြီးကို သူ့အိုလင်မယားက အကြံပေးတာနဲ့ အရုပ်တွေကို အပ်နဲ့ထိုးကြည့်တော့မှ မင်းသမီးအစစ်ကို ရှာဖွေ

တွေ့ရှိသွားတယ်'

'ဒါနဲ့ မင်းသမီးကလေးကို ဖမ်းသွားရောလား'

'ဘောဂသနမင်းကြီးဟာ မင်းသမီးကို တွေ့တယ်ဆိုရင်ပဲ အလွန်ချောမောလှပတဲ့အတွက် ချစ်မြတ်နိုးတော်မူလို့ မိဖုရားကြီးအရာ ချီးမြှောက်ပြီး သံလျင်မြို့မှာ စံနေတော်မူတယ်'

'ဩော်… ဒီကနေ့ သံလျင်ကို ရောက်သွားတာပေါ့နော်'

'ဟုတ်တယ် တူမရဲ့၊ မိဖုရားကြီးဟာ အိမ်ထောင်ရေးအရာမှာ ကံဆိုးရှာပါတယ်။ ပထမ တောတွင်းသားကလေး မောင်ဒီနဲ့ မပေါင်း လိုက်ရပေမယ့်လည်း ဖခမည်းတော်ရဲ့ အမိန့်အတိုင်း နာခံခဲ့သူမို့ အပျို မုဆိုးမဘဝကို ရောက်ခဲ့ရတယ်။ နောက်ထပ်မံပြီး ဘောဂသေနမင်းနဲ့ လက်ဆက်တဲ့အခါမှာ ပဋိသန္ဓေကိုယ်ဝန် လစေ့ပေမယ့် မီးမဖွားနိုင်ဘဲ အနိစ္စရောက်ခဲ့ရပြန်တယ်။ ဒါပေမဲ့ မိဖုရားကြီးအလောင်းကို မီးသဂြိုဟ် တဲ့အခါမှာ ထူးဆန်းတဲ့အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့တယ်'

'ဘယ်လိုထူးခြားတာလဲ ဘကြီးရဲ့'

'မိဖုရားကြီးအလောင်းကို မီးရှို့တဲ့အခါမှာ ပထမတော့ မီးမစွဲ ဘူးတဲ့ကွယ်၊ ဒါနဲ့ ဘုရင့်တပ်သားတွေဟာ မီးအများကြီးရှို့လိုက်တယ်၊ အဲဒီအခါမှာ မိဖုရားကြီးရဲ့ဝမ်းဗိုက်ဟာ ပေါက်ကွဲသွားပြီး ကလေး လေးတစ်ယောက် လွင့်စင်ပြီး ထွက်ကျလာတယ်။ ကလေးလေး ထွက် သွားမှပဲ အလောင်းကို မီးစွဲလောင်ကျွမ်းသွားခဲ့တယ်'

'အဲဒီကလေးလေးက အသက်ရှင်တုန်းပဲလား'

'မှန်တာပေါ့ တူမရယ်၊ အဲဒီကလေးလေးကို ကောက်ယူကြည့် လိုက်တော့ အသက်ရှင်ရက်ရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့

လိုက်ရတယ်။ သမီးတော်ကလေးပေါ့ကွယ်၊ သမီးတော်ကလေးဟာ အသက်ရှင်ရက်ရှိပေမယ့် သချိုင်းမှာဖွားတဲ့ကလေးမို့ နန်းတော်ထဲကို ပြန်မခေါ်ဘဲ အဲဒီမြို့ပြင်မှာပဲ တပင်တိုင်နန်းနဲ့ စောင့်ရှောက်ထားခဲ့တယ်။ အဲဒီကလေးကို မွန်ဘာသာနဲ့ ဗိုနန်းလို့ အမည်ပေးခဲ့တယ်။ ဗိုနန်းက မွေ့နန်းဖြစ်လာခဲ့တယ်။ ဒါပေမဲ့ ကာလရွေ့လျောလာတာနဲ့ အမျှ မွေ့နန်းကနေ ရှင်မွေးလွန်းဖြစ်လာခဲ့တယ်။ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာ မင်းသားကလေးဇာတ်လမ်းကတော့ အားလုံးသိတဲ့အတိုင်း ကြေကွဲဝမ်းနည်းဖွယ် ပုံပြင်တစ်ပုဒ်ပေါ့ကွယ်'

'ဒါဆိုရင် တွံတေးကစတဲ့ ဇာတ်လမ်း၊ သံလျင်မှာ ဆုံးသွားတာပေါ့နော်'

'ဟုတ်တာပေါ့ကွယ်'

'ဘကြီး နောက်နေ့ကျရင် စိန်ဘုရားကို လိုက်ပို့ပေးဦးနော်'

'အေး… အေး… မနက်ကျရင် စိန်ဘုရားကို လိုက်ပို့ပေးမယ်'

နောက်တစ်နေ့တွင် စိန်ဘုရားရှိရာ ဘုန်းတော်ကြီးကျောင်းသို့ ဘကြီးက လိုက်ပို့ပေးပါသည်။

'ဒကာမကြီးဒေါ်ခင်စိန်တို့ပါလား'

'တင်ပါ့ဘုရား'

'အလည်လာကြတယ်ထင်ပါ့'

'တင်ပါ့ဘုရား… အစ်ကိုဆီ လာလည်တာပါ ဘုရား'

ကျွန်မတို့အုပ်စုသည် ဘုန်းတော်ကြီးအား ဦးချကန်တော့ကာ ပါလာသည့် လှူဖွယ်ပစ္စည်းများကို ကပ်လှူခဲ့ပါသည်။

"အိမ်း… သာခုကွယ်… သာခု… သာခု ဒေါ်ခင်စိန်တို့ အုပ်စု ရောက်တုန်းရောက်ခိုက် စိန်ဘုရားဖူးသွားပါဦးလား"

"တင်ပါ့ဘုရား"

ဆရာတော်သည် သော့အထပ်ထပ်ခတ်ကာ သိမ်းထားသော စိန်ဘုရားကိုထုတ်ယူကာ ဘုရားစင်တွင် တင်ထားပေးလိုက်ပါသည်။

စိန်ရောင်တဖျပ်ဖျပ် တောက်ပနေသည့် သပ္ပာယ်လှသည့် စိန်ဘုရားကို ကျွန်မတို့အုပ်စု ဖူးမြော်ခဲ့ကြပါသည်။ ဆရာတော်မှ ဆက်လက်မိန့်ကြားခဲ့ပါသည်။

"ဒီဘုရားဟာ မြေကြီးထဲကရတဲ့ ပေါ်တော်မူဘုရားတစ်ဆူဖြစ်ပြီး အင်မတန်ဆုတောင်းပြည့်တယ်၊ လိုရာဆုတောင်းကြပါ"

ကျွန်မတို့အုပ်စုလည်း လိုရာအဖြာဖြာကို တောင်းဆုပြုခဲ့ကြပါသည်။ ဤတွင် ကျွန်မမှ-

"ဆရာတော်ဘုရား စိန်ဘုရားရဲ့ ရာဇဝင်ကြောင်းလေးကို မိန့်တော်မူပါဘုရား"

"အိမ်း… ဒီဘုရားရဲ့ရာဇဝင်ကို အတိုချုံးပြောရမယ်ဆိုရင် ကုလားတစ်ယောက်ဟာ တစ်နေ့မှာ အိပ်မက်မက်တယ်။ သစ်ပင်ကြီးအောက်မှာ သွားတူးပါလို့ အသံကြားရတယ်၊ ဒါနဲ့ အဲဒီကုလားဟာ အိပ်မက်အရ သွားတူးတော့ ဖန်လိုကြည်လင်ပြီး အရောင်တဖျပ်ဖျပ် တောက်ပနေတဲ့ ဘုရားတစ်ဆူကို ရရှိခဲ့တယ်။ တူးရှင်းနဲ့ထိခိုက်မိတာကြောင့် သင်းကျစ်တော်များမှာ နည်းနည်းကလေး ထိမိတဲ့အရာကလေး ရှိတယ်။ ကုလားကလည်း တဖျပ်ဖျပ်တောက်နေတဲ့ဘုရားကိုယူပြီး နားလည်တဲ့လူတွေကိုပြကြည့်တော့ စိန်ဘုရားမှန်း သိသွားတယ်။

ကုလားကလည်း စိန်ဘုရားကိုရောင်းရင် ငွေအများကြီးရမယ်လို့သိတော့ လိုက်ရောင်းပေမယ့် ဘယ်သူကမှ မဝယ်ရဲဘူး။ ဒါနဲ့ ဆရာတော်ကပဲ ဒီစိန်ဘုရားကို အခုလို စောင့်ရှောက်ထားခဲ့ရတယ်။ ဒီလိုနဲ့ ဆရာတော်ဆီမှာ စိန်ဘုရားရှိမှန်း မသမာသူလူတစ်စုက သိသွားလို့ ညအခါမှာလာပြီး ဓားပြတိုက်ခဲ့ကြတယ်။ ဆရာတော်ကို ကြိုးနဲ့အထပ်ထပ်တုတ်ပြီး စိန်ဘုရားရဲ့သော့ကို တောင်းခဲ့တယ်။ ဆရာတော်ကလည်း မတတ်သာတော့ သော့ထုတ်ပေးလိုက်ရတယ်။ လူဆိုးတွေဟာ စိန်ဘုရားထည့်ထားတဲ့ သေတ္တာကြီးရဲ့သော့ကိုဖွင့်ပေမယ့် ဘယ်လိုမှ ဖွင့်လို့ မရဘူး၊ တဖြည်းဖြည်း မိုးလင်းလာလို့ လက်လျှော့သွားခဲ့ရတယ်'

'တင်ပါ့ဘုရား'

'စိန်ဘုရားရဲ့ ထူးခြားချက်တွေကတော့ အများကြီးပဲ၊ စိန်ဘုရားကို ဖန်အုပ်ဆောင်းနဲ့ အုပ်လို့မရဘူး၊ အုပ်လိုက်တာနဲ့တစ်ပြိုင်နက် ဖန်တွေဟာ တဖျစ်ဖျစ်မြည်လာပြီး အက်ကွဲကြွေကျသွားတယ်၊ ဒီဘုရားကိုလည်း ဖူးခွင့်ကြုံမှ ဖူးရတယ်၊ မကောင်းတဲ့စိတ်နဲ့ ပြစ်မှားရင် သော့တောင်ဖွင့်လို့မရဘူးကွဲ့'

ကျွန်မတို့အုပ်စုလည်း ထူးခြားမှုအဖုံဖုံနှင့် အိပ်မက်အရ ပေါ်ပေါက်လာသော သပ္ပာယ်လှသည့် စိန်ဘုရားကို ရိုသေစွာဖူးမြော်ပြီး ဘကြီးအိမ်သို့ ပြန်လာခဲ့ပါတော့သည်။

နောက်တစ်နေ့တွင် ထူးခြားသောဖြစ်ရပ်နှင့် တွေ့ကြုံခဲ့သည့် ဘုရားကြီးဆရာတော် ဦးပဥ္စင်းဖိုးခင်ဆီသို့ သွားရောက်ခဲ့ပါသည်။

'အရှင်ဘုရားရဲ့ ငယ်စဉ်ကအကြောင်းဟာ အလွန်ထူးခြား

တယ်လို့ တစ်စွန်းတစ်စ ကြားသိရပါတယ်၊ အဲဒီဖြစ်စဉ်ကလေးကို ပြောပြပါဘုရား'

ကျွန်မ၏အမေးဖြစ်သူမှ ဆရာတော်အား ဤသို့လျှောက်တင်ရာ-

'အိမ်း… ထူးခြားတယ်ဆိုလည်း ထူးခြားတယ်ပေါ့၊ တကယ်တော့ 'သေကံမရောက်သက်မပျောက်' ဆိုတဲ့စကားဟာ အလွန်မှန်တယ်ကွဲ့၊ ဆရာတော်ဖြစ်မယ့်ဇာတာပါလာလို့လားမသိဘူး၊ ဒီလောက်အဝေးကြီး လှေမျောသွားပြီး လှိုင်းလေထန်ပေမယ့် လှေမှောက်မသေဘူး၊ ဒါကြောင့် ကိုရင်ဝတ်ကတည်းက မထွက်တော့ဘဲ ရဟန်းဆက်ဝတ်ခဲ့တယ်'

ထိုသို့အစချီကာ ပြောပြခဲ့ပါသည်။

☆ ☆ ☆

ညို့ညို့မှိုင်းမှိုင်း အုံ့ဆိုင်းနေသော တောကြီးတန်းကြီးတွင် ရွာပေါင်းများစွာဖြင့် ရွာတန်းရှည်ကဲ့သို့ တည်ရှိခဲ့ပါသည်။ ထိုရွာများအနက် ဘုရားကြီးရွာတွင် ကိုစံမြင့်နှင့် မငြိမ်းခင်တို့ ဇနီးမောင်နှံနှစ်ဦးမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြပါသည်။

တစ်နေ့သောအခါ မိုးဦးကျခါနီးဖြစ်၍ လယ်ယာအတွက် အသုံးပြုရန် ပစ္စည်းများလိုအပ်နေပါသည်။

'မငြိမ်းရေ တို့လယ်မှာအသုံးပြုမယ့်ပစ္စည်းတွေနဲ့ စားဖို့သောက်ဖို့ လိုအပ်တာလေးတွေဝယ်ဖို့ ရန်ကုန်သွားဝယ်ရင်ကောင်း

မယ်၊ ခြံထွက်ပစ္စည်းလေးလည်း ရောင်းရင်းပေါ့'

'ကောင်းသားပဲ ကိုစံမြင့်ရဲ့၊ ဘယ်နေ့သွားမတုန်း'

'မနက်ဖြန်ပဲသွားကြတာပေါ့'

'ကောင်းပြီလေ… မနက်စောစော လှေနဲ့သွားကြတာပေါ့'

ထိုစဉ်က တောကြီးတန်းရှိ ရွာမှလူများသည် ရန်ကုန် ကြည့်မြင်တိုင် ကန့်နားဈေးကြီးသို့ လှေဖြင့်ပစ္စည်းလာဝယ်ကြပါသည်။ ရောင်းစရာခြံထွက်ပစ္စည်းပါပါက ဤဈေးကြီး၌ ရောင်းကြပါသည်။ တောကြီးတန်းသည် သစ်သီးဝလံ ပေါများသဖြင့် ငှက်ပျောသီး၊ အုန်းသီး၊ ပိန္နဲသီးများ လွန်စွာပေါများစွာဖြစ်ထွန်းရကား ထိုပစ္စည်းများကို ရန်ကုန်သို့ သယ်ယူရောင်းချခဲ့ကြပါသည်။

ယခုလည်း ကိုစံမြင့်တို့ဇနီးမောင်နှံမှာ ခြံထွက်ပစ္စည်းများဖြစ်ကြသည့် အုန်းသီး၊ ငှက်ပျောသီးများကို လှေပေါ်တင်ကာ ၄င်းတို့မိသားစု ရန်ကုန်သို့ လာခဲ့ကြပါသည်။ ၄င်းတို့မိသားစုတွင် (၅)နှစ်သားအရွယ် မောင်ဖိုးခင်ကလေးဟူသည့် သားကလေးတစ်ယောက်ရှိရာ ၄င်းတို့ဇနီးမောင်နှံနှင့်အတူ မောင်ဖိုးခင်ကလေးလည်း ပါလာပါသည်။

မိဘနှစ်ပါးက လှေလှော်လာခဲ့ရာ သားကလေးမှာ အုန်းသီးပုံထဲတွင် အိပ်ပျော်ရင်း ပါလာခဲ့ပါသည်။ ထိုသို့ဖြင့် လှေလှော်လာရင်း တဖြည်းဖြည်း လှိုင်မြစ်အတွင်းသို့ ရောက်ရှိလာခဲ့ပါသည်။

ထိုသို့ လှေဖြင့်လှော်သွားစဉ် လှိုင်မြစ်အတွင်း၌ အလွန်ရှည်လျားသော ကြီးကြီးသဖွယ် လှေရှေ့ခပ်လှမ်းလှမ်းတွင် ကန့်လန့်ခံနေသည်ကို မြင်တွေ့လိုက်ရပါသည်။

"မယ်ငြိမ်းရေ… ရှေ့မှာ ဘာကြီးလဲ"

"ရှည်မျောမျောနဲ့ ဘာကြီးလဲမသိဘူး၊ အနားတိုးပြီး လှော်ကြည့်မှသိမှာပဲ"

ထိုသို့ပြောဆိုကာ အနားတိုးပြီး လှေကိုလှော်သွားရာ ဝါးနှစ်ရိုက်လောက်အကွာအဝေးသို့အရောက်တွင် ဤရှည်မျောမျောအရာကြီးကို ကောင်းစွာမြင်တွေ့လိုက်ရပါသည်။

ဤသည်ကား-

"အမယ်လေး… မြွေအရှည်ကြီးပဲ"

"အေးကွာ… နည်းတဲ့ကောင်ကြီးမဟုတ်ဘူး"

မြွေကြီး၏အရှည်မှာ (၁၅)ပေခန့်ရှိမည်ဟု ထင်ရပါသည်။ မြစ်အတွင်း ကူးခတ်ခြင်းမရှိဘဲ ငြိမ်နေကာ လှိုင်းစီးသကဲ့သို့ နိမ့်လိုက်မြင့်လိုက်ဖြစ်နေပါသည်။

"မယ်ငြိမ်းရေ… မြွေကြီး ကန့်လန့်ခံနေတာ နိမိတ်မကောင်းဘူး"

"အို… ကိုစံမြင့်ကလည်း အယူမသည်းစမ်းပါနဲ့၊ ကုန်းပေါ်သွားလည်း မြွေနဲ့တွေ့ရင် တွေ့မှာပဲ၊ ရေထဲသွားလည်း တွေ့ရင်တွေ့တာပဲ။ အစွဲအလမ်းမကြီးပါနဲ့"

"မြွေကြီးက ကန့်လန့်ခံပြီး နေပူစာလှုံနေပုံရတယ်၊ ဒီတော့ လှိုင်မြစ်ကို ဖြတ်ကူးရမယ့်အတူတူ ဒီမြွေကြီးကို ကွေ့ပြီးရှောင်သွားမှပဲ"

ကိုစံမြင့်နှင့် မငြိမ်းခင်တို့လည်း ထိုမြွေကြီးကို အနှောင့်အယှက်မပေးတော့ဘဲ ထိုနေရာမှရှောင်ကွင်းကာ လှော်ခတ်ခဲ့ကြပါ

သည်။ ဤတွင် လေတိုက်နှုန်းမှာ ပိုမိုမြန်လာပြီး လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာကာ မြွေကြီးကို လှိုင်းရိုက်ပါတော့သည်။ မြွေကြီးသည် လှိုင်းရိုက်သည့်ဒဏ်ကို ခံနိုင်ရည်ရှိပုံမပေါ်ပါ။ လှိုင်းလုံးကြီးများရိုက် ခတ်ခြင်းကြောင့် မကြာမီအတွင်း မြွေကြီးမှာ ရေထဲသို့ ငုပ်လျှိုးပျောက် ကွယ်သွားပါတော့သည်။

တဲစ်ခဏအကြာတွင် ကိုစံမြင့်မှာ လှေကိုကွေ့ဝိုက်လှော်ပြီး မြွေကြီးအား ပြန်ကြည့်ရာ မတွေ့ရတော့သဖြင့်-

'မယ်ငြိမ်းရေ… မြွေကြီးမရှိတော့ဘူး'

'ဟုတ်တယ်တော့… မြွေကြီးမရှိတော့ဘူး'

'မယ်ငြိမ်းရေ… ဒါဟာ တို့ကို တားတဲ့မြွေပဲ၊ သတိတော့ ထားမှပဲ'

'ဟုတ်ပါတယ် ကိုစံမြင့်ရယ်၊ ရေလမ်းဆိုတာ အန္တရာယ်ကြီး တယ်၊ ကျုပ်တို့ သတိထားမှဖြစ်မယ်'

ကိုစံမြင့်တို့ ဇနီးမောင်နှံနှစ်ဦးမှာ လှေကို သတိထားလှော် ခတ်ကာ လှိုင်မြစ်တစ်ဖက်ကမ်းသို့ ကူးလာခဲ့ပါသည်။ ထို့နောက် ဆက်လက်လှော်ခတ်လာခဲ့ရာ ကြည့်မြင်တိုင်ကန္နားဈေးကြီးအနီးရှိ တံတားဆီသို့ ရောက်ရှိလာခဲ့ပါသည်။ လှေဦးမှ ကြိုးဖြင့် တံတားတိုင် ကိုချည်ကာ ကုန်းပေါ်သို့လှမ်းတက်ခဲ့ပါသည်။ ကိုစံမြင့်လည်း ပါလာ သည့်ကုန်များကို ဈေးအတွင်းရှိ ဈေးဆိုင်များတွင် စပ်ကာ ဒုန်းသီး၊ ငှက်ပျောသီးများကို လှေပေါ်မှ အောက်သို့ချလိုက်ပါသည်။ ထိုမှတစ် ဆင့် ဈေးဆိုင်ဆီသို့ ပို့ပေးရပါသည်။

ကိုစံမြင့်တစ်ယောက်တည်း ထမ်းချနေရသဖြင့် မငြိမ်းခင်

ကလည်း ကူညီကာ ထိုပစ္စည်းများကို ဈေးအတွင်းရှိ ဆိုင်သို့ သွားပို့ပေးပါသည်။ ကိုစံမြင့်တို့ဇနီးမောင်နှံမှာ မိမိကုန်ပစ္စည်းများကို မြန်မြန်ပို့ပေးမှ ပိုက်ဆံရမည်ဖြစ်၍ ဇောဖြင့် ထိုပစ္စည်းများကို ဈေးဆိုင်သို့ မြန်မြန်ဆန်ဆန် ပို့ပေးခဲ့ပါသည်။ သားကလေးဖိုးခင်ကိုကား လှေဝမ်းထဲတွင် သိပ်ထားသဖြင့် စိတ်ချလက်ချ ပစ္စည်းသယ်နေခဲ့ပါသည်။

'ကဲ… အစ်မကြီးတို့ ပစ္စည်းတွေလည်း အကုန်ရောက်ပြီ၊ ဒီပိုက်ဆံဟာ ဒီကုန်ဖိုးအတွက်နော်၊ ရော… အားလုံးငွေချေပြီးသွားပြီ'

ဈေးသည်မှ ကျသင့်သောငွေ ချေပေးလိုက်ပါသည်။ ကိုစံမြင့်တို့ ဇနီးမောင်နှံမှာလည်း ငွေများရရှိသည့်အတွက် ပျော်ရွှင်သွားပြီး-

'ပိုက်ဆံတွေတော့ရပြီ၊ သားကလေးအတွက် ကစားစရာနဲ့ အဝတ်အစားတွေ ဝယ်ပေးရဦးမယ်'

'ဟုတ်တယ်… သားလေးအတွက် ဝယ်ပေးရဦးမယ် ကိုစံမြင့်ရေ၊ ကျုပ်သားကလေးကို သွားနှိုးဦးမယ်'

'အေး… အေး… ကလေးသွားခေါ်ခဲ့၊ ငါဒီကစောင့်နေမယ်'

မငြိမ်းခင်လည်း လှေဆိပ်သို့ အပြေးကလေးသွားခဲ့ပါသည်။ ၎င်း၏စိတ်ကူးတွင် သားကလေးနှင့်သင့်တော်သော အဝတ်အစားများ ဝယ်ပေးကာ ယခုဝတ်လာသော အဝတ်အစားကိုချွတ်၍ တစ်ခါတည်း လဲပေးမည်။ ပြီးတော့ အစာကျွေးမည်၊ ကစားစရာများ ဝယ်ပေးမည် ဟူသောအတွေးဖြင့် ပျော်ရွှင်စွာ လှေဆိပ်သို့ အပြေးလာခဲ့ခြင်းဖြစ်ပါသည်။

ကုန်းပေါ်တွင် လှေဆိပ်မှာ နိမ့်လျှောဆင်းရသဖြင့် ခြေထောက်

ကိုထိန်းကာ အနိမ့်ပိုင်းသို့ဆင်းလာရာ တစ်ခဏအတွင်း လှေဆိပ်သို့ ရောက်ရှိလာခဲ့ပါသည်။

လှေဆိပ်သို့အရောက်တွင် မည်သည့်လှေမျှမရှိဘဲ လှေဆိပ်ရှိ ဝါးတိုင်သာလျှင် တွေ့ရှိရပါတော့သည်။

'ဟောတော့… လှေဘယ်ရောက်သွားပါလိမ့်၊ ဟင်… ငါ့ သားလေးရော ဘယ်ပါသွားပါလိမ့်၊ အမလေး… ဒုက္ခပါပဲ'

လှေဆိပ်သို့အရောက်တွင် လှေမရှိတော့သည့်အတွက် မငြိမ်း ခင်တစ်ယောက် မျက်လုံးများပင် ပြာဝေသွားပါတော့သည်။ စိတ်ကို ငြိမ်အောင်အသာအယာထိန်းပြီးနောက် မြစ်ရိုးတစ်လျှောက် ဟိုဟို သည်ကြည့်သော်လည်း အရိပ်အယောင်မျှ မမြင်ရပေ။

စုံစမ်းမေးမြန်းရအောင်လည်း လှေဆိပ်တွင် မငြိမ်းခင်တို့ လှေ တစ်စီးကလွဲ၍ အခြားလှေများလည်းမရှိပါ။ အနီးအနားခြံလည်း လူ မရှိသည့်အတွက် မည်သူ့ကိုမေးရမှန်းမသိအောင်ပင် ဖြစ်နေပါတော့ သည်။

'အမလေး… သားလေး… သားလေး ဘယ်ရောက်သွားပါ လိမ့်'

မငြိမ်းခင်လည်း မြစ်ရိုးတစ်လျှောက် ဟိုပြေးသည်ပြေး ဖြစ်နေ ပါတော့သည်။

နာရီဝက်ခန့် ပြေးနေပြီးမှ ကိုစံမြင့်ကို သတိရကာ ကိုစံမြင့် ဆီသို့ အပြေးသွားခဲ့ပါတော့သည်။

'ကိုစံမြင့်…. ကိုစံမြင့် သားလေးမရှိတော့ဘူး၊ လှေလည်း မရှိတော့ဘူး'

'မယ်ငြိမ်း… ဘာတွေလာပြောနေတာလဲ၊ ငါနားလည်အောင် သေသေချာချာပြောပြပါဦး'

'အမလေး… ကိုစံမြင့်ရယ်၊ ကျုပ်တို့တော့ ကိုယ်ကျိုးနည်း ပါပြီ၊ လှေဆိပ်မှာချည်ထားတဲ့လှေလည်း မရှိတော့ဘူး။ အိပ်ပျော်နေတဲ့ သားကလေးလည်း မရှိတော့ဘူးလို့ပြောတာ'

'ဟေ… လှေလည်းပျောက်၊ သားလည်းပျောက်ဆိုသလို ဖြစ်နေပါပေါ့လား၊ ကဲ… ကဲ… လှေဆိပ်ကို ကျုပ်လိုက်ကြည့်ဦးမယ်'

ပြောပြောဆိုဆို လင်မယားနှစ်ဦးမှာ လှေဆိပ်သို့ အပြေးလာခဲ့ ကြပါသည်။ လှေဆိပ်တွင် လှေလည်းမရှိ၊ သားကလေးလည်းမရှိ။ ကိုစံမြင့်သည် ယောကျ်ားသားတစ်ဦးပင်ဖြစ်သော်လည်း သားကလေး ကိုမတွေ့ရ၍ ရင်ဝယ်တဒိတ်ဒိတ်ခုန်ကာ တုန်ရီလာပါသည်။

'မယ်ငြိမ်းရေ… လှေကို ဒီတိုင်မှာ အသေအချာချည်ခဲ့ပါ ရက်နဲ့ အခု လှေရော ကလေးပါ မတွေ့တော့ဘူး'

'ဟုတ်ပါ့ ကိုစံမြင့်ရယ်၊ မြွေကြီးတားကတည်းက နိမိတ် မကောင်းဘူးလို့ ရှင်ပြောတာ ကျုပ်သတိမထားလို့ အခုလိုဖြစ်ရတာပါ'

'လှေနဲ့ ကလေးကို ဘယ်သူခိုးသွားသလဲ မသိပါဘူး'

ကိုစံမြင့်က ဤသို့ညည်းညူကာ ပြောလိုက်ပါသည်။

'ဒါဆို ကျုပ်သားကလေးကို ဘယ်တော့မှ ပြန်မတွေ့ရတော့ ဘူးပေါ့'

မငြိမ်းခင်ကလည်း သူ့အတွေးနှင့်သူ ပြောလိုက်ပါသည်။

'မယ်ငြိမ်းရေ… စိတ်မလျှော့ပါနဲ့၊ ငါတို့ အိုးဖိုဂါတ်ကို သွားတိုင်တာပေါ့'

ထိုစဉ်က ကြည့်မြင်တိုင်ရဲစခန်းကို အိုးဖိုဂါတ်တဲဟု အမည်ပေးထားပါသည်။ ကြည့်မြင်တိုင်ကနားဈေးကြီးနှင့် အိုးဖိုဂါတ်မှာ မဝေးလှသည့်အတွက် လှေနှင့် ကလေး ပျောက်သွားကြောင်းကို ၄င်းဂါတ်တဲတွင် အမှုဖွင့်ကာ လှေကြုံဖြင့် ဘုရားကြီးရွာသို့ ပြန်လာခဲ့ကြရပါသည်။

မငြိမ်းခင်မှာ တစ်လမ်းလုံး တရှုံ့ရှုံ့ငိုကာ သားကလေးမောင်ဖိုးခင်အား တမ်းတရင်း ပြန်ခဲ့ကြပါသည်။ အိမ်သို့ပြန်အရောက်တွင် မငြိမ်းခင်၏မိခင်ကြီးမှာ ကလေးပါလာသည်ကို မတွေ့ရသဖြင့်-

'ဟဲ့… ငြိမ်းခင်၊ ကလေးဘယ်ကျန်ရစ်ခဲ့သတုန်း'

'အမလေး… အမေရဲ့၊ သားကလေး ရန်ကုန်မှာပျောက်ခဲ့ပေါ့'

'ဟဲ့… မထိတ်သာ မလန့်သာ ငြိမ်းခင်ရယ်၊ ဘယ်လိုဖြစ်တာလဲဆိုတာ သေသေချာချာပြောပြပါဦး'

'အဖြစ်ကတော့ ဒီလိုပါအမေ'

ဟုအစချီကာ အဖြစ်အပျက်အလုံးစုံကို ပြောပြပါတော့သည်။ မိခင်ကြီးဒေါ်စုမှာလည်း မြေးကလေး၏သတင်းဆိုးကြောင့် လွန်စွာစိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည်။

'ငါ့မြေးကလေး လူကောင်းသူကောင်းလက်ထဲမှာ ကောင်းကောင်းမွန်မွန် နေရပါစေ၊ မြေးကလေးကို အမြန်ဆုံးပြန်တွေ့ပါရစေ'

'အမေရယ်… လှေသူခိုးတွေက ကလေးပါခိုးသွားတာနေမှာ၊ သားကလေးကို ထမင်းတောင် ဝအောင်ကျွေးပါ့မလားမသိဘူး'

'နင်တို့ ဂါတ်တိုင်ခဲ့တယ်မဟုတ်လား'

'တိုင်ခဲ့တယ် အမေ၊ သတင်းရတာနဲ့ သမီးတို့ဆီကို အကြောင်းကြားမယ်လို့ပြောတာပဲ'

'မြေးကလေး အသက်ရှင်ရက်နဲ့ အမြန်ဆုံးပြန်တွေ့ပါစေ'

ထိုသို့ဆုတောင်းပြီး မငြိမ်းခင်တို့သားအမိမှာ တစ်ဦးကိုတစ်ဦး ဖက်၍ငိုခဲ့ရပါသည်။

တစ်အိမ်သားလုံး ပရိဒေဝမီးတောက်လောင်ကာ လွန်စွာ စိတ်မချမ်းသာဖြစ်ခဲ့ရပါတော့သည်။

'သားကလေးကို အမြန်ဆုံးပြန်တွေ့ပါရစေ'

မငြိမ်းခင်သည် သားဇောဖြင့် လွန်စွာစိတ်မချမ်းမသာဖြစ်ကာ နေ့စဉ် ဆိပ်ကမ်းသို့သွား၍ သားကလေးပြန်လာနိုးနှင့် မျှော်နေခဲ့ပါသည်။

အမှန်မှာမူ ဤကလေးသည် တခြားသူများ ခိုးယူသွားခြင်း မဟုတ်ပေ။ ထိုစဉ်က မြစ်ပြင်၌ လေတိုက်ခတ်နှုန်းများသည့်အတွက် သာမန်လှိုင်းထက် ပိုကြီးသောလှိုင်းကြီးများ ပေါ်ပေါက်လာကာ တိုက်ခတ်သဖြင့် လှေတိုင်တွင် ချည်ထားသောကြိုးမှာ ဆောင့်ဆွဲသကဲ့သို့ ဖြစ်ကာ ကြိုးပြေသွားခဲ့ပါသည်။ ထိုကြိုးပြေသွားသော လှေငယ်ကလေးမှာ လှိုင်းပုတ်ရာနောက်သို့ ရေစီးဖြင့် မျောပါသွားခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ မျောပါသွားသည်ကို ကိုစံမြင့်တို့ဇနီးမောင်နှံနှစ်ဦးမှာ အုန်းသီး၊ ငှက်ပျောသီးများကို ဈေးအတွင်းသို့ သွားပို့နေသဖြင့် မသိလိုက်ခြင်းဖြစ်ပါသည်။

ရေစီးဖြင့် မျောပါသွားသော လှေကလေးမှာ ပဲ့ကိုင်ရှင်မရှိဘဲ လှိုင်းပုတ်ရာသို့ ဦးတည်မျောပါသွားပါသည်။ လှေကလေးကလည်း

လူးလူး ကလေးကလည်း အိပ်ချင်မှုးတူးမျောပါသွားရာ တဖြည်းဖြည်း ရှန်ကုန်မြစ်ဝသို့ ရောက်ရှိသွားပါသည်။

ထိုအချိန်တွင် မောင်ဖိုးခင်ကလေးမှာ နိုးလာပြီဖြစ်၍ ထထိုင်ပြီး ဟိုဟိုသည်သည်ကြည့်ကာ မိဘနှစ်ပါးအား ရှာဖွေပါသော်လည်း အားငယ်ကာ ငိုယိုနေပါတော့သည်။

'မေကြီးရေ… ဖေကြီးရေ'

'မေကြီးရေ… ဖေကြီးရေ'

မောင်ဖိုးခင်ကလေးမှာ မိဘနှစ်ပါးကို ရှာသော်လည်း မတွေ့ရပေ။ သူတွေ့နေသည်က ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်ကြီးပင် ဖြစ်ပါတော့သည်။

ကြည့်လေရာနေရာတိုင်းမှာ ရေပြင်ကျယ်သာဖြစ်ပြီး ကလေးငယ်မှာ ကြောက်ရွံ့စွာအော်ငိုလိုက်၊ မောသွားလိုက်၊ အိပ်ပျော်သွားလိုက်ဖြင့် လှေကြီး၏မျောပါရာနောက်သို့ လိုက်ပါသွားခဲ့ရပါတော့သည်။ မောင်ဖိုးခင်ကလေးမှာ အိပ်ရာမှနိုးလာသောအခါ လွန်စွာဗိုက်ဆာလာပါသည်။ ထိုလှေကြီးသည် ရောင်းကုန်ဝယ်ကုန်များကိုတင်ပြီး သွားနေကျလှေကြီးဖြစ်၍ ထိုလှေကြီး၏ပေါင်းမိုးအောက်တွင် သောက်ရေအိုး၊ ထမင်းအိုး၊ ငပိရည်အိုးများ ပါရှိပါသည်။ မောင်ဖိုးခင်ကလေးမှာလည်း ဗိုက်ဆာလာသည့်အတွက် ပေါင်းမိုးအတွင်းရှိ ထမင်းအိုးမှ ထမင်းနှင့် ငါးပိရည်ဆမ်းကာ စားခဲ့ရပါသည်။

ကလေးငယ်၏ကံကြမ္မာကား ထူးခြားလှပေသည်။ လှိုင်းလေထန်သော်လည်း လှေမမှောက်ခဲ့။ လှော်တက်ဖြင့်မလှော်သော်လည်း လှိုင်းပုတ်ရာမျောပါကာ သီလဝါမီးပြတိုက်နားသို့ရောက်လာခဲ့ပါသည်။

ထိုစဉ် သီလဝါမီးပြတိုက်မှ အစောင့် ဟိန္ဒူလူမျိုးများသည် လှေကလေးကို လှမ်းမြင်ခဲ့ရပါသည်။ တဖြည်းဖြည်း လှေကလေးမှာ နီးလာသည်နှင့်အမျှ လှေကို လှော်ခတ်သူမပါဘဲ လှေဦးတွင် ကလေးငယ်တစ်ဦး ထိုင်လျက်ပါလာသည်ကိုသာ တွေ့ရပါတော့သည်။

'ဟာ… ဟိုမှာ ချွတ်တားလေးတစ်ယောက်တည်းပါလား'

'အေး… လှေလှော်တဲ့သူလည်း မပါဘူး'

'သာမိ… လှေကိုသွားဆွဲစမ်း'

မီးပြတိုက်အနီးသို့ မျောပါလာသောလှေကလေးကို ကမ်းစပ်သို့ ဆွဲယူလိုက်ပါသည်။ အစောင့်တစ်စုသည် လှေပေါ်သို့ကြည့်လိုက်ရာ အသက် (၅)နှစ်သားအရွယ်ရှိ ယောကျ်ားကလေးတစ်ယောက်ကို တွေ့လိုက်ရပါသည်။ ကလေးမှာ ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေးကလေးဖြစ်ပြီး ချစ်စဖွယ်ကလေးဖြစ်နေပါသည်။ ကလေးများကို နတ်များက စောင်မသည်ဆိုသည့်အတိုင်း တက်ကိုင်သူမရှိ၊ လှော်ခတ်သူမပါသော်လည်း ဤမျှဝေးလံသောခရီးကို အန္တရာယ်ကင်းစွာ ရောက်ရှိလာခဲ့ပါသည်။

'ကလေးကလေးတစ်ယောက်ပဲ၊ လှေနဲ့မျောလာပါလား၊ လူကြီးတွေက ဘယ်ရောက်သွားလို့ပါလိမ့်'

'အင်း… ငါတို့နဲ့ထိုက်လို့ရောက်လာတဲ့ ကလေးပဲ၊ ငါမွေးစားမယ်'

သီလဝါမီးပြတိုက်မှ အစောင့်ဖြစ်သူ ရာဂျူးက ဤကလေးကို မွေးစားလိုစိတ်များ ဖြစ်ပေါ်လာပါသည်။

'အေးလေ… မင်းမွေးစားရင်လည်း မွေးစားပေါ့၊ ကလေးကို

ကြည့်ရတာ ချစ်စရာလေးပဲ။ ငါတို့လည်း ဝိုင်းပြီးစောင့်ရှောက်ပါ့မယ်"

ကျန်အစောင့်များကလည်း ထိုကလေးလေးကို ချစ်ခင်ကြသဖြင့် ဝိုင်းဝန်းစောင့်ရှောက်ကာ မွေးထားကြပါသည်။

တစ်ရက် နှစ်ရက် သုံးရက်မှသည် တစ်လသို့တိုင်ခဲ့ပါပြီ။ ထိုကလေးမှာ မည်သူမည်ဝါဟူ၍ လာရှာသူလည်း မရှိခဲ့ပါ။ ရာဂျူးတို့အုပ်စုမှာလည်း ဤကလေးရောက်လာမှ ဤနေရာကလေးမှာ ပိုပြီးစိုပြေလာသလို ထင်ခဲ့ပါသည်။

သီလဝါမီးပြအစောင့်များမှာ တစ်နေ့တစ်နေ့ မီးပြတိုက်မှ လှမ်းကြည့်လျှင် ရေပြင်ကျယ်ကြီးကိုသာ တွေ့ရပါသည်။ လူနေအိမ်နှင့် ဝေးကွာနေသော ဤအရပ်တွင် တွေ့ရသည်မှာ ဖျင်းခြောက်ခြောက်ဖြစ်နေပါသည်။

မောင်ဖိုးခင်ကလေး ရောက်လာသောအခါမှ ထိုကလေးကို ဝိုင်းဝန်းချော့မြှူသူက ချော့မြှူ၊ ထမင်းကျွေးသည့်လူကကျွေး၊ ချိုပိုးထိန်းကျောင်းသူက ထိန်းကျောင်းနှင့် မီးပြတိုက်အစောင့်များ အပိုအလုပ်ရကာ ပျော်ရွှင်နေကြပါသည်။

မောင်ဖိုးခင်ကလေးကိုလည်း ဟိန္ဒူစကားသင်ပေးကာ ဤကလေးအား မိမိ၏သားအရင်းသဖွယ် ချစ်ခင်နေပါတော့သည်။

ထိုသို့ဖြင့် ဤကလေးအား မွေးစားခဲ့သည်မှာ (၆)လခန့်ကြာမြင့်ခဲ့ပါပြီ။

တစ်နေ့သောအခါတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ကန္နားလမ်းမှ ဦးဘကြည်သည် အလုပ်ကိစ္စတိုင်ပင်ရန်ရှိသဖြင့် သီလဝါရှိ ရာဂျူးထံ ရောက်ရှိခဲ့ပါသည်။ ဦးဘကြည်သည် ရာဂျူးနှင့် အလုပ်ကိစ္စ

စကားစပြီးပြောပြီးနောက် လေ့နှင့်မျောပါလာသော ကလေးအကြောင်း ကြားသိရာမှ မေးမြန်းခဲ့ပါသည်။

'မင်းကလည်း အသက်ကြီးမှ ကလေးငယ်ငယ်ကလေးကို မွေးစားရတယ်လို့ကွာ'

'မွေးစားချင်လို့ မွေးစားတာတော့ မဟုတ်ပါဘူး၊ ဒီကလေး က လှေနဲ့အတူ မျောလာလို့ မွေးစားလိုက်တာပါကွာ'

'ဟေ... ကလေးတစ်ယောက်တည်း လှေနဲ့မျောလာတာ လား'

'ဟုတ်တယ်'

'ဒီကလေး မင်းဆီကိုရောက်လာတာ ဘယ်လောက်ကြာသွား ပြီလဲ'

'အင်း... ခြောက်လလောက်တော့ရှိပြီ'

'ဒါဆိုရင်တော့ ဟုတ်ပါပြီ'

'ဘာဟုတ်တာလဲ ကိုဘကြည်ရဲ့'

'လွန်ခဲ့တဲ့ ခြောက်လလောက်တုန်းက တွံတေးတောကြီးတန်း က ဈေးလာဝယ်တဲ့လင်မယား လှေရော ကလေးပါ ပျောက်သွားလို့ ငိုကြယိုကြနဲ့ တစ်ဈေးလုံးကို ဆူညံနေတာပဲ၊ ဒါနဲ့ သူတို့က အိုးဗိုဂါတ် ဘဲသွားပြီး ကလေးပျောက်ကြောင်း တိုင်ချက်ဖွင့်ထားတယ်၊ ရပ်မိ ရပ်ဖဖြစ်တဲ့ ငါလည်း သူတို့ကို ဖြောင်းဖြောင်းဖျဖျ တရားချလိုက်ရ တယ်'

'ဟာ... ဒါဆို ငါတော့ဒုက္ခပဲ'

'ဘာဖြစ်လို့လဲ'

'ငါဟာ ဒီကလေးကို သားအရင်းကလေးလို ချစ်မိနေပြီ'

'မင်းတောင် ခြောက်လလောက်အတူနေတာ ဒီကလေးကို ချစ်မိပြီဆိုတော့ ကိုးလလွယ်ပြီး ဆယ်လဖွားရတဲ့ အမေနဲ့ သူ့အဖေ ဟာ ဒီကလေးကို ဘယ်လောက်ချစ်မလဲ သူတို့ ဘယ်လောက်တောင် တွေ့ချင်ရှာမလဲ'

'ဒီတော့ ငါဘာလုပ်ရမလဲ'

'သူ့မိဘတွေဆီကို ကလေးပြန်အပ်ပြီး ထည့်လိုက်ပေါ့'

'အေးလေ... ဒီလိုပဲလုပ်ရမှာပဲ'

'ဒါဆိုရင် ဒီကလေးရဲ့ မိဘရဲ့လိပ်စာ အိုးဖိုဂါတ်တဲမှာ ရှိတယ်၊ သူတို့ကို အကြောင်းကြားခိုင်းလိုက်မယ်'

'အေးပါ... မင်းသဘောပါပဲ'

ဦးဘကြည်လည်း အလုပ်ကိစ္စလုပ်ပြီးနောက် ရန်ကုန်သို့ ပြန် လာခဲ့ပါသည်။ ထို့နောက် အိုးဖိုဂါတ်တဲသို့သွားကာ ကလေးအကြောင်း ပြောပြပါသည်။ ရဲတပ်ဖွဲ့ဝင်များကလည်း ဘုရားကြီးကျေးရွာရှိ ဦးစံ မြင့်တို့ဇနီးမောင်နှံအား အကြောင်းကြားခဲ့ပါသည်။

ဦးဘကြည်သည် လူကိုယ်တိုင်တွေ့ခဲ့သည့်အတွက် ငှင်းပါ လိုက်ခဲ့ကာ သီလဝါသို့ လိုက်ပါခဲ့ပါသည်။ ထိုသို့ ရောက်ချိန်တွင် ဦးရာဂျူး မွေးစားထားသည့် ၎င်း၏သားငယ်ကလေးကို တွေ့လိုက်ရ သည့်အတွက် လွန်စွာပျော်ရွှင်သွားပါတော့သည်။

'သားလေး ဖိုးခင်၊ အဖေ့ဆီလာပါဦး'

ကိုစံမြင့်က မောင်ဖိုးခင်ကလေးကို ဤသို့လှမ်းခေါ်လိုက် ပါသည်။

မောင်ဖိုးခင်ကလေးမှာ ရာဂျူးတို့နှင့် (၆)လခန့် အတူနေရ သဖြင့် ကိုစံမြင့်ကို ဗြုန်းခနဲ မမှတ်မိအောင်ပင် ဖြစ်ခဲ့ရပါသည်။

'သား… ဖိုးခင် အဖေ့ကို မမှတ်မိတော့ဘူးလား'

ဤတွင် မငြိမ်းခင်က ဝင်ပြောလိုက်ပါသည်။

'သားလေး ဖိုးခင် အမေလေ… အမေ'

ပြောပြောဆိုဆို ပြေးဖက်လိုက်ရာ မောင်ဖိုးခင်မှာ မိခင်၏ မေတ္တာဓာတ်ရစ်ပတ်မှုကြောင့် ပြန်လည်သတိရလာကာ-

'အမေ… အမေ…'

'ဟီး… ဟီး… ဟီး'

သားအမိနှစ်ယောက် ဖက်ငိုကြပါသည်။ သီလဝါ အစောင့် များကလည်း သားအမိနှစ်ယောက်ဖြစ်အင်ကိုကြည့်ရင်း စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

'ကိုရာဂျူးတို့အားလုံးဟာ ကျွန်မရဲ့သားကလေးကို ကယ် တင်ကျွေးမွေးထားတဲ့အတွက် ကျွန်မတို့က အထူးပဲကျေးဇူးတင်ပါ တယ်'

'ကိစ္စမရှိပါဘူး… လူသားအချင်းချင်း ကယ်တင်ရမှာပေါ့'

'ကျွန်တော်တို့ ဒီကလေးနဲ့အတူ လှေလည်းပြန်ယူသွားမယ်၊ ယူခွင့်ပြုပါ'

'ယူပါ… ယူပါ… ဒီလှေဟာ ခင်ဗျားရဲ့လှေပဲ၊ ပြန်ယူ သွားပါ'

ထိုသို့ဖြင့် မောင်ဖိုးခင်ကလေးကို လှေပေါ်တင်ကာ သီလဝါ မှ ထွက်ခွာခဲ့ပါသည်။ လှေကလေးမှာ ကမ်းစပ်မှ တဖြည်းဖြည်းခွာ

လာရာ ရာဂျူး ဆာမိတို့အုပ်စုမှာ လက်ကလေးပြကာ ဝမ်းနည်းစွာ ကျန်ရစ်ခဲ့ပါသည်။

'ချွတ်တားလေး… ကြီးရင် တစ်ခေါက်လာလည်ဦးနော်'

မောင်ဖိုးခင်ကလေးကလည်း လက်ပြကာ-

'ဟုတ်ကဲ့… သားပြန်လာခဲ့မယ်'

ထိုသို့နှုတ်ဆက်ရင်း လှေကလေးကိုလှော်ခတ်ကာ သီလဝါမှ ထွက်ခွာလာခဲ့ကြပါသည်။ မောင်ဖိုးခင်ကလေးမှာလည်း ကျေးဇူးရှင် မွေးစားဖခင်အား လက်ပြရင်း ငိုယိုကာ လှေပေါ်သို့ လိုက်ပါသွားခဲ့ ရပါတော့သည်။ လှိုင်းလေထန်သည့် မြစ်ပြင်ကျယ်ကြီးအတွင်း မျောပါ သွားခဲ့သော်လည်း သေကံမရောက်သက်မပျောက်ပဲသည့် စကား အတိုင်း အသက်ရှင်လျက် ပြန်တွေ့လာခဲ့သည့် မောင်ဖိုးခင်ကလေး မှာ နောင်သောအခါ ရဟန်းဘဝဖြင့် ဘုရားကြီးရှာ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့ပါတော့သည်။ ဤသည်ကား ဘုရားကြီးရှာမှ ထူးခြားလှ သည့် ဘုန်းတော်ကြီး၏ ဖြစ်ရပ်မှန်တစ်ခုပင် ဖြစ်ပါသည်။

❖

# အခန်း(၂)

## အချစ်အကျဉ်းသား ကျွန်စစ်သား

ညို့ညို့မှိုင်းမှိုင်း တောအုပ်ကြီးများရှိသည့် ရွာတန်းရှည် ဤ တောကြီးတန်းသို့ နှစ်စဉ်နှစ်တိုင်း တစ်နှစ်တစ်ခေါက် ကျွန်မ မှန်မှန် ရောက်ခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်မသည် တက္ကသိုလ်ဝင်တန်းသို့ ရောက်လာခဲ့ပါသည်။ အသက်ကြီးလာသကဲ့သို့ ပညာအဆင့်အတန်းမှာ လည်း တဖြည်းဖြည်း တိုးတက်လာသည်နှင့်အမျှ ရာဇဝင်သမိုင်း ကြောင်းများကို ကျယ်ပြန့်စွာ သင်ကြားခဲ့ရပါသည်။ ထိုသမိုင်းကြောင်း များကိုလည်း ကျွန်မ ပိုမိုစိတ်ဝင်စားစွာ လေ့လာခဲ့ပါသည်။ နှစ်စဉ် နှစ်တိုင်း ဘကြီးဦးလှမောင်နှင့်တွေ့လျှင် ကျွန်မမှာ ဗဟုသုတများစွာ ရခဲ့ပါသည်။ ဘကြီးဦးလှမောင်သည် ဒဏ္ဍာရီလိုလို ပုံပြင်သဖွယ် အကြောင်းအရာများနှင့် ပါးစပ်ရာဇဝင်ကလေးများကို ကျွန်မ စိတ်ဝင်

ဘားအောင် စီကာပတ်ကုံး ပြောပြတတ်ပါသည်။ ဘကြီးဦးလူမောင် ပြောပြသည့်အကြောင်းအရာများအနက် ရာဇဝင်မှာ ထင်ရှားသော သူရဲကောင်းကျန်စစ်သားသည် မင်းမဖြစ်မီက အကျဉ်းသားဘဝဖြင့် ထိုနေရာသို့ ရောက်ခဲ့ဖူးသည်။ ထိုစဉ်က ထိုနေရာကို 'ဒလ'ဟုခေါ်ပါသည်။

ဘကြီးဦးလူမောင် ပြောပြသည့် အချစ်အကျဉ်းသား ကျန်စစ်သား။

လူအတော်များများသည် အချစ်ကြောင့် ဒုက္ခအမျိုးမျိုးရောက်ခဲ့ကြပါသည်။ ထိုလူများထဲတွင် အချစ်အကျဉ်းသားအဖြစ် ကျန်စစ်သားလည်း အပါအဝင်ဖြစ်ခဲ့ပါသည်။ နေ၏အလင်း၊ နေရောင်ခြည် အစက်အပြောက်တို့ပင် မထိုးနိုင်သော ထူထပ်လှသည့် သစ်ပင်ကြီး၊ ဝါးပင်ကြီးများထူထပ်သော တောအုပ်ကြီးတွင် ဆီးနှင်းမြူခိုးတို့ ရစ်ပတ်မှုကြောင့် အေးစိမ့်စိမ့် ချမ်းအေးလှပါသည်။

ထိုတောအုပ်ကြီးထဲမှ လူတစ်ယောက်။

သူ့၌ ကြေကွဲနေသော နှလုံးသားတစ်ခု၏ ဒဏ်ရာကြောင့် နှုတ်ခမ်းကို တင်းတင်းစေ့ထားရင်း ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်တစ်စုံကို မြင်တွေ့နိုင်ပေမည်။

ဆောင်းကမ္ဘာလာ၏ ချမ်းအေးမှုကို သူဂရုမပြုနိုင်။ ရင်ထဲက အပူမီးသည် ဆောင်းရာသီ၏ ချမ်းအေးမှုကို မသိနိုင်အောင် ပူလောင်နေပါသည်။ ညိုမောင်းသောအသားအရေရှိပြီး ကြီးမားထွားကျိုင်းသူ၊ လက်ရုံးလက်မောင်း ရင်အုပ်နေရာများတွင် ဖုထစ်သော ကြွက်သားများဖြင့် ယောကျာ်းပီသသူ၊ နီညိုရောင်ဝတ်ရုံကြီးကို လွှမ်းထားသည့်ကြား

မှပင် ကြွံခိုင်ထွားကျိုင်းမှုမှာ ပေါ်လွင်လျက်ရှိနေပါသည်။

ထိုသူသည် တောင်ကုန်းကလေးတစ်ခု၏ထိပ်တွင် ရပ်ကာ ပုဂံပြည်ရှိမည့် အရပ်ဆီသို့ မျှော်ကြည့်ရင်း အံကိုတင်းတင်းကြိတ်ထား ပါသည်။ သူ၏စိတ်မှာလည်း နာကြည်းမှုကြောင့် မငြိမ်မသက်ဖြစ် နေပါသည်။ နှင်းခါးလေတစ်ချက်ဝှေ့ကာ တိုက်ခတ်လာခဲ့ပါပြီ။ ထိုသူ ၏ ပုံသဏ္ဍာန်မှာ ကြေကွဲသောအသွင်ဆောင်နေပြီး နှင်းငွေ့များကြား တွင် ဝိုးတဝါးတွေ့မြင်နိုင်ပါသည်။

ထို့နောက် သူ၏နှုတ်ခမ်းတစ်စုံ လှုပ်ရှားလာပါသည်၊ တိုး ညင်းစွာ ပြောလိုက်သည့်စကားမှာ-

'လွမ်းမောတသရပါလား မဏိစန္ဒာရယ်'

သူကား အချစ်ကို စစ်ပွဲကဲ့သို့ ရင်ဆိုင်ခဲ့ရသော ကျန်စစ် သား။ ချစ်သော မဏိစန္ဒာမင်းသမီးကလေးကို ရင်နှင့်အမျှ လွမ်းဆွတ် သတိရရင်း အတိတ်အကြောင်းဆီသို့ စိတ်အတွေးမှာ ရစ်ဝဲစွာ ရောက် ရှိသွားခဲ့ပါတော့သည်။

အမှန်တကယ်တော့ ပုဂံမြို့တော်ကြီး၌နေသော ကျန်စစ်သား နှင့် ဥဿာပဲခူးမြို့တော်ကြီးနေ မွန်မင်းသမီးကလေး မဏိစန္ဒာတို့ တွေ့ဆုံရန်မဖြစ်နိုင်သော အကြောင်းတရား။

သို့ရာတွင် သူတို့နှစ်ဦးအား တွေ့ဆုံရန် ဖန်တီးခဲ့သူမှာ ဂျမ်း စစ်သည်များ။

အကယ်၍သာ ဂျမ်းစစ်သည်တို့ ဥဿာပဲခူးသို့ ကျူးကျော် တိုက်ခိုက်ခြင်းမရှိခဲ့လျှင် သူတို့နှစ်ဦး တွေ့ဆုံရန်လမ်းမမြင်။ သည် ရာဇဝင်သည် အဖြစ်အပျက်လည်းရှိခဲ့မည်မဟုတ်ပေ။ သို့သော် သူတို့

နှစ်ဦးသည် ဂျွမ်းစစ်သည်များကြောင့် အမှန်တကယ်ပင် တွေ့ဆုံခဲ့ကြပါသည်။

ဂျွမ်းစစ်သည်များသည် ဥဿာပဲခူးသို့ ကျူးကျော်စစ်ဆင်နွှဲခဲ့ပါသည်။ စစ်သည်အင်အားနည်းပါးသော ဥဿာပဲခူးမင်းသည် ၄င်းဂျွမ်းစစ်သည်များကို မခုခံနိုင်သဖြင့် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးဆီသို့ စစ်ကူတောင်းခဲ့ပါသည်။ အနော်ရထာမင်းကြီးလည်း သားတော်ကျန်စစ်သားအပါအဝင် သူရဲကောင်းလေးဦးကို စစ်ကူတောင်းခဲ့ပါသည်။ အနော်ရထာမင်းကြီးလည်း သားတော်ကျန်စစ်သားအပါအဝင် သူရဲကောင်းလေးဦးကို ဥဿာပဲခူးသို့ စေလွှတ်ခဲ့ပါသည်။

ကျန်စစ်သားနှင့် သူရဲကောင်းများ၏ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်နှိမ်နင်းမှုကြောင့် ဂျွမ်းစစ်သည်များ အရှုံးနှင့်ရင်ဆိုင်ရကာ ဥဿာပဲခူးဘက်မှ အနိုင်ရခဲ့ပါသည်။ ပဲခူးမင်းလည်း ဤသို့ စစ်ကူပေးသည့်ကျေးဇူးကို ဆပ်သည့်အားဖြင့် လွန်စွာချောမောလှပသော သမီးတော်မဏိစန္ဒာကို လက်ဆောင်ပဏ္ဏာများနှင့်အတူ ဆက်သခဲ့ပါသည်။

မင်းသမီးကလေး မဏိစန္ဒာကိုမြင်လျှင်မြင်ချင်း စစ်သူရဲကောင်းကြီး၏နှလုံးသားတွင် အချစ်ဟူသည့်မြားတစ်စင်း လျှပ်တပြက်ထိုးဖောက်ဝင်ရောက်သွားခဲ့လေပြီ။ သို့သော် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးအား ဆက်သသည့် မိဖုရားလောင်း မင်းဘဏ္ဍာဖြစ်၍ မျက်လွှာအသာချကာ အချစ်စိတ်ကို မျိုသိပ်ခဲ့ရပါသည်။

မင်းသမီးကလေး မဏိစန္ဒာမှာလည်း ဥဿာပဲခူးနန်းတော်တွင်နေစဉ်က အပျိုတော်များ၊ အထိန်းတော်၊ အချီတော်များနှင့်သာနေခဲ့ရပြီး ယင်ဖိုမျှမသန်းသည့် အပျိုစင်ကလေး။ ယောကျ်ားဟူဘိ စေ့စေ့

ပျှမကြည့်မိ။ အချစ်ဆိုသည်ကိုလည်း သူမ မကြုံဖူးသေးသည့်အတွက် စိုးစိမ့်မျှ နားမလည်ခဲ့ပေ။

သို့သော် ယခုအခါတွင် ပုဂံပြည့်ရှင်ထံသို့ ဆက်သလိုက်သည့်အတွက် မြင်းများဆွဲသည့် ရထားလုံးတွင် သူရဲကောင်းကျန်စစ်သား အပါအဝင် ရဲမက်များက ခြံရံလျက် လိုက်ပါခဲ့ရပါသည်။

ရထားလုံးမှ ပြတင်းကိုအဖွင့်-

'ရဲမာန်အပြည့်နဲ့ ရဲဝံ့တဲ့ သူရဲကောင်းကျန်စစ်သားကို သခင်မလေးစားပါတယ်'

စစ်ဝတ်စုံအပြည့်ဖြင့် ယောကျ်ားပီသသည့် သူရဲကောင်းကျန်စစ်သားကို သူမတွေ့လိုက်ရပါသည်။ ဂျွမ်းစစ်သည်များကို အောင်မြင်စွာတိုက်ခိုက်ချေမှုန်းနိုင်သည့် သူရဲကောင်းတစ်ယောက်ဖြစ်၍ အထင်ကြီးသည့်စိတ်များ သူမ၏ရင်ထဲတွင် ကိန်းအောင်းနေပါသည်။

ပျိုမျစ်နုနယ်ပြီး ခန္ဓာကိုယ်အချိုးအစားကျနလှသည့် လုံချောတစ်ဦးကို သည်လမ်းတစ်လျှောက် အတူလာမိစဉ် မဏိစန္ဒာ၏နှလုံးသား၌ အကြင်နာဆတိုးကာ အချစ်မိုးတို့ ရွာသွန်းဖြိုးခဲ့မိပါသည်။

မင်းပြစ်မင်းဒဏ်ဟူသော ကြီးမားလှသည့် အန္တရာယ်စည်းဝိုင်းကြီးရှိပါလျက် ပိုးဖလံများကဲ့သို့ အချစ်မီးကို ဝင်ရောက်တိုးဝင်မိခဲ့လေပြီ။ တိုတောင်းလှသော အချိန်အတွင်း သာယာချမ်းမြေ့ခဲ့သော နှလုံးသားနှစ်ခုတို့ ထပ်တူပြုခဲ့မိကြသည်။ သည်ခရီးတိုကလေးသည် သူတို့၏ဘဝကို ကြီးစွာသောအပြောင်းအလဲ ဖြစ်စေခဲ့ပါသည်။

သည်သတင်းကိုကြားလျှင်ကြားချင်း မိမိမျက်နှာကိုမထောက်၊ သစ္စာဖောက်ရက်သူအတွက် သားပင်ဖြစ်လင့်ကစား ကျောသားရင်

သားမခွဲခြားဘဲ စည်းကျော်သူတို့၏ အပြစ်ဒဏ်အရ ရှေ့တော်မှောက်သို့ ကျန်စစ်သားကို ကြိုးအထပ်ထပ်တုတ်၍ ဒူးတုတ်ကာ အကျဉ်းသားအဖြစ် ခစားစေခဲ့ပါသည်။

လူဗိုလ်ပုံအလယ်တွင် အရှက်ရစေသော သားမိုက်၏ အပြစ်ကြွေးကို နှလုံးသွေးဖြင့်သာ ဆပ်စေရမည်ဟု နှလုံးသွင်းကာ အနော်ရထာမင်းကြီးသည် အရိန္ဒမာလှံဖြင့် ရင်ဝတည့်တည့် ပစ်လိုက်ပါသည်။ မင်းစကောဖြစ်ရမည့် ဇာတာပါလာသူ ကျန်စစ်သားမှာ နှလုံးသည်းပွတ်ကို လှံတံထိရမည့်အစား လက်ပြန်ကြိုးကိုသာထိပြီး ချည်နှောင်ထားသည့်ကြိုးမှာ ထောင်းခနဲပြတ်ခဲ့လေပြီ။

ညီလာခံဗိုလ်ပုံအလယ်ရှိ လူများဆီမှ 'ဟာ' ဆိုသည့်အသံကြီးဟိန်းထွက်လာခဲ့ပါသည်။ ရုတ်တရက် ကြောင်သွားသော်လည်း အခွင့်အရေးကို လက်ဆုပ်လက်ကိုင်ယူကာ အရိန္ဒမာလှံကိုဆွဲကာ ပရိသတ်ဗိုလ်ပုံအလယ်မှ တဟုန်ထိုးပြေးထွက်ခဲ့ရပါသည်။

'ဝရမ်းပြေးတို့ ထုံးစံအတိုင်း မှိုင်းညို့ညို့တောကြီးတစ်ခုသို့ သွားရောက်ကာ ပုန်းအောင်းရင်း မဏိစန္ဒာကို တမ်းတမ်းတတ လွမ်းခဲ့ရှူးပါသည်။ ဤသည်ကား ပထမဦးစွာ အချစ်နှင့်လွဲခဲ့ရသော ရင်နာသည်းကျွမ်းလောင်မြိုက်မှုပင်။

မကြာမတင် ချစ်ရသူ မဏိစန္ဒာနှင့် ဖခမည်းတော်တို့၏ မြိုင်မြိုင်သဲသဲမင်္ဂလာပွဲ။ မကြားလိုသော်လည်း ကြားသိခဲ့ရပါသည်။ အချစ်ဦးမို့ အသည်းနှလုံးများ ပြုတ်ကျကွဲကြေသွားသည့်အလားနာကျင်စွာခံစားခဲ့ရပါသည်။

'မဏိစန္ဒာရယ်… မင်းကတော့ မိဖုရားဆိုတဲ့ တင့်တယ်လှတဲ့

ဘဝမှာ ပျော်ပျော်သာစံနေပါတော့၊ ငါ့မှာတော့ ရာဇဝတ်သားလူဆိုး အဖြစ်နဲ့ ဝေးရာမှာ ပြေးပုန်းရင်း ရင်မှာ တဆစ်ဆစ်နာကျင်လို့နေပါပြီ'

ကျန်စစ်သားသည် မဏိစန္ဒာမင်းသမီးကလေးအပေါ် ချစ်မြတ်နိုးသောစိတ်ဖြင့် အဝေးတစ်နေရာမှ မျှော်ရည်မှန်းတမ်းတကာ လွမ်းဆွတ်နေဆဲ။ သည်လိုနှင့်ပင် နှစ်ပေါင်းအတော်ကြာသောအခါ ဖခမည်းတော် အနော်ရထာမင်းစော နတ်ရွာစံခဲ့ပါပြီ။ ဖခမည်းတော်၏ အရိုက်အရာကို သားကြီးဖြစ်သည့် စောလူးမင်းသားဆက်ခံကာ ပုဂံပြည့်ရှင် စောလူးမင်းဖြစ်လာခဲ့ပါသည်။ မဏိစန္ဒာမိဖုရားကို ခင်ဦးအမည်နှင့် မိဖုရားမြှောက်ခဲ့ပြန်ပါသည်။

သူရဲကောင်းလိုအပ်သောအချိန်အခါဖြစ်၍ ကျန်စစ်သားကို စောလူးမင်းမှ ပြန်ခေါ်သည့်အတွက် တောရပ်ဌာနေမှ ပုဂံရွှေပြည်သို့ တစ်ဖန်ပြန်ရောက်လာခဲ့ရပါသည်။

နန်းတော်တွင်း ခစားရသူမို့ မိဖုရားခင်ဦးနှင့် သူရဲကောင်းကျန်စစ်သားတို့ မျက်နှာချင်းဆိုင် တွေ့ခဲ့ရပါသည်။ မည်သည့်အခါမျှ ပြန်လည်မဆုံစည်းရတော့ပေဟု အထင်ရှိခဲ့သော်လည်း ပြန်လည်တွေ့ဆုံရသည့် လျှပ်တပြက်အချိန်ကလေးသည် သူတို့နှစ်ဦး၏စိတ်တွင် ပျော်ရွှင်မှုကို ရစေခဲ့ပါသည်။

စောလူးမင်းကြီး၏ မိဖုရားအဖြစ်နှင့် ပြန်လည်တွေ့ခဲ့ရသည့်အတွက် ကျန်စစ်သားသည် စိတ်ကိုအလွန်ထိန်းချုပ်ကာ အပြစ်ကင်းအောင်နေပါသော်လည်း မလိုသူတို့၏ ကုန်းချောစကားကြောင့် အပြစ်ကင်းချစ်ခြင်းသည် အမျက်ရှခံရသည့်ဘဝ ရောက်လာခဲ့ပါသည်။

နှောင်တော်စောလှူးမင်း၏ ဒေါသအမျက်ဖြင့် စွပ်စွဲချက် ပြင်းထန်လှပါသည်။

'မိဖုရားခင်ဦးနှင့် ပြန်လည်အဆက်အသွယ်လုပ်သည်' တဲ့။

မင်းဘဏ္ဍာအား လွန်ကျူးရန် ကြံစည်သည်ဟူသည့်စွဲချက်ဖြင့် ကျန်စစ်သားကို အကျဉ်းသားအဖြစ် 'ဒလ'သို့ နယ်နှင်ဒဏ်ပေးလိုက်ပါသည်။

မင်းပြစ်မင်းဒဏ်ကြောင့် နယ်တွင် ဒဏ်စီရင်ခြင်းခံရကာ ဒလသို့ရောက်ခဲ့ရသော ကျန်စစ်သားသည် တောင်ကုန်းကလေးပေါ်မှ ပုဂံပြည်ဘက်သို့ လှမ်းမျှော်ကြည့်ရင်း ၄င်း၏အတွေးစိတ်တွင် အတိတ်အကြောင်းများကို တစ်စစီ ပြန်လည်ပေါ်ပေါက်လာပါသည်။

အမှန်မှာတော့ အကျဉ်းသားဘဝဖြင့် ဒလသို့ပို့ကာ နယ်နှင်ဒဏ်ပေးခြင်းမှာ ရင်ထဲမှ ခံစားရသည့် လွမ်းဆွတ်မှု၊ နာကျင်မှုကို ဖြစ်စေသည့် အချစ်အကျဉ်းသားလောက် ပြင်းထန်စွာ မခံစားရပေ။

'ငါဟာ တကယ်ပဲ အချစ်ကိုယုံကြည်တယ်၊ ချစ်တဲ့စိတ်ဟာလည်း အလွန်ပဲ ဆန်းကြယ်တယ်၊ လူချင်းမမြင်ရပေမယ့် တစ်ဦးတစ်ယောက်ဟာ တစ်ဦးတစ်ယောက်အပေါ်ကို မေတ္တာထားပြီး သတိရလွမ်းဆွတ်နေရင် တမ်းတခံရတဲ့သူရဲ့ရင်မှာလည်း မေတ္တာတရားရဲ့ ရောင်ပြန်ထင်ဟပ်ကာ အဲဒီတစ်ဦးတစ်ယောက်ကို သတိရလွမ်းဆွတ်နေမယ်ဆိုတာ ငါသိတယ်၊ တကယ်လို့သာ ဖူးစာမှန်ခဲ့ရင် တစ်နေ့သောအခါမှာ မင်းနဲ့ ငါ ပေါင်းဆုံရပါစေသား'

ကျန်စစ်သားလည်း ပုထုဇဉ်တစ်ဦးမို့ ချစ်လည်းချစ်ခဲ့ဖူးပြီ။ လွမ်းလည်း လွမ်းတတ်ခဲ့ပြီ။ သည်အချစ်သည် အလွမ်းကို သည်တော

ကြီးတန်းကြီးက သိပါသည်။ အလွမ်းတွေ လှိုင်းတံပိုးထစေသော ကျွန်စစ်သား၏ လွမ်းဆွတ်မှုကို တောကြီးတန်းမြေမဟီကို သက်သေပြုနိုင်ပါသည်။ အမှန်တကယ်တော့ အချစ်အကျဉ်းသား ကျွန်စစ်သားပင်။

ဘကြီးဦးလူမောင်က 'ဒလ'နှင့်ပတ်သက်၍ သူကြားဖူးနားဝ အကြောင်းများကို ဆက်ပြောပါသည်။

'မင်းရဲကျော်စွာဟာလည်း ဒီဒလတိုက်ပွဲမှာပဲ ကျဆုံးခဲ့ရတယ်'

'နောက် ရေငံပိုင်ဦးရှင်ကြီးဟာလည်း ဒလမြို့သားပဲကွဲ၊ မိန်းမလှကျွန်းကို မျောခုတ်သွားရာကအစ လှေမထွက်နိုင်လို့ မဲချတဲ့အခါမှာ ကံဆိုးသူမောင်ရှင်ကိုသာ သုံးကြိမ်သုံးခါတိတိ မဲပေါက်တဲ့အတွက် ပင်လယ်ရေပြင်မှာ ဖျောက်ဖျက်ခံခဲ့ရတယ်'

'ဥဇနာဘုရင်ကြီးဟာလည်း ဒီတောကြီးတန်းအတွင်း ဆင်အောက်ရာက ဆင်နင်းလို့ နတ်ရွာစံသွားခဲ့တယ်'

'အမတ်ကြီးရာဇသင်္ကြန်ဟာလည်း ဒီနေရာမှာပဲ သွေးဝမ်းသွားပြီး အနိစ္စရောက်ခဲ့တယ်'

'နောက်ပြီးတော့ ဥဇနာဘုရင်ရဲ့သားတော် သီဟသူမင်းသားလေးဟာလည်း ဒီတောကြီးတန်း တစ်နေရာမှာ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်'

ကျွန်မလည်း သီဟသူဟူသည့်အမည်ကို ဤအချိန်မှ စတင်ကြားဖူးခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က သီဟသူဟူသည့်အမည်ကို ကြားသိရသော်လည်း တစ်နေ့သောအခါတွင် သီဟသူ၏ ထူးထူးခြားခြား ဘဝဖြစ်စဉ်များကို ကြားသိရမည်ဟု တစ်ခါဖူးမျှ မထင်ခဲ့ချေ။

သီဟာသူမင်းသားလေး၏အကြောင်းသိရန် ဖန်လာပုံမှာ ထိုစဉ် အခါကတည်းက ဘကြီးဦးလူမောင်၏ ပြောစကားက စတင်သည်ဟု ဆိုရပေမည်။

ထိုတောကြီးတန်း၌ သရက်၊ ပိန္နဲ၊ မာလကာ၊ နာနတ် စသည့် အသီးအနှံများ ပေါများသကဲ့သို့ အခြားနေရာများ၌ ပေါက်ရောက်ခြင်း မရှိသော တွတ်တပတ်ပင်များလည်း ပေါက်ရောက်ခဲ့ပါသည်။ တွတ် တပတ်သီးကိုလည်း ယခင်က တစ်ခါမျှမစားဖူးခဲ့ပေ။ ဘကြီးဦးလူ မောင်ဆီသို့ သွားလည်စဉ်-

'ငါ့တူမတို့… ထမင်းစားပြီး အချိုတဲကြဦး'

ထိုသို့ပြောဆိုပြီး ပိန္နဲသီးအမွှာများနှင့်တူသည့် အမွှာများကို ပန်းကန်နှင့်အပြည့် ခည့်ခံကျွေးမွေးခဲ့ပါသည်။ အနံ့ကိုမွှေးကြည့်ရာ အလွန်ချိုမွှေးသည့်ရနံ့ရှိပြီး စားကြည့်သောအခါ အရသာမှာ ပိန္နဲသီး ထက် ပိုကောင်းပါသည်။

'ဘကြီး… ဒီအသီးက ဘာအသီးလဲ တော်တော်စားလို့ ကောင်းတယ်'

'အေး… အဲဒါ တွတ်တပတ်သီးလို့ခေါ်တယ်ကွဲ့၊ ဘကြီးတို့ တောကြီးတန်းမှာပဲပေါက်တာ၊ အခြား ဘယ်နေရာမှ မပေါက်ဘူး'

'အင်းလေ… ဒီလိုအနံ့အရသာကောင်းတဲ့ အသီးမျိုး တစ်ခါ မှ မစားဖူးဘူး'

တွတ်တပတ်အပင်နှင့် အသီးကို ထိုနေရာရောက်မှ စတင်တွေ့ ဖူးခြင်း ဖြစ်ပါသည်။

'အင်း… တွတ်တပတ်ပင်ဆိုလို့ ပြောရဦးမယ်၊ ရာဇသင်္ကြန်

အမတ်ကြီးရဲ့ဂူကို ငှက်အော်စမ်းတောကြီးထဲမှာ သုတေသနအုပ်စုက လာရှာတယ်ဆိုလား ကြားရတယ်၊ သူတို့လည်း ဟိုတူး ဒီတူးနဲ့ တွတ်တပက်ပင်ကြီးလဲနေတာတွေ့လို့ တူးကြည့်တော့ ရွှေအိုးကြီးရသွားတယ်ဆိုလား ပြောသံကြားရတာပဲ'

'ဟုတ်လား ဘကြီး'

'အေး… အဲဒီလိုသတင်းကြားလို့ ဇာစ်မြစ်လိုက်ကြည့်လိုက်တော့ ဟိုလူယူသွားသလိုလို ဒီလူယူသွားသလိုလိုနဲ့'

'ရွှေအိုးကြီးရသွားတဲ့လူကတော့ သူဌေးဖြစ်ပြီပေါ့နော် ဘကြီး'

'အေးပေါ့ တူမရဲ့၊ ဒါပေမဲ့ အဲဒီရွှေအိုးကြီးက ပျောက်နေတယ်'

'ရွှေအိုးကြီးတွေ့တယ်ဆိုတာကရော ဟုတ်ရောဟုတ်လို့လား ဘကြီးရယ်'

'အဲဒီ တွတ်တပတ်အပင်ကြီးအောက်မှာ တွေ့တဲ့လူတွေက သေသေချာချာတွေ့တာတဲ့'

ထိုသို့ဖြင့် တွတ်တပတ်အပင်ကြီးနှင့် ရွှေအိုးအကြောင်းကို စတင်ကြားသိခဲ့ရပါသည်။ ၎င်းဘိုးပြောသောအကြောင်းမှာ နောင်တစ်ချိန်တွင် သီဟသူမင်းသားကလေးနှင့် ဆက်စပ်နေလိမ့်မည်ဟု မထင်ခဲ့မိချေ။

'ဘကြီး… ဘကြီး ခုနကပြောတဲ့အထဲမှာ ငှက်အော်စမ်းဆိုတာပါတယ်၊ အဲဒါ ဘယ်နားမှာလဲ'

'အဲဒါက ကျော့မှူးဘက်ကနေသွားရင် (၇)မိုင်လောက်ဝေး

တယ်၊ အဲဒီကဆက်သွားရင် ကျိုက်ထော်ကိုရောက်တယ်'

'ဘကြီး… ငှက်အော်စမ်းလို့ ဘာဖြစ်လို့ခေါ်တာလဲ'

'အဲဒီတောကြီးအတွင်းမှာ စမ်းရေအိုင်တွေရှိတယ်။ အဲဒီအိုင်ထဲမှာ ငါးတွေတော်တော်ပေါတယ်။ ငါးတွေပေါသလို ငှက်ပေါင်းစုံအလွန်ပေါတယ်၊ ငှက်ကလေးတွေရဲ့ အော်သံဟာလည်း အဲဒီစမ်းအိုင်တစ်ဝိုက်မှာ ဆူညံနေလို့ ငှက်အော်စမ်းလို့ခေါ်သကွဲ့'

'ဩော်… တွံတေးတောကြီးတန်းက ငှက်အော်စမ်းဆိုတဲ့ တောကြီးက ရွှေအိုးကို ဘယ်သူရသွားလိမ့်နော်'

ထိုစဉ်အခါကတည်းက သည်တောတန်း တွတ်တပတ်ပင်နှင့် ရွှေအိုးအကြောင်း စိတ်ဝင်စားခဲ့ပါသည်။

သည်လိုနှင့်ပင် ကျွန်မလည်း တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက်သင်ကြားခဲ့သည့်အတွက် ဘကြီးဦးလူမောင်တို့ထံ နှစ်စဉ်နှစ်တိုင်း မရောက်တော့ပေ။ သို့သော်လည်း ရံဖန်ရံခါ ထိုတောကြီးတန်းမှဖြတ်ကာ မွေးရပ်မြေ ဒေးဒရဲသို့ ပြန်ဖြစ်ခဲ့ပါသည်။ ထိုစဉ်အခါက ကုန်းလမ်းခရီးမှာ လမ်းမကောင်းသဖြင့် ကုန်းလမ်းမှ အသွားနည်းပါသည်။ ရေလမ်းမှ မော်တော်၊ သင်္ဘောတို့ဖြင့်သွားသည်က များပါသည်။ သင်္ဘောခမှာ (၃)ကျပ်သာ ရှိပါသည်။

ထိုသို့ဖြင့် တဖြည်းဖြည်း တောကြီးတန်းနှင့် ဝေးခဲ့ပါပြီ။

တက္ကသိုလ်မှဘွဲ့ရပြီးနောက် လုပ်ငန်းခွင်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်နေစဉ် အိမ်ထောင်ကျသဖြင့် ထိုဒေသသို့ ပို၍မရောက်ဖြစ်ဘဲရှိနေပါတော့သည်။ ထိုဒေသသို့ မရောက်ဖြစ်လေလေ ထိုဒေသကို

မေ့လေလေဖြစ်ခဲ့ရပါသည်။ အိမ်ထောင့်တာဝန်များနှင့် အလုပ်တာဝန်တို့ဖြင့် မအားလပ်သည့်အတွက် ထိုတောကြီးတန်းက ဖြစ်ရပ်ဆန်းများကိုလည်း သတိမရတော့ပေ။

သို့သော် တွေ့ချိန်တန်လျှင် တွေ့ရပေမည်။

ထို့အတူ သိချိန်တန်လျှင်လည်း သိခွင့်ကြုံရပေမည်။

တစ်နေ့သောအခါ သီဟသူမင်းသားကလေးနှင့်ပတ်သက်၍ သိခွင့်ကြုံခဲ့ရပါသည်။

⁘

# အခန်း(၃)

## ကာမှူညီးတင်မည့် ပန်းချီကားတစ်ချပ်

လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်ခန့်က ဒေါ်မြစိန်ဟူသော ဗေဒင်ဆရာမတစ်ဦးနှင့် ကျွန်မ ခင်မင်ရင်းနှီးခဲ့ပါသည်။ ခင်မင်ရင်းနှီးပုံမှာလည်း အများနှင့်မတူ ခြားနားသည်ဟု ဆိုရပေမည်။

ထိုစဉ်က ကျွန်မသည် ညနေဆေးရုံမှ အလုပ်နားချိန်တွင် ကိုယ်ပိုင်ဓာတ်ခွဲခန်းကလေးတစ်ခုဖွင့်လှစ်ကာ ရောဂါရှာဖွေပေးခဲ့ပါသည်။ ကျွန်မ၏ဓာတ်ခွဲခန်းတွင် ဒေါ်မြစိန်ဟူသော လူနာမှာ မကြာခဏ ဆီးချိုလာရောက်စစ်ဆေးလေ့ရှိပါသည်။ ဆီးချိုစစ်ဆေးသည့်အခါတိုင်း သွေးအတွင်း ဆီးချိုဓာတ်များနေကြောင်း တွေ့ရပါသည်။

သွေးအတွင်း ဆီးချိုဓာတ်များသည်ကို အကြောင်းပြု၍ ဒေါ်မြစိန်နှင့် စကားပြောဖြစ်ခဲ့ပါသည်။

'ဒေါ်မြစိန်း ဆီးချိုစစ်တိုင်းလိုလို ဆီးချိုတွေတက်နေတယ်၊ ဆေးမှန်မှန်သောက်ဖြစ်ရဲ့လား'

'ဆေးမှန်မှန်သောက်ပါတယ်၊ ဒါပေမဲ့ မျိုးရိုးကြောင့်ဖြစ်တဲ့ ရောဂါလို့ ဆရာဝန်က ပြောတာပဲ၊ နည်းနည်းလေး အစားမှားတာနဲ့ တက်တော့တာပဲ'

'မတည့်တဲ့အစာကို ရှောင်မှ ဆီးချိုကျမှာ'

'ဟုတ်ပါတယ် ဆရာမရယ်၊ လူတွေဟာ မတည့်တဲ့အစာကို ပိုစားချင်ကြတယ်၊ နည်းနည်းလေးဆိုပြီး စားမိတာကအစ ဆီးချိုတက်လာတော့တာပဲ'

'ဒါနဲ့ ဒေါ်မြစိန် ဘာအလုပ်လုပ်ပါသလဲ'

ကျွန်မက ဗေဒင်နက္ခတ်နဲ့ဟောတဲ့ ဗေဒင်ဆရာမတစ်ယောက်ပါ'

'အင်း… နက္ခတ်ဗေဒနဲ့ဟောတာ ဟုတ်လား'

'ဟုတ်ပါတယ်'

'အချိန်ရမယ်ဆိုရင် စကားနည်းနည်းပြောချင်ပါတယ် ဆရာမ ဒေါ်မြစိန်'

'ပြောပါ ဆရာမ'

'ကျွန်မရဲ့စိတ်ထဲက အသိကို အရှိအတိုင်းပဲ မေးချင်တယ်၊ ဘယ်လိုမှစိတ်မရှိပါနဲ့လို့ ကြိုတင်တောင်းပန်ပါရစေ'

'ရပါတယ် ဆရာမရယ်'

'ကျွန်မက ထူးခြားဆန်းကြယ်တဲ့အကြောင်းတွေကိုသိလို့ ဝါသနာပါပါတယ်။ စကြဝဠာကြီးမှာ လည်ပတ်နေတဲ့ ဂြိုဟ်တွေရဲ့

ဤသို့ဖြင့် ကျွန်မနှင့် ဒေါ်မြစိန်တို့နှစ်ဦး ခင်မင်ရင်းနှီးလာကာ အလုပ်အားချိန်တွင် သူမ၏ဗေဒင်ဟောရာ အိမ်ဂေဟာသို့ ကျွန်မ ရောက်ခဲ့ပါသည်။ ဆရာမဒေါ်မြစိန်က ဘာဝ (၁၂)ပါးအကြောင်းကို ရှင်းပြခဲ့ပါသည်။

'ဘာဝ (၁၂)ပါးရှိပါတယ်။ တနု၊ ကုဋုမ္ဗ၊ သဟဇ၊ ဗန္ဓု၊ ပုတြ၊ အာရီ၊ ပတနီ၊ မရဏ၊ သုဘ၊ ကမ္မ၊ လာဘ၊ ဗျယ တို့ဖြစ်ပါ တယ်'

'ဟုတ်ကဲ့ပါ'

'အားလုံးသော ဘာဝ (၁၂)ပါးမှာ မည်သည့်ဘာဝမဆို 'သောမဂြိုဟ်'များဟာ မိမိတို့ရဲ့ ကောင်းသောသခင်ဂြိုဟ်များနဲ့ ကောင်းသောဘာဝသခင်ဂြိုဟ်များ ယှဉ်စေ မြင်စေ။ 'ပါပဂြိုဟ်'များ ယှဉ်ခြင်း၊ မြင်ခြင်းကင်းလွတ်စေ။ ဤအင်္ဂါရပ်နဲ့ ပြည့်စုံတဲ့ဘာဝဟာ ကောင်းကျိုးအပြည့်အဝပေးလိမ့်မယ်လို့ အဟောရှိပါတယ်'

'ဟုတ်ကဲ့ပါ'

'ဒါပေမဲ့ 'ပါပဂြိုဟ်'တို့ဟာ ကောင်းတဲ့ဘာဝရဲ့ သခင်ဂြိုဟ် ဖြစ်ရင်လည်း ကောင်းကျိုးပေးကြပါတယ်။ ဂြိုဟ်အားလုံးတို့ဟာ 'နိစ်' အိမ်မှာနေမယ်၊ ရန်အိမ်မှာနေမယ်၊ အတ္တဖြစ်ခြင်းကင်းလွတ်မှ ကောင်း ကျိုးအပြည့်အဝပေးနိုင်ပါတယ်'

'ဩော်...'

'ဒါကြောင့် ဗေဒင်ဆရာတွေဟာ ဒီဘာဝကို ဟောမယ်ဆိုရင် သက်ဘာဝကို သေချာစွာစစ်ဆေးပြီးမှ ကောင်းမကောင်းကို ဟောရ ပါတယ်'

ဤသို့ဖြင့် ကျွန်မနှင့် ဒေါ်မြစိန်တို့နှစ်ဦး ခင်မင်ရင်းနှီးလာကာ အလုပ်အားချိန်တွင် သူမ၏ဗေဒင်ဟောရာ အိမ်ဂေဟာသို့ ကျွန်မ ရောက်ခဲ့ပါသည်။ ဆရာမဒေါ်မြစိန်က ဘာဝ (၁၂)ပါးအကြောင်းကို ရှင်းပြခဲ့ပါသည်။

'ဘာဝ (၁၂)ပါးရှိပါတယ်။ တနု၊ ကုဋုမ္ဗ၊ သဟဇ၊ ဗန္ဓု၊ ပုတြ၊ အာရိ၊ ပတနီ၊ မရဏ၊ သုဘ၊ ကမ္မ၊ လာဘ၊ ဗျယ တို့ဖြစ်ပါ တယ်'

'ဟုတ်ကဲ့ပါ'

'အားလုံးသော ဘာဝ (၁၂)ပါးမှာ မည်သည့်ဘာဝမဆို 'သောမဂြိုဟ်'များဟာ မိမိတို့ရဲ့ ကောင်းသောသခင်ဂြိုဟ်များနဲ့ ကောင်းသောဘာဝသခင်ဂြိုဟ်များ ယှဉ်စေ မြင်စေ။ 'ပါပဂြိုဟ်'များ ယှဉ်ခြင်း၊ မြင်ခြင်းကင်းလွတ်စေ။ ဤအင်္ဂါရပ်နဲ့ ပြည့်စုံတဲ့ဘာဝဟာ ကောင်းကျိုးအပြည့်အဝပေးလိမ့်မယ်လို့ အဟောရှိပါတယ်'

'ဟုတ်ကဲ့ပါ'

'ဒါပေမဲ့ 'ပါပဂြိုဟ်'တို့ဟာ ကောင်းတဲ့ဘာဝရဲ့ သခင်ဂြိုဟ် ဖြစ်ရင်လည်း ကောင်းကျိုးပေးကြပါတယ်။ ဂြိုဟ်အားလုံးတို့ဟာ 'နိစ်' အိမ်မှာနေမယ်၊ ရန်အိမ်မှာနေမယ်၊ အတ္တဖြစ်ခြင်းကင်းလွတ်မှ ကောင်း ကျိုးအပြည့်အဝပေးနိုင်ပါတယ်'

'ဪ...'

'ဒါကြောင့် ဗေဒင်ဆရာတွေဟာ ဒီဘာဝကို ဟောမယ်ဆိုရင် သင်္ဘာဝကို သေချာစွာစစ်ဆေးပြီးမှ ကောင်းမကောင်းကို ဟောရ ပါတယ်'

'ဪ… အဲဒီမှာ သေချာစွာစစ်ဆေးခြင်းဆိုတဲ့ အကြောင်း ကိစ္စကွာဟသွားမယ်ဆိုရင် အဟောကလည်း ကွာဟသွားနိုင်တာ ပေါ့နော်'

'ဟုတ်ပါတယ်'

သူမနှင့် ကျွန်မ ဤသို့တွေ့ဆုံခဲ့ကာ နက္ခတ်ဗေဒဆိုင်ရာ အချက်အလက်များကို ကျွန်မ လေ့လာခဲ့ပါသည်။ ထိုသို့ဖြင့် ကျွန်မ နှင့် သူမမှာ သူ့ပညာ ကိုယ့်ပညာ ဘာသာရပ်များကို နှီးနှောရင်း အလွန်ရင်းနှီးသည့်မိတ်ဆွေများ ဖြစ်လာခဲ့ပါသည်။

သူမထံသို့ ဗေဒင်လာရောက်ကြည့်သူအများပြားနှင့်လည်း တွေ့ဆုံခဲ့ပါသည်။ သူမ၏ဟောကိန်းများမှာ (၇၀)ရာခိုင်နှုန်းခန့်မှန် ကြောင်းလည်း တွေ့ရှိရပါသည်။ သူမနှင့် ကျွန်မမှာ လွန်စွာခင်မင် သော်လည်း ကျွန်မသည် သူမ၏ဗေဒင်ဟောကိန်းမှလွဲ၍ အခြားအခန်း များသို့ မရောက်ဖူးခဲ့ပေ။

သူမကလည်း ဖိတ်ခေါ်ခြင်းမရှိပါ။

ထူးခြားသော တနင်္ဂနွေနေ့တစ်နေ့။

ဒေါ်မြစိန်အိမ်တွင် ဘုန်းတော်ကြီးများအား ဆွမ်းကပ်သည့် အတွက် ကျွန်မအား ဖိတ်မန္တကပြုသဖြင့် ထိုနေ့က ဒေါ်မြစိန်အိမ်သို့ ကျွန်မ ရောက်ခဲ့ပါသည်။

စားသောက်ပြီး၍ ပြန်မည်အပြုတွင်-

'ဆရာမ မပြန်ပါနဲ့ဦး'

'ဘာဖြစ်လို့လဲ ဒေါ်မြစိန်'

'ဆီးချိုနည်းနည်းတက်နေတယ်ထင်လို့ ဆရာမအပြန် ကျွန်မ

လိုက်ခဲ့မယ်၊ ဆရာမ ခဏစောင့်ပေးပါ'

'စောင့်ပေးမယ်လေ'

'ဒါဆိုရင် ဆရာမ အိမ်အလယ်ခန်းမှာ ခဏနားပါ၊ အဲဒီအခန်းထဲမှာ ဗေဒင်ကျမ်းစာအုပ်တွေရှိတယ်၊ ပျင်းရင်ယူဖတ်ပါ'

'ကောင်းပါပြီ'

ထိုသို့ဖြင့် ကျွန်မအား သူမ၏အိမ်အလယ်ခန်းသို့ ပို့ဆောင်ပေးခဲ့ပါသည်။

သူမ၏ အိမ်အလယ်ခန်းကလေးသည် သန့်ရှင်းသပ်ရပ်ပြီး ကြီးမားသော စာအုပ်စင်ကြီးတစ်စင် ရှိပါသည်။ စာအုပ်အရွယ်အစားအမျိုးစုံရှိပြီး ရှေးဗေဒင်ကျမ်းစာအုပ်များသာ ဖြစ်ပါသည်။ ကျွန်မသည် စာအုပ်များထဲမှ တစ်အုပ်ကို ယူကြည့်လိုက်ပါသည်။

'ဖလဒီပိကာ စကားပြေကျမ်းဆိုပါလား'

ထိုကျမ်းစာအုပ်ကို လှန်လှောကာ ဖတ်ရှုမိပါသည်။ အတန်ကြာအောင်ဖတ်နေသည့်တိုင် ဒေါ်မြစိန်ကား ရောက်မလာသေးပေ။ ထို့ကြောင့် စာအုပ်ဖတ်ခြင်းကို အနားပေးကာ အခန်းအတွင်း ဟိုဟိုသည်သည် လျှောက်ကြည့်မိပါသည်။

ထိုအခန်းထဲတွင် ပန်းချီကားချပ် (၄)ချပ်ခန့် ချိတ်ဆွဲထားပါသည်။ ထိုပန်းချီကားချပ်များသည် ရှုခင်းပုံများကို ရေးဆွဲထားခြင်းဖြစ်ပြီး လက်ရာမြောက်လှသဖြင့် ပန်းချီဝါသနာရှင် ပုဂ္ဂိုလ်တစ်ဦး၏ လက်ရာဟူ၍ မှန်းဆမိပါသည်။ ထိုပန်းချီကားများ၏ဘေးတွင် ကတ္တီပါအနီရောင်ဖြင့် ဖုံးအုပ်ထားသော ပန်းချီကားတစ်ချပ်ကို တွေ့မြင်လိုက်ရပါသည်။

ကျွန်မ၏စိတ်တွင် အနည်းငယ်ထူးခြားမှုရှိသည်ဟု ခံစားရပါသည်။

"အခြားပန်းချီကားတွေက ဒီအတိုင်းချိတ်ထားပြီး ဒီဘက်က ပန်းချီကားကျမှ ဘာကြောင့် ကတ္တီပါအနီစနဲ့ အုပ်ထားရပါလိမ့်"

"ဒီပန်းချီကားကို သူတပါး မမြင်စေချင်တာလား၊ ဒါမှမဟုတ် မသိစေချင်လို့လား"

ကျွန်မ၏စိတ်တွင် မေးခွန်းပေါင်းများစွာ မေးနေမိပါသည်။ လူ၏စိတ်မှာ ထူးဆန်းလှပါသည်။ အရာဝတ္ထုတစ်ခုသည် သာမန်နှင့် မတူဘဲ ထူးခြားကောင်း ထူးခြားနေပေမည်။ ထိုအရာဝတ္ထုကို လူမြင်ကွင်းတွင်ထားပါက ကြည့်ရှုသူ၏စိတ်တွင် ထူးခြားသည့်ပစ္စည်းတစ်ခုအဖြစ်သာ မြင်ပေမည်။ ထိုအရာဝတ္ထုအပေါ် စွဲလမ်းသည့်စိတ် ဖြစ်ပေါ်ချင်မှဖြစ်ပေါ်ပေမည်။

အရာဝတ္ထုတစ်ခုကို ဖုံးအုပ်ထားပြီး လူမြင်ကွင်း လမ်းလယ်ခေါင်တွင် ထားပါက မည်သူမဆို ဖွင့်ကြည့်လိုသည့်စိတ်များ ဖြစ်ပေါ်ပေမည်။ ဖွင့်ကြည့်ခွင့်မရသူမှာလည်း ထိုပစ္စည်းအပေါ် သိလိုစိတ်ဖြင့် စွဲလမ်းမှုကို ဖြစ်စေပါသည်။

ဤသည်မှာ သဘာဝကပေးသော ပုထုဇဉ်တို့၏ သိလိုစိတ်ပင်ဖြစ်ပေသည်။ ကျွန်မလည်း ပုထုဇဉ်ပီပီ ဤကတ္တီပါအနီစဖုံးအုပ်ထားသော ပန်းချီကားကို ကြည့်ချင်သည့်စိတ်များ တဖွားဖွားပေါ်ပေါက်လာပါသည်။

ဤပန်းချီကားမှာလည်း လူတစ်ရပ်ခန့်မြင့်သော နေရာတွင် ချိတ်ဆွဲထားသဖြင့် သာမန်လူတစ်ယောက်အနေဖြင့် ကတ္တီပါစကို လှမ်း

ကြည့်ရန် မလွယ်လှပါ။ ကျွန်မအရပ်နှင့်ဆိုပါမူ ခုံတစ်ခုံပေါ်မှ တက်ကြည့်မှသာ ကတ္တီပါစကို လှန်ကြည့်နိုင်ပေမည်။

ကျွန်မစိတ်တွင် ကတ္တီပါစ၏နောက်ကွယ်တွင် ရှိမည့်ပုံမှာ မည်သည့်ပုံမျိုးမှန်း မသိရသဖြင့် လွန်စွာကြည့်ချင်သော်လည်း ကိုယ်နှင့်မဆိုင် ခွင့်မတိုင် ဆွဲကိုင်ခကြည့်ရဟူသော ဆုံးမစာကလေးကို သတိရမိသည့်အတွက် ကျွန်မသည် ထိုပုံရှေ့တည့်တည့်တွင် မတ်တတ်ရပ်ကာ ထိုကတ္တီပါစကလေးကို ငေးမောကြည့်နေမိပါသည်။

ထိုသို့ဖြင့် ကျွန်မ မည်မျှကြာအောင် ငေးနေမိသည် မသိချေ။

'ဆရာမ ဘာကိုကြည့်နေတာလဲ'

ဟူသော နောက်နားဆီမှ အသံတစ်သံကို ကြားလိုက်ရသောအခါမှ နောက်သို့လှည့်ကြည့်လိုက်မိပါသည်။

'ဪ... ဒေါ်မြစိန်ပါလား၊ ကျွန်မက ဒီကတ္တီပါအုပ်ထားတဲ့ ပန်းချီကားကို စိတ်ဝင်စားလို့ ကြည့်နေတာပါ'

'ဒါဆို ဆရာမက ဒီကတ္တီပါအုပ်ထားတဲ့ ပန်းချီကားကို ကြည့်ချင်လို့လား'

'ဟုတ်ပါတယ် ဒေါ်မြစိန်၊ အခြားပန်းချီကားတွေကျတော့ ဒီအတိုင်းချိတ်ထားပြီး ဒီပန်းချီကားကျမှ ဘာဖြစ်လို့ ကတ္တီပါစနဲ့ အုပ်ထားတာလဲလို့ ကျွန်မ တွေးနေတာပါ'

'ကျွန်မလည်း ဒီပန်းချီကားကို ကတ္တီပါစနဲ့ အုပ်မထားချင်ပါဘူး ဆရာမရယ်၊ ဒါပေမဲ့ အဲဒီပန်းချီကားကိုမြင်ရင် ကျွန်မရဲ့စိတ်ထဲမှာ တစ်မျိုးပဲ၊ လွမ်းသလိုလို ဆွေးသလိုလို ခံစားရတဲ့အပြင် ရင်ထဲမှာလည်း နာကျင်သလို ခံစားရပါတယ်'

ပန်းချီကားတစ်ချပ်ကို ကြည့်ရုံမျှဖြင့် လွမ်းဆွေးနာကျင်ဖွယ်သော ခံစားမှုမျိုးကို ခံစားရလောက်အောင် ဤပန်းချီကားက မည်မျှအသက်ဝင်နေသနည်း။ ဤပန်းချီကားသည် မည်သို့သောပန်းချီကားမျိုးနည်းဟူ၍ စိတ်ထဲတွင် အတွေးဝင်လာခဲ့ပါသည်။

'နေစမ်းပါဦး… အဲဒီလို စိတ်ထဲမှာ ခံစားရလောက်အောင် ဒီပန်းချီကားဟာ ဘယ်လိုပန်းချီကားမျိုးဖြစ်နေလို့လဲ'

'သမိုင်းကြောင်းတစ်ခုကို ကိုယ်တိုင်တွေ့ကြုံရတဲ့သူက မှတ်တမ်းကမ္ဗည်းတင်ထားတဲ့ ပန်းချီကားတစ်ချပ်ပေါ့၊ ဆရာမလည်း ဒီပန်းချီကားကို ကြည့်ပြီးရင် ကျွန်မလို ခံစားရမှာပဲ'

'ဒေါ်မြစိန်က ဒီပန်းချီကားကို ဒီလောက်ညွှန်းနေမှတော့ ကျွန်မ ကြည့်ချင်ပါတယ်၊ ကြည့်ခွင့်ရှိမလား ဒေါ်မြစိန်'

'ကြည့်ချင်ရင်တော့ ပြရတာပေါ့၊ ဒီပန်းချီကားကိုကြည့်ပြီးမှ တစ်ခုခုခံစားရတယ်လို့ မပြောပါနဲ့'

'ကျွန်မရဲ့စိတ်က အနုပညာဗီဇပါတယ်၊ လွမ်းစရာရှိရင်လည်း လွမ်းမိမှာပဲ'

ဒေါ်မြစိန်သည် ထိုသို့ပြောဆိုပြီး အနီးရှိခုံတစ်ခုံပေါ်တက်ကာ ကတ္တီပါစကို ဖယ်ရှားလိုက်ပါသည်။

'ကဲ… ဆရာမ ကြည့်ပေတော့'

ကတ္တီပါစကို ဖယ်ရှားလိုက်သောအခါ အံ့ဩဖွယ်ကောင်းသည့် ပန်းချီကားတစ်ချပ် 'ဘွားခနဲ' ပေါ်လာပါတော့သည်။

ထိုပန်းချီကားထဲမှ ရုပ်ပုံကား-

အုံ့မှိုင်းနေသော တောရိပ်တောတန်း၏အလယ်တွင် မှန်ဖြင့်

ပြုလုပ်ထားသော အခေါင်းတစ်ခု။ ထိုမှန်ခေါင်းအတွင်း၌ လဲလျောင်းနေသော မင်းညီမင်းသားဝတ်စုံဝတ်ဆင်ထားသည့် မင်းသားကလေးတစ်ပါး ၄င်း၏ဘေးတွင် ရာဝင်စဥ့်အိုးကြီးတစ်လုံး။ ထိုရာဝင်စဥ့်အိုးကြီးပေါ်တွင် စာတန်းတစ်ခု ရေးထိုးထားပါသည်။ ထိုစာတန်းမှာ-

'မင်းသား သီဟသူ(ပုဂံခေတ်)မြန်မာနိုင်ငံ၊ အေဒီ (၁၂၅၄)'

ဟူ၍ ရေးထိုးထားပါသည်။

ကျွန်မသည် ဤပန်းချီကားကိုကြည့်ရင်း မှန်ခေါင်းထဲ၌ နတ်ရွာစံနေသော မင်းသားကလေး၏ပုံကို အဘယ်ကြောင့် ရေးဆွဲထားသနည်းဟူသည့် မေးခွန်းမှာ အတွေးထဲဝင်ရောက်လာပါသည်။ ထိုသို့တွေးရင်း ဆက်လက်ကြည့်ရှုခဲ့ရာ ပန်းချီကားအောက်ခြေတွင် ပန်းချီကား၏အမည်ကို ရေးထိုးထားပါသည်။

ပန်းချီကား၏အမည်ကား-

**'ဆေးရည်စိမ် ပုဂံအိမ်ရှေ့မင်းသားသီဟသူ'**တဲ့။

ဤသို့ ရေးထားသည်ကို ဖတ်ရှုရပါသည်။ သာမန်မဟုတ်သော ဤပန်းချီကားကို မြင်လိုက်ရသည့်အတွက် အံ့ဩကာ အတန်ကြာအောင် ငေးမောနေမိပါသည်။

'ဒီပန်းချီကားကိုကြည့်ပြီး ဆရာမ အံ့ဩနေသလား'

'ဟုတ်ပါတယ် ဒေါ်မြစိန်၊ ကျွန်မ တကယ်ပဲ အံ့ဩနေပါတယ်၊ ဒီပန်းချီကားထဲမှာ ပုဂံခေတ်လည်းပါတယ်၊ မင်းသား သီဟသူလည်းပါတယ်၊ ဆေးရည်စိမ်လည်းပါတယ်၊ အဲဒါတွေက ဘာတွေလဲ ရှင်းပြစမ်းပါဦး'

'ရှင်းပြရရင်တော့ အရှည်ကြီးပဲ၊ ဒီပန်းချီကားဟာ အတိတ်

က ရာဇဝင်ကြောင်းတစ်ခုနဲ့ ဆက်စပ်နေတယ်၊ ဒီပန်းချီကား ဆွဲဖြစ်တာလည်း အလွန်ထူးခြားတဲ့တိုက်ဆိုင်မှုတစ်ခုကြောင့်ပဲ"

"ဒီပန်းချီကားကို ဘယ်သူဆွဲတာလဲ၊ ဘယ်လိုတိုက်ဆိုင်တာလဲ"

"ဒီပန်းချီကားကို ဆွဲတဲ့လူကတော့ ကျွန်မရဲ့အဖေ ပန်းချီဆရာကြီး ဦးဘချစ်ပါပဲ၊ ဘယ်လိုတိုက်ဆိုင်မှုလဲဆိုတော့…"

ထိုသို့ဆိုက အဖြစ်အပျက်များကို ဒေါ်မြစိန်က ပြောပြခဲ့ပါသည်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)ခန့်က အဖြစ်အပျက်တစ်ခု။

တိတိကျကျပြောရရင် (၁၉၅၀-၁၉၅၃)ခုနှစ်ခန့်က-

မြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီး မကြာမီတွင်

မြန်မာနိုင်ငံ ရှေးဟောင်းပစ္စည်းရှာဖွေရေးလုပ်ငန်းတွင် မြန်မာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ မြန်မာပြည်သို့ စေလွှတ်ခဲ့ပါသည်။

မြန်မာသမိုင်းပညာရှင်များနှင့် အမေရိကန်သမိုင်းပညာရှင်များပါဝင်သော ရှေးဟောင်းပစ္စည်းရှာဖွေ သုတေသနပြုအဖွဲ့တစ်ဖွဲ့သည် တွံတေးတောကြီးတန်း ငှက်အော်စမ်းတောကြီးထဲသို့ ရောက်ရှိလာခဲ့ပါသည်။

၎င်းတို့၏ အဓိကရည်ရွယ်ချက်မှာ ဒလမြို့ဟောင်း၌ ကွယ်လွန်သွားသည့် အမတ်ကြီးရာဇသင်္ကြန်၏ ဗူသချိုင်းကို ရှာဖွေရန်ဖြစ်ပါသည်။

"ဒီလိုရှာဖွေရင်း ရာဇသင်္ကြန်ရဲ့ ဗူသချိုင်းကိုမတွေ့ဘဲ မမျှော်

လင့်ဘဲ ပုဂံမင်းသားလေး သီဟသူရဲ့အလောင်းကို ရာဝင်စဥ့်အိုးကြီးထဲမှာ မပုပ်မသိုးအောင် ဆေးရည်စိမ်ထားတာကို တွေ့ခဲ့ရသတဲ့'

'ဩော်… ဟုတ်လား၊ အံ့ဩစရာပဲနော်'

'ဟုတ်ပါတယ်… ဒီမင်းသားလေး သီဟသူရဲ့အလောင်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀၀)ကျော်ကတည်းက ဆေးရည်စိမ်ထားတာ၊ အခု ရှာဖွေတွေ့ရှိတဲ့အထိ အကောင်းပကတိအတိုင်းပဲတဲ့။ အမေရိကန်ပညာရှင်များရဲ့ အဆိုအရကတော့ နောက်ထပ်နှစ်ပေါင်း ရာပေါင်းများစွာ မပုပ်မသိုး အကောင်းအတိုင်းရှိဦးမှာပဲလို့ ပြောတယ်တဲ့'

'ဒါဆိုရင် မြန်မာရဲ့ ဆေးရည်စိမ်အတတ်ပညာဟာ အဲဒီတုန်းကခေတ်မှာတောင် ဒီလောက်အထိ တိုးတက်ခဲ့တယ်ဆိုတဲ့ သာဓကအဖြစ် ဒီမင်းသားလေးရဲ့အလောင်းဟာ သက်သေပဲပေါ့နော်'

'ဟုတ်ပါတယ်… ဒီအလောင်းကို ရှာဖွေတွေ့ရှိခြင်းဟာ မြန်မာတွေရဲ့ ဆေးရည်စိမ်အတတ်ပညာရဲ့ အဆင့်အတန်းကို ဖော်ပြလိုက်တာပဲ'

'ဒါနဲ့ ဒေါ်မြစိန်ရဲ့အဖေက ဒီဆေးရည်စိမ်မင်းသားလေးရဲ့ ပုံတူကို ဘာကြောင့်ပန်းချီဆွဲခဲ့တာလဲ'

'အမှန်တော့ အဖေဟာ ပန်းချီဆရာတစ်ဦးပါ။ ဒါပေမဲ့ ကိုယ့်တိုင်းပြည်က အခုမှ လွတ်လပ်ရေးရတာဆိုတော့ စားဝတ်နေရေး မပြည့်စုံတဲ့အတွက် ကျရာအလုပ်ကို ဝင်လုပ်ရင်း ရှေးဟောင်းသုတေသနအဖွဲ့မှာ အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရတယ်။ ဒီတုန်းက ကျွန်မက (၃)နှစ်သမီးလောက်ပဲရှိသေးတယ်'

'ဩော်… ဩော်'

'ပန်းချီအနုပညာရှင်ဖြစ်တဲ့ အဖေဟာ ဒီလို ထူးဖော်တဲ့လူတွေနဲ့ အတူလိုက်ခဲ့ရင်း ဒီမင်းသားကလေးရဲ့အလောင်းကို တွေ့ရှိခဲ့တယ်။ နောက်တော့ အမေရိကန်ပါရဂူကြီး အမေရိကန် ပြန်တဲ့အခါမှာ မင်းသားလေးရဲ့အလောင်းကို ရာဝင်စဋ္ဌအိုးကြီးမှာထည့်ပြီး ကောက်ရိုးတွေနဲ့ ရစ်ပတ်ကာ ထင်းရှူးသေတ္တာနဲ့ အသေအချာ ထုတ်ပိုးခဲ့တယ်။ အဲဒီ ထင်းရှူးသေတ္တာကြီးကို တချို့ ဒလမြို့သူမြို့သားတွေက တွေ့လိုက်ကြတယ်တဲ့။ ကိုယ့်မြန်မာထီးနန်းက မင်းသားကလေးဟာ ကိုယ့်တိုင်း ကိုယ့်ပြည်မှာမရှိတော့ဘဲ တိတ်တဆိတ်ယူဆောင်သွားတာကို သိစေချင်တဲ့ဆန္ဒနဲ့ အဖေဟာ သူတတ်ကျွမ်းတဲ့ ပန်းချီဆရာနဲ့ တောကြီးတန်းမှာ တွေ့ခဲ့တဲ့ မင်းသားကလေးရဲ့ပုံကို ရေးဆွဲမှတ်တမ်းတင်ထားလိုက်တာပဲ'

'သြော်… ဒါဆိုရင် အဖြစ်မှန်ကို မှတ်တမ်းတင်ထားလိုက်တာပဲ'

'သိပ်မှန်တာပေါ့ ဆရာမရယ်'

ဒေါ်မြစိန်ကလည်း သူသိသမျှ ရှင်းပြခဲ့ပါသည်။

'အဲဒီမင်းသားကလေးက ဒီတောကြီးတန်းထဲမှာ ဘာကြောင့် နတ်ရွာစံရတာလဲ'

'အဲဒါတော့ ကျွန်မ မသိပါဘူး ဆရာမရယ်၊ အဖေတို့တော့ ပြောနေကြတာပဲ၊ ကျွန်မက ငယ်တော့ မမှတ်မိဘူး၊ အခုလည်း ကျွန်မ မှတ်မိသလောက် ပြန်ပြောပြတာ'

'အေးပေါ့လေ… ကျွန်မလည်း ဒီလောက်သိခွင့်ရှိတာ ကျေနပ်ပါတယ်'

'ကျွန်မ ငယ်ငယ်ကလေးတည်းက ဒီပုံကို အဖေက ဆွဲတာလေ၊ ဒီပုံကလေးကိုပြပြီး မင်းသားလေးအကြောင်းပြောတယ်၊ ဘာကြောင့်မှန်းမသိဘူး ဒီပုံကိုတွေ့တာနဲ့ ကျွန်မ အရမ်းငိုချင်တယ်။ နောက်ပြီး ကျွန်မတို့ မင်းသားကလေးကို အမေရိကန်တွေက ဘာလို့ ယူသွားသလဲဆိုပြီး စိတ်ထဲမှာ မချင့်မရဲဖြစ်မိတယ်'

'ဟုတ်တာပေါ့နော်၊ သူတို့က ဘာကြောင့် ဒီမင်းသားလေးရဲ့အလောင်းကို အမေရိကန်ကို ယူသွားရတာလဲ၊ သူတို့နဲ့လည်း မဆိုင်ဘဲနဲ့'

'ဟုတ်တယ် ဆရာမရယ်၊ နောက်ပြီး ဒီမင်းသားလေးကို ဘာကြောင့် ရာဝင်စဥ့်အိုးကြီးထဲမှာ ဆေးရည်စိမ်ပါလိမ့်လို့ ခဏခဏ တွေးမိတယ်'

'အင်းလေ… ပန်းချီကားရဲ့အမည်ထဲမှာ ဆေးရည်စိမ်ပုဂံအိမ်ရှေ့မင်းသား သီဟသူလို့ပါတယ်ဆိုတော့ ဒီမင်းသားလေးကို ဘာကြောင့်များ ဆေးရည်စိမ်ထားပါလိမ့်နော်'

'ဟုတ်တယ် ဆရာမရယ်၊ ဒီပန်းချီကားကိုကြည့်တိုင်း စိတ်ထဲမှာ ခံစားရလွန်းလို့ အဖေဆုံးပြီးကတည်းက ဒီပန်းချီကားကို ကတ္တီပါစနဲ့အုပ်ထားလိုက်တာ'

'ဟုတ်တယ် ဒေါ်မြစိန်ပြောသလိုပဲ ဒီပန်းချီကားကိုကြည့်ပြီး ကျွန်မလည်း လွမ်းချင်သလိုလို စိတ်မကျေနပ်သလိုလို တစ်မျိုးပဲခံစားရတယ်'

'ဒါဆိုရင် ဆရာမမှာလည်း အနုပညာအသည်းနှလုံးရှိလို့နေမှာ'

'ဖြစ်နိုင်ပါတယ်'

'ကဲ... ဆရာမလည်း ပြန်ချင်ပြီနဲ့တူတယ်၊ ကျွန်မလည်း ညီးချိုစစ်ဖို့ လိုက်ခဲ့ဦးမယ်'

ဒေါ်မြစိန်သည် ကျွန်မနှင့်အတူ လိုက်ပါလာခဲ့ပါသည်။ ကျွန်မ၏ ဓာတ်ခွဲခန်းတွင် သွေးစစ်ဆေးပေးပြီး သူမ ပြန်သွားခဲ့ပါသည်။ သူမ ပြန်သွားသော်လည်း ကျွန်မ၏အတွေးထဲတွင် ဆေးရည်စိမ်မင်းသားလေး သီဟသူအကြောင်း ရောက်ရှိလာပါသည်။

'ပုဂံပြည်က အိမ်ရှေ့မင်းသားကလေးက ဘာကြောင့် ဒလမြို့ဟောင်း တွံတေးတောကြီးတန်း ငှက်အော်စမ်းထဲ ရောက်ရှိနေရပါလိမ့်'

'အမေရိကန်ပါရဂူကရော သည်မင်းသားကလေးရဲ့အလောင်းကို ဘာကြောင့် အမေရိကန်ယူသွား ရပါလိမ့်'

'နောက်ပြီး မြန်မာရာဇဝင်ထဲမှာ ဆေးရည်စိမ်မင်းသားလေးရဲ့အကြောင်းကို မကြားစဖူး ဒီမင်းသားကျမှ ဘာကြောင့်ဆေးရည်စိမ်ရပါလိမ့်'

'သီဟသူတဲ့... မြန်မာရာဇဝင်မှာ သီဟသူတွေကလည်း အများသား။ ဥဇနာမင်းရဲ့သားတော် သီဟသူ၊ ဘုရင်မကြီးရှင်စောပုမဖြစ်မီက အင်းဝဘုရင် သီဟသူသို့ ဆက်သခြင်းခံခဲ့ရသော ရှင်စောပု၏ခင်ပွန်း အင်းဝဘုရင် သီဟသူများလေလား၊ နရသီဟပတေ့ရဲ့သားတော် (၃)ပါးအနက် သားတော်အလတ် သီဟသူမင်းသားလား'

'ဒီပန်းချီကားထဲက အကြောင်းအရာများက တကယ့်ဖြစ်ရပ်မှန်မှ ဟုတ်ပါရဲ့လား'

သမိုင်းကြောင်းထဲတွင် သီဟသူများလွန်းသကဲ့သို့ ဤဖြစ်ရပ်မှာ အမှန်တကယ်ဟုတ်မဟုတ်ဆိုသည်ကို မဝေခွဲနိုင်။ မဖြေရှင်းနိုင်သော ပုစ္ဆာတစ်ပုဒ်သဖွယ် ဖြစ်ခဲ့ရပါသည်။

သစ်တောအုပ်များ ညို့ညို့ဆိုင်းဆိုင်းကြား၌ မှန်အခေါင်းအတွင်း လဲလျောင်းနေသည့်ရုပ်ပုံကို ကျွန်မမျက်စိထဲမှ မထွက်ပါ။ ဤရုပ်ပုံပန်းချီကားချပ်ကလေးကိုကြည့်ပြီး ရင်ထဲတွင် တစ်ခုခု ခံစားနေရပါသည်။ ဤပန်းချီကားမှာ ဒေါ်မြစိန်ပြောသကဲ့သို့ သာမန်ပန်းချီကားကိုကြည့်ရသည်နှင့် မတူပေ။ ပဟေဠိဆန်သည့် ပုစ္ဆာတစ်ပုဒ်၏ အစကို ဆွဲရသကဲ့သို့ အဆုံးအထိ သိချင်လှပါသည်။ သို့သော် ထိုစဉ်က သည့်ထက်ပို၍ သိခွင့်မရခဲ့ပါ။

ကျိုးကြောင်းဆက်စပ်မှု အဖြေမရရှိသည့်အတွက် ဒဏ္ဍာရီဆန်ဆန် ပုံပြင်တစ်ပုဒ်ဖြစ်ချိမ့်မည်လောဟူ၍ စိတ်အတွေးဖြင့် ဖြေသိမ့်ခဲ့ရပါည်။ မည်သို့ပင်ဖြစ်စေကာမူ တစ်ခါတစ်ရံ အိပ်မပျော်သောညများတွင် ဤမင်းသားကလေးဆီသို့ အတွေးစိတ်များ ရောက်ရောက်သွားခဲ့ပါသည်။

ဤသို့သောအကြောင်းကိုတွေးရင်း တွေးရင်း နှစ်ပေါင်းများစွာကြာလာသောအခါ မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ရပါတော့သည်။ ထိုထက်ပိုဆိုးသည်မှာ ဆရာမဒေါ်မြစိန်လည်း ကွယ်လွန်သွားသဖြင့် ဤပန်းချီကားနှင့်ပတ်သက်သည့်အကြောင်း လက်စပျောက်သွားခဲ့ပါတော့သည်။

ကျွန်မမှာ စာဖတ်ဝါသနာပါသူဖြစ်၍ တွေ့ရာစာအုပ်များကိုဖတ်ရှုရင်း စာရေးဆရာ မိုးမြင့်မောင်ရေးသားသည့် 'အမေရိကန်နိုင်ငံ

ရောက် ပုဂံမင်း ဟူသော ဆောင်းပါးကို အမှတ်မထင်ဖတ်ရှုမိပါသည်။ ထိုဆောင်းပါးတို ဖတ်ရှုရသောအခါ ပုဂံမင်းသားကလေးနှင့်ပတ်သက်သော အချက်အလက်အထောက်အထားများ ပိုမိုပြည့်စုံစွာ သိခွင့်ရလာခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရသည် အမေရိကန်ပညာရှင်များစွာကို အသုံးပြုခဲ့ပါသည်။ ၎င်းပညာသည်အဖွဲ့တွင် ရှေးဟောင်းပစ္စည်း ရှာဖွေတူးဖော်ရေးပါရဂူကြီးတစ်ဦးလည်း ပါဝင်ခဲ့ပါသည်။

ထိုပါရဂူကြီးနှင့် အဖွဲ့သားများသည် ရှေးဒလမြို့ဟောင်း၊ တွံတေးတောကြီးတန်းရှိ ငှက်အော်စမ်းတွင် ရှေးဟောင်းပစ္စည်းရှာဖွေရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ ရာဇသကြန်၏ သင်္ချိုင်းဂူကို ရှာဖွေရန် စိတ်အားထက်သန်ခဲ့ကြပါသည်။ ထိုသို့ သုတေသနပြုစဉ် ထူးခြားသည့် တွေ့ချက်တစ်ခုကို တွေ့ရှိရပါသည်။ ယင်းမှာ ပါရဂူကြီးသည် ပုဂံအိမ်ရှေ့မင်းသား သီဟသူ၏အလောင်းကို ရာဝင်စဉ်အိုးတွင် မပုပ်မသိုးအောင် ဆေးရည်စိမ်ထားသည်ကို တွေ့ရှိက်ရပါသည်။

၎င်းပါရဂူကြီး အမေရိကန်နိုင်ငံသို့အပြန်တွင် သီဟသူ၏အလောင်းထည့်ထားသော ရာဝင်စဉ်အိုးကြီးကို မကွဲမရှစေဘဲ ကောက်ရိုးများခွေပတ်လျက် သစ်သားဝက်ခြံသေတ္တာထဲထည့်ပြီး သင်္ဘောပေါ်သို့ ယူဆောင်သွားခဲ့ပါသည်။

ထိုရာဝင်အိုးကြီးအား အလုပ်သမားများ ထမ်းယူ၍ သင်္ဘောပေါ်သို့ တင်ဆောင်သွားသည်ကို ဒလမြို့သူမြို့သားများ မျက်မြင်

ကိုယ်တွေ့ မြင်တွေ့ရပါသည်။ ယင်းအိုးကြီးကို သင်္ဘောပေါ်သို့ သယ်ဆောင်စဉ် အကောက်တော်ဌာနမှ ဖွင့်ကြည့်စစ်ဆေးခွင့်မရှိသည့်အတွက် စဉ်းစားစရာအချက်တစ်ချက်ပင် ဖြစ်သည်။

"ဟင် ··· ဒေါ်မြစိန်ပြောပြတဲ့ ဆေးရည်စိမ်မင်းသားလေးဟာ တကယ်ပဲရှိခဲ့တာပါလား"

ထိုသို့ဖြင့် ထိုဆောင်းပါးကို ဆက်ဖတ်ကြည့်ရာ ဒေါ်မြစိန် မသိသေးသည့်အချက်များကိုပါ ကျွန်မ သိခွင့်ရခဲ့ပါသည်။

ထိုရာဝင်စဉ်အိုးကြီးသယ်ဆောင်သွားစဉ် မျက်မြင်ကိုယ်တွေ့ကြုံရသူတစ်ဦးမှာ အမေရိကန်ရှိ ပါရဂူကြီးထံ ရောက်ရှိသွားခဲ့ပါသည်။ ၄င်းယူဆောင်သွားသည့် မင်းသားကလေး၏အလောင်းကို ၄င်း၏ပြတိုက်၌ ထားရှိခဲ့ပါသည်။ ၄င်းအပြင် မင်းသားလေး၏ အလောင်းအား မှန်ခေါင်းဖြင့်ထည့်ကာ ကျောက်စားပွဲရှည်ကြီးပေါ်တွင် တင်ထားပါသည်။ ထိုမှန်ခေါင်းထဲတွင် ဆေးစိမ်ထားသော အသက် (၂၀)ပင် မပြည့်သော လုလင်ပျို၏အလောင်းကို တွေ့မြင်ခဲ့သည်ဟု ဆိုပါသည်။

ထိုမှန်ခေါင်းတွင် (Prince Thi Ha Thu Pagan Period, Burma, 1254.AD)ဟူသော ကမ္ပည်းစာတန်းရေးထိုးထားပြီး အလောင်း၏ရုပ်လက္ခဏာမှာ သျှောင်တစောင်းထုံးထားပြီး နှုတ်ခမ်းမွေးရေးရေး၊ ကိုယ်လုံးကိုယ်ပေါက် ထောင်ထောင်မောင်းမောင်း၊ အသားဝါအရောင်အဆင်းရှိပါသည်။ မင်းသားလေး၏ ကိုယ်ပေါ်တွင် ခြင်္သေ့ရုပ်များဖော်ထားသည့် ငွေချည်ဖောက်မည်းပုဆိုးနှင့် ထိုင်မသိမ်းအင်္ကျီကို ဝတ်ဆင်ထားပါသည်။ ၄င်း၏ခန္ဓာကိုယ်ပေါ်တွင် ရွှေများဆင်မြန်းထား

ပြီး ပိုးပဝါကလေးကို လက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား ပါသည်။

ထို့အပြင် ပါးရိုးများထောင်ထလာအောင် အံကို တင်းတင်း ကြိတ်ထားသည့်မျက်နှာအသွင်အပြင်ရှိပြီး မျက်လုံးမှာကား ပြုံးကြောင် လျက်ရှိကြောင်း တွေ့မြင်ရသည်ဟု ဆိုပါသည်။

ထိုဆောင်းပါးကို ဆက်လက်ဖတ်ရှုရသောအခါ-

'ဩော်... မင်းသားသီဟသူရဲ့အလောင်းကို အမေရိကန်ကို ယူဆောင်သွားတာ အမှန်တကယ်ပါလား'

'ဒါဆိုရင် အမေရိကန် ပါရဂူကြီးဟာ ဆေးရည်စိမ်ပညာရပ် ကို လေ့လာချင်လို့ ဒီအလောင်းကို ယူဆောင်သွားတာလား'

'ဒေါ်မြစိန်ပြောတုန်းက မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်ခဲ့ရ တဲ့ မင်းသားသီဟသူဟာ ဒဏ္ဍာရီတစ်ပုဒ်မဟုတ်ဘဲ တကယ့်ဇာတ် လမ်းတစ်ပုဒ် ဖြစ်နေပါလား'

လွန်ခဲ့သော နှစ်ပေါင်းများစွာက မှေးမှေးပျောက်ပျောက်ဖြစ်ခဲ့ ရသော ဇာတ်လမ်းတစ်ပုဒ်မှာ ပြန်လည်နိုးကြားအသက်ဝင်ခဲ့လေပြီ။

ကျွန်မ၏စိတ်မှာ အကြောင်းအရာတစ်ခုရပါက အစမှအဆုံး အထိ သိချင်ပါသည်။ သို့သော် ကျွန်မသည် သိပ္ပံသမားတစ်ယောက် ဖြစ်၍ သမိုင်းကြောင်းကို ကောင်းစွာ မသိခဲ့ပေ။ ကျွန်မ၌ သိချင်သည့် ဆန္ဒတစ်ခုသာ ကိန်းအောင်းနေပါသည်။

ထိုစဉ်က စာရေးသူတစ်ယောက်မဖြစ်သေးပေ။ ဓာတ်ခွဲဘက် ဆိုင်ရာ အရာရှိဘဝဖြင့် ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တာဝန်ထမ်း ဆောင်ဆဲပင်ဖြစ်ပါသည်။ စာရေးသူမဖြစ်သေးသည့်အတွက် ကျွန်မ၏

ဒိုယွန်းယှဉ်စာပေ

စိတ်က သိချင်သည့်ဆန္ဒသာရှိပြီး စာရေးရန်လည်း မရည်ရွယ်ခဲ့ပါ။ ထိုဇာတ်လမ်း၏ အပြည့်အစုံကိုလည်း မသိသေးပေ။

ဤမျှလောက်သိရခြင်းကိုပင် ကျေနပ်နေမိပါသည်။

ထိုသို့ဖြင့် အလုပ်တာဝန်မှ နှစ်ပေါင်း (၂၀)ကျော်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ပါသည်။ ထို့နောက် ကျွန်မ လွန်စွာဝါသနာပါသည့် စာရေးခြင်းကို စတင်ရေးသားခဲ့ပါသည်။ ပထမတွင် ကျန်းမာရေးမဂ္ဂဇင်းများတွင် အင်္ဂလိပ်ဆေးဆောင်းပါးများကို မြန်မာဘာသာသို့ ပြန်ပေးခဲ့ပါသည်။ ထိုသို့ဖြင့် ကျန်းမာရေးမဂ္ဂဇင်းများတွင် အတော်အတန် ခြေချမိခဲ့ပါသည်။

သို့သော် ကျွန်မသည် မြန်မာနိုင်ငံအတွင်း ခရီးသွားစဉ် ထူးဆန်းသောအကြောင်းအမျိုးမျိုးနှင့် တွေ့ကြုံခဲ့ရသဖြင့် အဖြစ်မှန်များကို တင်ပြရင်း ဂမ္ဘီရနှင့်နွယ်သည့် ဖြစ်ရပ်ဆန်းများကို စတင်ရေးသားခဲ့ပါသည်။ ထိုသို့ ရေးသားရင်း လွန်ခဲ့သောနှစ်ပေါင်းများစွာက သိခဲ့ရသော ဆေးရည်စိမ်မင်းသားကလေး၏အကြောင်းကိုရေးရန် ရည်ရွယ်ခဲ့ပါသည်။

သို့သော်လည်း သမိုင်းတွင် မကျွမ်းသည့် ကျွန်မအတွက် အခက်အခဲဖြစ်နေပါသည်။ မည်သည့်အခက်အခဲနည်းဟု ဆိုရပါမူ-

"ပုဂံက အိမ်ရှေ့မင်းသားကလေးက ဘာဖြစ်လို့ ဒလတောကြီးတန်းထဲ ရောက်နေရတာလဲ"

"ပုဂံနဲ့ ဒလဟာ အဝေးကြီးပဲ။ ဒါပေမဲ့ ရာဇဝတ်သင့်တဲ့သူတွေကို ဒလပို့တယ်လို့တော့ ကြားဖူးတာပဲ။ ဒီတော့ ဒီမင်းသားကလေးဟာ ရာဇဝတ်သင့်ပြီး ဒလရောက်နေတာလား"

'ဒါမှမဟုတ် နေပြည်တော်ကနေပြီး အကြောင်းတစ်ခုခုကြောင့် ဒလကိုထွက်ပြေးလာရင်း နတ်ရွာစံသွားတာလား'

'သဘောမတူတဲ့ ချစ်သူကို ရွေးချယ်မိလို့ နှစ်ဦးသား ဒလကို ပြေးလာရင်း ဘုရင့်တပ်သားတွေဝိုင်းတိုက်လို့ အနိစ္စရောက်သွားသလား'

ထိုသို့ဖြင့် အမျိုးမျိုးတွေးတောမိပါသည်။ သို့သော်လည်း ပုဂံပြည်ကမင်းသားလေး ဒလသို့ရောက်ကြောင်းကို အတန်တန်စဉ်းစားရင်း လပေါင်းများစွာ ကြာခဲ့ပါပြီ။ ထိုသို့ဖြင့် လပေါင်းများစွာကြာသည့်တိုင် အဖြစ်အပျက်အမှန်ကို မသိသေးသည့်အတွက် မင်းသားကလေးအကြောင်းကိုလည်း ရေးချင်သော်လည်း အဖြစ်အပျက်များကလည်း အပြည့်အစုံမသိသေးသဖြင့် ကျွန်မဒွိ အခက်ကြုံနေရပါသည်။

တစ်နေ့သောအခါတွင်-

'ဒီမင်းသားကလေးရဲ့ အကြောင်းကလည်း အပြည့်အစုံမသိသေးဘူး၊ စာကလည်း ရေးချင်လှပြီ၊ ဘယ်လိုရေးရင် ကောင်းမလဲ'

ထိုသို့စဉ်းစားရင်း ကျွန်မ အိပ်ပျော်သွားခဲ့ပါသည်။ ကျွန်မ၏ အစွဲအလမ်းကြီးမှုကြောင့်ပင် ဖြစ်လေမလား၊ သို့တည်းမဟုတ် သမိုင်းမှန် အချက်အလက်များနှင့် တွေ့ကြုံရမည့်အကြောင်းကြောင့်လားမသိ။ ထိုနေ့ညက ကျွန်မ အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ကျွန်မသည် အပြင်မှာကဲ့သို့ ဆေးရည်စိမ်မင်းသားလေးအကြောင်း စာရေးရန် စဉ်းစားနေစဉ် ကျွန်မ၏နားထဲတွင် အသံရှင်တစ်ဦး၏ စကားပြောသံကို ကြားလိုက်ရပါသည်။ ဤသည်ကား-

'ဆေးရည်စိမ်မင်းသားကလေးရဲ့အကြောင်း - အပြည့်အစုံ

မကြာမီ သိရမည်။ သိတဲ့အခါမှာ ပီပီပြင်ပြင် ကောင်းကောင်းမွန်မွန် စနစ်တကျ ပြည့်စုံအောင်ရေးပေးပါ'

ထိုအိပ်မက်မက်ပြီး ကျွန်မ နိုးလာခဲ့ပါသည်။

'ခြော်... ငါဟာ ဒီမင်းသားကလေးအကြောင်း ဘယ်လောက်စိတ်စွဲသလဲဆိုရင် အိပ်မက်တောင် မက်ပါလား'

'အေးလေ... အကြောင်းစုံမသိဘဲနဲ့ မရေးပါဘူး၊ အကြောင်းစုံသိတဲ့တစ်နေ့ကျရင်တော့ ဒီအကြောင်းကို အပိုအလိုမရှိ သိသလောက်ကို အိပ်မက်ရှင်ရဲ့အလိုကျ ရေးမှာပဲ'

ကျွန်မ၏စိတ်က မလျှော့ပါ။ အလုပ်တစ်ခုကို လုပ်မည်ဟု ဆုံးဖြတ်ဖြစ်အောင် လုပ်တတ်သည်မှာ ကျွန်မ၏ညာဉ်ပင်ဖြစ်ပါသည်။ ကျွန်မ၏အလုပ်မှာ အမှန်တကယ်တော့ လွယ်ကူသည့်အလုပ်မဟုတ်ပါ။ စာဖတ်သူ၏စိတ်၌ ဖတ်ချင်လာအောင် ရေးဖွဲ့ရသည့် အတတ်ပညာမှာ အမှန်တကယ်ပင် ခက်ခဲပါသည်။

အထူးသဖြင့် ဖြစ်ရပ်မှန်များကို ရေးသားရသည့်အတွက် ပို၍ခဲယဉ်းပါသည်။ ဖြစ်ရပ်မှန်များထဲတွင် ထူးခြားသည့်အကြောင်းအရာပါသကဲ့သို့ သာမန်အကြောင်းအရာများလည်း ပါရှိပါသည်။ ဖြစ်ရပ်မှန်များ၏ ထူးခြားချက်နှင့် သာမန်အကြောင်းတို့ကို ညီမျှအောင် ချင့်ချိန်ကာ ဇာတ်လမ်း၏စွမ်းအင်ကို ပေါ်လွင်အောင် တင်ပြရသည်မှာလည်း မလွယ်ကူချေ။ ကျွန်မသည် စာရေးခြင်းကို တစ်ခါတစ်ခါ ဤသို့တွေးမိပါသည်။

'စာရေးခြင်းဆိုတဲ့ ဝါသနာဟာ တကယ်တော့ ပါရမီလား၊ ဝဋ်ကြွေးလားဆိုတဲ့ ဝါရင့်စာရေးဆရာကြီးများရဲ့ အဆိုအတိုင်းပါပဲ၊

အမှန်မှာ အကြောင်းအရာတစ်ခုကို နှိုက်နှိုက်ချွတ်ချွတ်လိုက်လေ ပင်ပန်းလေပဲ'

သို့သော် ကျွန်မ၏ယူဆချက်အရ-

'စာရေးသူဆိုတာ ပတ်ဝန်းကျင်နဲ့ စာဖတ်သူကို ဆက်စပ်ပေးတဲ့ ပေါင်းကူးတံတားတစ်ခုပါပဲ'

ထိုသို့သောယုံကြည်ချက်ဖြင့် ကျွန်မ စာပေလောကထဲသို့ ဝင်ရောက်လာခဲ့ပါသည်။ ဖြစ်ရပ်မှန် ဝတ္ထုတစ်ပုဒ်ရဖို့ နှစ်ပေါင်း (၃၀-၄၀)လည်း ကြာချင် ကြာတတ်ပါသည်။ မနေ့က အဖြစ်အပျက်ကို သည်နေ့ပြန်ပြီး ရေးခွင့်ရချင်လည်း ရတတ်ပါသည်။

တွံတေးတောကြီးတန်းရောက် ပုဂံမင်းသားလေးအကြောင်းမှာမူကား လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်ကတည်းက သိခဲ့သော်လည်း ယခုတိုင် ရေးခွင့်မရသေးပေ။

ထို့ကြောင့် အခြားအကြောင်းအရာများကို ရေးသားခဲ့ပါသည်။

ထိုစဉ် အကြောင်းအပေါင်းသင့်ကာ လမ်းဆုံသို့ လမ်းကြုံသောနေ့ကို ရောက်ခဲ့ပါပြီ။ ဖြစ်ပုံမှာ-

ယနေ့နံနက်က ကျွန်မ၏အိမ်သို့ မတ္တရာမှ အမျိုးသား၏ အစ်ကိုဝမ်းကွဲဖြစ်သူ (သို့မဟုတ်) ခဲအိုတော်သူ ဦးတင့်လွင်ဆိုသူ ရောက်လာခဲ့ပါသည်။

'ဪ... အစ်ကိုပါလား၊ လာပါ'

တက္ကစီပေါ်မှ ဆင်းလာခဲ့သည့် ခဲအို၏ပစ္စည်းများကို သယ်ပေးရင်း အိမ်ထဲသို့ ဖိတ်ခေါ်ခဲ့ပါသည်။ အိမ်ထဲသို့ရောက်ပြီး အာလာပ သလာပအကြောင်းများ ပြောဆိုပြီး-

'အစ်ကိုလာတာ အလည်သက်သက်ပဲလား'

'အလည်သက်သက်တော့မဟုတ်ဘူး၊ အလုပ်ကိစ္စကလေးတစ်ခုလည်းပါလာတယ်'

'ဘာကိစ္စလဲ အစ်ကို'

'ငါ့တပည့်ရဲ့သားလေးဟာ အသက် (၁၄)နှစ်ပဲရှိသေးတယ်။ အမှုဖြစ်လို့ ငှက်အော်စမ်းက လူငယ်ပြုပြင်ရေးသင်တန်းကျောင်းကို ပို့လိုက်တယ်၊ အဲဒါ ငါ့တပည့်က ရန်ကုန်မှာ အသိမရှိလို့ ငါ့ကို အကူအညီတောင်းတာနဲ့ ငါလာတာ၊ အဲဒီကလေးကို သွားတွေ့ချင်လို့'

'ဩော်... ဟုတ်လား၊ ဒါနဲ့ အစ်ကိုက ငှက်အော်စမ်းကို သွားဖူးလို့လား'

'ငါက မတွေ့ရာနေတဲ့လူပဲ၊ ငှက်အော်စမ်းဆိုတာ ရောက်ဖူးဖို့နေနေသာသာ ကြားတောင်မကြားဖူးဘူး'

'ဟာ... ဒါဆို အစ်ကို ဘယ်လိုသွားမလဲ'

'ငါ့ညီမ (အမှန်မှာ ခယ်မ)က ဒေးဒရဲသူဆိုတော့ ငါ အားကိုးပြီး နင်တို့ဆီလာခဲ့တာပေါ့။ ဒေးဒရဲနဲ့ ရန်ကုန်သွားတဲ့လမ်းကနေ အတွင်းပိုင်းကို ချိုးပြီးသွားရတယ်လို့ ငါစုံစမ်းထားတယ်'

'ဒေးဒရဲသူကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ငှက်အော်စမ်းဆိုတဲ့နေရာဆီကို ကျွန်မ တစ်ခေါက်မှ မရောက်ဖူးဘူး'

'အေး... ကောင်းပါ့ကွာ၊ ဒါပေမဲ့ ရန်ကုန်-ဒေးဒရဲလမ်းတော့ သွားတတ်တယ်မဟုတ်လား'

'ဒါကတော့ ဒေးဒရဲသူပဲ၊ သွားတတ်တာပေါ့'

'ဒီလိုလုပ်ပါ ညီမရာ၊ အစ်ကိုနဲ့ ညီမရဲ့ သမီးတစ်ယောက်နဲ့

အတူ ငှက်အော်စမ်းကို သွားကြတာပေါ့"

"ရော်… ခက်ပါပြီ"

အမှန်မှာ ဤခရီးကို ကျွန်မ၏ခင်ပွန်းအား ခေါ်သွားသင့်ပါသည်။ သို့သော် ခင်ပွန်းသည်မှာ လုံးဝမအားသည့်အတွက် နောက်ဆုံးတွင် ခက်ပါပြီဟုဆိုသည့် ကျွန်မကိုယ်တိုင် သမီးတစ်ယောက်ကို အဖော်ပြုကာ အစ်ကို ကိုတင့်လွင်အား လိုက်ပို့ရန် တာဝန်ယူခဲ့ရပါသည်။

☆ ☆ ☆

နံနက်စောစော

စမ်းချောင်းနေအိမ်မှ ပန်းဆိုးတန်းဆိပ်ကမ်းသို့ ကျွန်မတို့သုံးဦးသည် တက္ကစီကားဖြင့် သွားခဲ့ကြပါသည်။ ထိုမှ သင်္ဘောစီးကာ ဒလဆိပ်ကမ်းသို့ ကူးခဲ့ပါသည်။ ဒလဆိပ်ကမ်းတွင် ဒေးဒရဲထွက်မည့်ကားများ၊ ကွမ်းခြံကုန်းအထိသာ ပြေးဆွဲသည့်ကားများ၊ ကော့မှူးအထိသာပြေးဆွဲသည့်ကားများနှင့် တွံတေးဘက်သို့ ပြေးဆွဲသည့်ကားများမှာ အပြိုင်အဆိုင် လူခေါ်နေသည်ကို တွေ့ရပါသည်။

ကျွန်မအား ဤလမ်းခရီးကို ကျွမ်းသည်ဆိုကာ ဆရာတင်ထားသော်လည်း ဤခရီးကို မသွားဖြစ်သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါသည်။ သို့သော်လည်း ကိုယ့်လောက်မသိသည့်အတွက် ကျွန်မတွင် တာဝန်ရှိသဖြင့် ကားစပယ်ယာတစ်ဦးကို ကျွန်မ မေးမြန်းခဲ့ပါသည်။

'မောင်လေး… အစ်မတို့ ငှက်အော်စမ်းကိုသွားချင်လို့ ဘယ်ကားစီးရမလဲ'

'အစ်မ ကော့မှူးကားကိုစီးသွားပြီး အဲဒီဂိတ်မှာ စောင့်နေပါ၊ ငှက်အောစမ်းသွားမယ့်ကားကလည်း အဲဒီမှာပဲ ဂိတ်ထိုးတယ်၊ အဲဒီကပဲစီးသွားပေါ့'

'အေး… အေး'

ထိုသို့ဖြင့် ဒလမှ ကော့မှူးသို့ ကားစီးရန် နေရာယူခဲ့ပါသည်။ မကြာမီ ကားထွက်ခဲ့ပါပြီ။ စတင်ကားထွက်လျှင် ထွက်ချင်း ကျွန်မ၏ စိတ်အာရုံ၌ မဆီမဆိုင် ပုဂံမင်းသားလေးသီဟသူကို သတိရမိပါသည်။

ကားကလေးမှာ ဆက်လက်မောင်းလာရာ ဒလမြို့မှ ထွက်လာခဲ့ပါပြီ။ လမ်းဘေးတစ်ဖက်တစ်ချက် အိမ်ငယ်ကလေးများကို ထိုမှ အလွန်တွင် စိမ်းစိုသော လယ်ကွင်းများကို တွေ့လိုက်ရပါသည်။ လယ်ကွင်းတစ်လှည့် ရွာစဉ်များကိုတစ်လှည့် ဖြတ်သန်းလာရင်း-

'ဪ… ဒီနေရာဟာ တစ်ခါတုန်းက သီဟသူမင်းသားလေးရောက်ခဲ့တဲ့ နေရာတွေပဲ၊ ဒီကမှ ငှက်အော်စမ်းကို သွားတာနေမှာ'

သီဟသူ မင်းသားကလေး၏ပုံရိပ်ကို ကျွန်မ၏မျက်စိထဲတွင် မြင်ယောင်လာပါသည်။

'သီဟသူမင်းသားကလေးရဲ့ အလောင်းဟာ ငှက်အော်စမ်းတောကြီးအတွင်းက တူးဖော်ရရှိတယ်လို့သိရတယ်။ အဲဒီရောက်ရင် ရှေးလူကြီးသူမတွေကို မေးကြည့်ဦးမှပဲ'

ကျွန်မလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို အစပြတ်

နေသည့်ချည်မျှင်ကို ဆွဲထုတ်ရန် အကြံရခဲ့ပါသည်။ ထိုသို့စဉ်းစားရင်း ကော့မှူးမြို့သို့ ရောက်ခဲ့ပါသည်။ ကော့မှူးမြို့ကလေးမှာ ယခင်ကနှင့် မတူဘဲ စည်ကားနေပါသည်။ လက်ဖက်ရည်ဆိုင်ထဲတွင် လူများစွာ တွေ့ရှိရပါသည်။ ကျွန်မလည်း ဆိုင်ပိုင်ရှင်အား မေးမြန်းခဲ့ပါသည်။

'ငှက်အော်စမ်းသွားမယ့်ကားက ဘယ်နားမှာလဲ'

'ဒီမှာပဲခင်ဗျ... တစ်အောင့်နေရင် ငှက်အော်စမ်းကိုသွားမယ့် ကား လာလိမ့်မယ်၊ ခဏစောင့်ပါ'

'ဟုတ်ကဲ့... ဟုတ်ကဲ့'

ကျွန်မတို့အုပ်စုလည်း လက်ဖက်ရည်ဆိုင်တွင် ဝင်နားကာ လက်ဖက်ရည်သောက်ရင်း ငှက်အော်စမ်းသို့သွားမည့်ကားကို စောင့် ဆိုင်းနေပါသည်။

မကြာမီ ငှက်အော်စမ်းသို့သွားမည့်ဂျစ်ကားတစ်စီး ထိုးဆိုက် လာခဲ့ပါသည်။

'ငှက်အော်စမ်းသွားမယ်'

ငှက်အော်စမ်းသို့သွားမည်ဆိုသဖြင့် ထိုဂျစ်ကားပေါ်သို့ အလု အယက်ပြေးပြီး တိုးတက်ကာ နေရာယူခဲ့ရပါသည်။ ကျွန်မတို့တက် ပြီးနောက် အလယ်တွင် ကြက်သွန်အိတ်များ၊ အာလူးအိတ်များဖြင့် နေရာပြည့်သွားခဲ့ပါသည်။ နောက်ကျမှရောက်လာသူများမှာ ထိုအိတ် များပေါ်တွင်ထိုင်ရင်း ထိုခရီးကို လိုက်ပါလာခဲ့ရပါသည်။

ထိုခရီးစဉ်မှာ (၇)မိုင်ကျော်ကျော်ခန့်သာ ရှိပါသည်။ ကျွန်မ တို့သွားသည့်အချိန်မှာ မိုးဦးကျဖြစ်၍ လမ်းမှာ အလွန်ဂင်ဆိုးလှပါ သည်။

ကားကြီးများသွားထားသဖြင့် အလွန်ကြီးသော ဗွက်အိုင်ကြီးများကို တွေ့လိုက်ရပါသည်။

'ရှေ့မှာဗွက်အိုင်ကြီးရှိလို့ ကားပေါ်က ခေတ္တဆင်းပါ'

ထိုသို့ပြောသည့်အတွက် ကျွန်မတို့အုပ်စုအပါအဝင် ခရီးသည်များမှာ အောက်သို့ဆင်းကာ လျှောက်ခဲ့ရပါသည်။ ဂျစ်ကားကလေးမှာ ဗွက်ကြီးကိုလွတ်အောင် အတော်ပင်ရုန်းရပါသည်။ လူမပါသည့်အတွက် ကားကလေးမှာ ဗွက်ကြီးကို အောင်မြင်စွာရုန်းနိုင်ပြီး ကုန်းမြေသို့ ရောက်သွားပါသည်။

'ကဲ… ခရီးသည်တွေ တက်ကြ… တက်ကြ'

ကျွန်မတို့လည်း ကိုယ့်နေရာကိုယ်ပြန်ထိုင်ပြီး ခရီးဆက်ခဲ့ကြပါသည်။ ထိုသို့သွားရင်း ရွာတစ်ရွာအရောက်တွင် ခရီးသည်သုံးလေးဦး တက်လာပါသည်။ ကားမှာ နေရာမရတော့သည့်အတွက် ကားရှေ့စက်ဖုံးပေါ်တွင်ထိုင်ကာ လိုက်ခဲ့ကြပါသည်။ ကားကလည်း တအိအိနှဲ့လျက် တက်လာပါသည်။

ကားစီးသွားသည်ဟုဆိုသော်လည်း လမ်းလျှောက်သွားသည့်နှုန်းနှင့် သိပ်မကွာပါ။ ကျွန်မမှ ခဲအိုအား လှမ်းစကားပြောမိပါသည်။

'အစ်ကိုရေ… ကားစီးရတာ လှည်းစီးနေရသလိုပဲ'

'နေးတာကောင်းပါတယ်၊ အန္တရာယ်ကင်းတာပေါ့ကွာ'

'အင်း… အစ်ကိုတွေးသလို တွေးတော့လည်း ဟုတ်ပေသားပဲ'

တအိအိတက်နေသော ဂျစ်ကားကို အပြစ်မမြင်ဘဲ အန္တရာယ်ကင်းသည်ဟု စိတ်ဖြေတတ်သူ၏စကားကို နားထောင်ရင်း လိုက်ပါ

လာခဲ့ပါသည်။ မကြာမီ ဗွက်အိုင်ကြီးတစ်ခုကို တွေ့ရပြန်ပါသည်။

ထုံးစံအတိုင်းပင် ကျွန်မတို့ အောက်ဆင်း၍ လမ်းလျှောက်ရပြန်ပါသည်။ လမ်းလျှောက်ရင်း ဘေးတစ်ဖက်သို့ကြည့်ရာ ရာဘာပင်များစိုက်ပျိုးထားသည်ကို တွေ့ရှိရပါသည်။

'ရာဘာပင်တွေ စိုက်ထားတာ ကောင်းတယ်'

'အေးပေါ့... ရာဘာပင်က အစေးဟာ ရွှေပဲ၊ သိပ်ကောင်းတာပေါ့'

ခဲအိုနှင့် ကျွန်မတို့ ထိုသို့ပြောရင်းဆက်သွားရာ-

'အား...'

ကျွန်မ၏သမီးကလေး ခြေထောက်တွင် ဖိနပ်ပါသည့်ကြားမှ ကြခတ်ဆူး စူးသွားသဖြင့် လန့်အော်လိုက်ပါသည်။ ကြခတ်ဆူးကို ဖြုတ်ပေးစဉ်-

'ကားပေါ်ပြန်တက်ကြပါခင်ဗျာ'

စပါယ်ယာ၏အော်သံကြောင့် ကားဆီသို့ အပြေးတက်ခဲ့ရပါသည်။ ထိုသို့ ဆင်းလိုက်တက်လိုက်ဖြင့် မကြာမီ ငှက်အော်စမ်းသို့ ရောက်ရှိခဲ့ပါသည်။

ငှက်အော်စမ်း၌ လူငယ်ပြုပြင်ရေးသင်တန်းကျောင်း ရှိပါသည်။ ကျွန်မတို့အုပ်စုမှာ ထိုကလေးကို ဝင်တွေ့လိုကြောင်း ရုံးခန်းတွင် စာရင်းပေးရပါသည်။ ရုံးခန်းတွင် လူငယ်တို့ တစ်နေ့တာဆောင်ရွက်ရမည့်အကြောင်းများကို ရေးထားပြီး အချိန်ကျောင်းနေရှယ်များကို ကျောင်းထားပေးသည်ကို တွေ့ရှိရပါသည်။

ကျွန်မ၏ခဲအိုသည် ထိုကလေးနှင့်ပတ်သက်သော ပြုဖွယ်ကိစ္စ

များ ဆောင်ရွက်ပြီးနောက် ကျောင်းမှ ရွာဆီသို့ ထွက်လာခဲ့ပါသည်။

ငှက်အော်စမ်းရွာတွင်ရှိသော ထမင်းဆိုင်တွင် ကျွန်မတို့အုပ်စု ထမင်းစားခဲ့ကြပါသည်။ ထိုထမင်းဆိုင်မှ ကြက်သားဟင်းမှာ ရန်ကုန်မြို့ကဲ့သို့ ဆီပြန်ဟင်းမဟုတ်ဘဲ ဆီပြန်ရေကျန်ဟင်းဖြစ်ပြီး ငပိရည်တို့စရာဖြင့်စားရာ အလွန်ပင်စား၍ကောင်းလှပါသည်။ စားကောင်းသည်မှာ အကြောင်းနှစ်ရပ်ရှိပါသည်။

ကားစီးစဉ် ကားပေါ်သို့ ဆင်းရတက်ရသည်ကတစ်ကြောင်း၊ ခရီးကြမ်းကိုမောင်းရသည့်အတွက် ကား၏ခုန်နှန်းများမှုကြောင့်တစ်ကြောင်း ဆာလောင်လှပြီဖြစ်ရာ မြိန်ရာဟင်းကောင်းတစ်ခွက် ဖြစ်ခဲ့ရပါတော့သည်။

ထိုထမင်းဆိုင်တွင် ထမင်းစားရင်း-

'ကော့မှူးကိုပြန်ထွက်မယ့် ကားဂိတ်က ဘယ်နားမှာလဲ'

'ဒီနားမှာပဲ၊ ဒါပေမဲ့ နောက်ကားလာမှ ဒီကားက ဆင်းမှာ'

'ဒါဆို အကြာကြီးစောင့်ရမှာပေါ့'

'ဩော်… ဟုတ်ကဲ့'

ထိုသို့ပြောရင်း ကျွန်မ၏ဘေးဘက်တွင် ပိန္နဲပင်ကဲ့သို့ အပင်သုံးလေးပင်ပေါက်နေသည့်အတွက် အမှတ်တမဲ့ မေးလိုက်မိပါသည်။-

'ဦးလေး… အဲဒီအပင်က ဘာပင်လဲ'

'ဒါလား… တွတ်တပတ်ပင်တွေပေါ့'

'တွတ်တပတ်သီးက အရမ်းစားလို့ကောင်းတာပဲနော်'

'ဟုတ်တယ်… တွတ်တပတ်သီးက အလွန်စားလို့ကောင်းတာပေါ့၊ အရင်က ဟိုတောကြီးတန်းဘက်မှာ တွတ်တပတ်ပင်တွေ

သိပ်ပေါ်တာပေါ့ကွယ်'

'အရင်က တွတ်တပတ်ပင်တွေ သိပ်ပေါ်တယ်ဆိုတော့ အခု မပေါ်တော့ဘူးလား ဦးလေး'

'ဟုတ်တယ်ကွဲ့… အခုတော့ အရင်ကလောက် မပေါ်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀)ကျော်ကပေါ့၊ တောထဲက တွတ်တပတ်ပင်အောက်မှာ ရွှေအိုးတွေ့တယ်ဆိုပြီး တွတ်တပတ်ပင်အောက် လိုက်တူးကြတာနဲ့ သစ်ပင်တွေ သေကုန်တော့ သိပ်မပေါ်တော့ဘူးပေါ့'

'ဟုတ်တယ် ဦးလေး၊ ကျွန်မလည်း အဲဒီသတင်းကို ကြားလိုက်မိတယ်၊ ဟိုးရှေးတုန်းက တောကြီးတန်း ငှက်အော်စမ်းက တွတ်တပတ်ပင်အောက်မှာ ရွှေအိုးကြီးတစ်လုံး တွေ့တယ်တဲ့။ အဲဒီရွှေအိုးကြီးကလည်း ဘယ်သူရမှန်းကို မသိဘူးလို့ ပြောတယ်'

'တူမရယ်… အဲဒါ ရွှေအိုးဘယ်ဟုတ်ပါ့မလဲ၊ လူတွေက အထင်နဲ့လျှောက်ပြောတာပါ'

'ရွှေအိုးမဟုတ်ရင် ဘာအိုးလဲ ဦးလေး'

'ဘာအိုးလဲဆိုတော့ လူသေအိုးကြီးပေါ့ကွယ်'

'ဦးလေး ဘယ်လိုပြောလိုက်တယ်၊ လူသေအိုး ဟုတ်လား'

'ဟုတ်ပါ့ ငါ့တူမရယ်၊ အဖြစ်ကတော့ မပြောချင်ပါဘူး'

'မပြောချင်ဘူးဆိုပေမယ့် ထူးထူးဆန်းဆန်းဆိုရင် သိချင်လို့ ပြောပြပါဦး'

'သိချင်ရင်လည်း ပြောရတာပေါ့'

'လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)ကျော်လောက်ကပေါ့၊ ဦးလေးရဲ့

အသက်ဟာ (၂၀)ကျော်ပဲရှိသေးတယ်။ ဦးလေးတို့ တွံတေးတောကြီးတန်း ငှက်အော်စမ်းတောကြီးထဲကို သုတေသနအဖွဲ့ဆိုလား ရာဇသင်္ကြန်အမဝတ်ကြီးအုတ်ဂူကို လာရှာဆိုလား၊ အဖွဲ့တစ်ဖွဲ့ ရောက်လာခဲ့တယ်၊ အဲဒီအဖွဲ့မှာလည်း ဗိုလ်တွေလည်းပါလာတယ်။ ဦးလေးတို့ကိုတော့ လူကြမ်းအဖြစ်ခေါ်လို့ လိုက်ခဲ့ရတယ်၊ လူကြမ်းဆိုတာကတော့ ချုံပုတ်တွေရှင်း မြေတူးပေါ့ကွယ်၊ အဲဒီလို လူကြမ်းလုပ်ခဲ့တာ တစ်နှစ်ကျော်ကျော်လောက်ကြာတယ်၊ တစ်နေ့မှာတော့ တောထဲမှာ ကွတ်တပတ်ပင်ကြီးတစ်ပင် လဲကျနေတာတွေ့လိုက်ရတယ်၊ အမြစ်ကကျွတ်ပြီး လဲကျနေတော့ ချိုင့်ကြီးဖြစ်နေတယ်။ အဲဒီချိုင့်ကြီးကို သွားကြည့်လိုက်တဲ့အခါမှာ စဥ့်အိုးကြီးတစ်လုံးကို တွေ့လိုက်ရတယ်၊ အဲဒီစဥ့်အိုးကြီးကို အပေါ်က အဖုံးဖုံးထားတယ်၊ ပထမတော့ အဖုံးကိုတွေ့တာဘာမှန်းမသိလို့ မြေကြီးကိုယက်ကြည့်တော့မှ စဥ့်အိုးကြီးတစ်လုံးပေါ်လာခဲ့တယ်'

'ဦးလေး ဆက်ပြောပါဦး'

'အဲဒီအိုးကြီးကလည်း အလေးကြီးပဲ တူမရေ၊ ဦးလေးတို့ကတော့ မြေကြီးထဲမှာပေါ်လာတဲ့အိုးကြီးဆိုတော့ ရွှေအိုးကြီးလို့ပဲ ထင်တာပေါ့၊ ဒါနဲ့ စဥ့်အိုးကြီးမှာလည်း စာရေးထားတယ်၊ ဦးလေးမှတ်မိသလောက်ပြောရရင် ပုဂံမင်းသားတစ်ပါးရဲ့နာမည် ရေးထားသတဲ့၊ ဒါနဲ့ အဲဒီအိုးကြီးကို တိတ်တဆိတ်ဖွင့်ကြည့်လိုက်တော့ ပထမ အဝါရင့်ရင့်ဆီတွေကို တွေ့ရတယ်၊ အဲဒီအရည်တွေရဲ့အောက်မှာတော့ မင်းညီမင်းသားဝတ်စုံဝတ်ထားတဲ့ အလောင်းတစ်လောင်းကို တွေ့လိုက်ရလို့ ရွှေအိုးမဟုတ်ဘူး လူသေအိုးလို့ပြောတာ။ တချို့ကတော့ အိုးတစ်လုံး

ဖွားပေါ်လာပါတော့သည်။

'ဦးလေး… ငှက်အော်စမ်းရောက်တုန်း ကျွန်မ အဲဒီနေရာကို လိုက်ကြည့်ချင်တယ်၊ ဦးလေး လိုက်ပို့နိုင်မလား'

'လိုက်ပို့တာကတော့ ပို့နိုင်ပါတယ်၊ ဒါပေမဲ့ တောထဲ အဝေး ကြီးသွားရမှာဆိုတော့ ကားနဲ့သွားရင် အဲဒီနေရာနဲ့ အနီးဆုံးလောက်ကို ရောက်နိုင်တယ်'

'ဒါဆိုရင် ခုနက ဂျစ်ကားကို အော်ဒါငှားသွားမယ်၊ အဲဒီ နေရာနဲ့ အနီးဆုံးကို လိုက်ပို့ပေးပါ၊ ပြီးရင် ဒလအထိဆက်ပြန်မယ်'

'ဟာ… ဒါဆိုရင် သိပ်ကောင်းတာပေါ့၊ အချိန်မီ ရန်ကုန် ရောက်သွားမယ်'

ထိုသို့ဖြင့် ဂျစ်ကားကို စင်းလုံးငှားကာ စဥ့်အိုးကြီးတွေ့ရာ နေရာသို့ သွားခဲ့ပါသည်။ ကားသွား၍မရသောနေရာတွင် ကားထားခဲ့ ကာ ထိုနေရာသို့ ခြေလျင်သွားခဲ့ကြပါသည်။

မကြာမီ ထိုတောကြီး၏အထက်နားသို့ ကျွန်မတို့အုပ်စု ရောက်ခဲ့ပါပြီ။

'ဟောဟိုနားဘက်မှာ စဥ့်အိုးကြီးကို တွေ့ခဲ့ရတာပေါ့'

မိုးတွင်းအခါဖြစ်၍ ရွံ့များ ဗွက်များပေါ်များသဖြင့် ရှေ့ဆက် မသွားနိုင်တော့ပါ။ ခပ်လှမ်းလှမ်းမှ ပြသည့်နေရာကိုသာ လှမ်းကြည့် လိုက်ရပါသည်။ ထိုနေရာမှာ ယခုတော့ မြေတွင်းကြီးမဟုတ်တော့ ဘဲ ညီညာသောမြေပြင်တစ်ခု ဖြစ်နေပါသည်။

'ဩော်… လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်က အဖြစ် အပျက်ဆိုတော့ ပထဝီအနေအထားတွေလည်း ပြောင်းကုန်ရောပေါ့'

ဖွားပေါ်လာပါတော့သည်။

'ဦးလေး… ငှက်အော်စမ်းရောက်တုန်း ကျွန်မ အဲဒီနေရာကို လိုက်ကြည့်ချင်တယ်၊ ဦးလေး လိုက်ပို့နိုင်မလား'

'လိုက်ပို့တာကတော့ ပို့နိုင်ပါတယ်၊ ဒါပေမဲ့ တောထဲ အဝေးကြီးသွားရမှာဆိုတော့ ကားနဲ့သွားရင် အဲဒီနေရာနဲ့ အနီးဆုံးလောက်ကို ရောက်နိုင်တယ်'

'ဒါဆိုရင် ခုနက ဂျစ်ကားကို အော်ဒါငှားသွားမယ်၊ အဲဒီ နေရာနဲ့ အနီးဆုံးကို လိုက်ပို့ပေးပါ၊ ပြီးရင် ဒလအထိဆက်ပြန်မယ်'

'ဟာ… ဒါဆိုရင် သိပ်ကောင်းတာပေါ့၊ အချိန်မီ ရန်ကုန် ရောက်သွားမယ်'

ထိုသို့ဖြင့် ဂျစ်ကားကို စင်းလုံးငှားကာ စဋ္ဌအိုးကြီးတွေ့ရာ နေရာသို့ သွားခဲ့ပါသည်။ ကားသွား၍မရသောနေရာတွင် ကားထားခဲ့ကာ ထိုနေရာသို့ ခြေလျင်သွားခဲ့ကြပါသည်။

မကြာမီ ထိုတောကြီး၏အထက်နားသို့ ကျွန်မတို့အုပ်စု ရောက်ခဲ့ပါပြီ။

'ဟောဟိုနားဘက်မှာ စဋ္ဌအိုးကြီးကို တွေ့ခဲ့ရတာပေါ့'

မိုးတွင်းအခါဖြစ်၍ ရွှံ့များ ဗွက်များပေါ်များသဖြင့် ရှေ့ဆက် မသွားနိုင်တော့ပါ။ ခပ်လှမ်းလှမ်းမှ ပြသည့်နေရာကိုသာ လှမ်းကြည့် လိုက်ရပါသည်။ ထိုနေရာမှာ ယခုတော့ မြေတွင်းကြီးမဟုတ်တော့ ဘဲ ညီညာသောမြေပြင်တစ်ခု ဖြစ်နေပါသည်။

'ဩော်… လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်က အဖြစ် အပျက်ဆိုတော့ ပထဝီအနေအထားတွေလည်း ပြောင်းကုန်ရောပေါ့'

ထိုနေရာ၌ ဟိုဟိုသည်သည်ကြည့်ပြီး ခေတ္တနားခဲ့ကြပါသည်။

ထိုနေရာကိုကြည့်ရင်း ကျွန်မ၏စိတ်အတွေးတွင် သီဟသူ မင်းသားကလေး ပုံရိပ်ကို မြင်ယောင်လာပါသည်။ ပုဂံနေပြည်တော် မှ အိမ်ရှေ့စံကိုယ်တော်ကလေးမှာ ဤကဲ့သို့ တောကြီးခေါင်ခေါင်အရပ် ၌ သေဆုံးခဲ့ရသည်မှာ သူ၏ကံကြမ္မာ သည်လိုပါလာသည်ဟုသာ အောက်မေ့လိုက်ရပါသည်။

ရာဇသင်္ကြန်အပါအဝင် ၄င်း၏လူယုံတော်များက ၄င်းအား ဖမ်းဆီးလိုက်သောအခါ လွန်စွာဒေါသကြီးသည့် မင်းသားကလေးမှာ မည်မျှမခံမရပ်နိုင်အောင် ဒေါသဖြစ်ချေမည်နည်း။ အံကိုကြိတ်လျက် လက်သီးကို တင်းတင်းဆုပ်ထားသည်ဟု သိရသဖြင့် အားမတန်လို့ မာန်ကို လျှော့ထားခြင်းပင်ဖြစ်ချိမ့်မည်ဟု အတွေးဖြင့် ပုံရိပ်ကို ဖော် ကြည့်ခဲ့မိပါသည်။

သည်တောတန်းတစ်လျှောက်တွင် ဒုက္ခမျိုးစုံခံစားရင်း တွတ် တပတ်ပင်ခြေရင်းတွင် ထာဝရလဲလျောင်းသွားရသည့် သီဟသူမင်း သားကလေးအကြောင်းကို ကျွန်မ သိခဲ့ရပါပြီ။

ထိုဦးလေးကိုပင် ဂျေးဇူးတင်ရပါတော့မည်။ မင်းသား သီဟ သူ၏အကြောင်းကို ဤမျှသိရခြင်းသည် ပုဂံမင်းသားကလေး အဘယ် ကြောင့် တွံတေးတောကြီးတန်းသို့ ရောက်ခဲ့သနည်းဟူသည့် မေးခွန်း ၏အဖြေကို ရှာဖွေနိုင်ရန် နည်းလမ်းရခဲ့ပါသည်။

ကျွန်မလည်း စိတ်အတွေးနယ်ချဲ့ပြီး လာရာလမ်းသို့ ပြန်ခဲ့ ပါသည်။ ကျွန်မ၏ ၄က်ဒအော်စမ်းခရီးစဉ်မှာ အောင်မြင်သည်ဟု ဆိုရ ပေမည်။ သူတစ်ထူးကို ကူညီလိုသောစိတ်ဓာတ်အရင်းခံကြောင့် အနှစ်

နှစ်အလလ သိလိုသည့်အကြောင်းမှာ ရေးရေးကလေး ပေါ်လာခဲ့လေပြီ။

ရန်ကုန်သို့ပြန်ရောက်ပြီး မကြာမီ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာသိလိုသဖြင့် ဦးကုလားရာဇဝင် မှန်နန်းရာဇဝင်များကို ဖတ်ရှုလေ့လာခဲ့ပါသည်။ ထို့နောက် သတင်းစာဆရာ ဦးသိမ်းမောင်ရေးသားသော ရာဇသင်္ကြန်စာအုပ်ကိုလည်း ဖတ်ရှုခွင့်ရခဲ့ပါသည်။

ထိုသို့ သမိုင်းအစောင်စောင် ရာဇဝင်အဆူဆူကို ဖတ်ရှုရသောအခါ အမတ်ကြီးရာဇသင်္ကြန်နှင့် ဆက်စပ်နေသော အကြောင်းအရာများအပြင် ပုဂံနှင့် ရှေးဟောင်းဒလမြို့တို့တွင် ဖြစ်ပွားခဲ့သော စိတ်ဝင်စားဖွယ်ကောင်းလှသည့် အကြောင်းများကို သိခဲ့ရပါသည်။

သာယာရှုမောဖွယ်ကောင်းသော တွံတေးတောကြီးတန်းတွင် ဆင်အောက်ခဲ့သည့်အဖြစ်ဆိုးနှင့် တိုးခဲ့လေသော ပုဂံပြည့်ရှင်မင်းကြီးဥဇနာနှင့်တကွ ခမည်းတော်ထံသို့ နောက်ဆုံးဦးခိုက်ရန်ရောက်စဉ် လုပ်ကြံခံရသော အိမ်ရှေ့မင်းသား သီဟသူ၏ဇာတ်လမ်းကို ထင်ရှားစွာသိခွင့်ရခဲ့ပါသည်။

ကျွန်မလည်း အနှစ်နှစ်အလလက စတင်တွေ့ခဲ့ရသော ချည်တစ်မျှင်ကို အစဆွဲမိရာမှ အလုံးစုံအဆုံးအထိ ယနေ့ သိရှိခွင့်ရပါပြီ။ ကျွန်မတွေ့ကြုံရသည့် ပုံရိပ်များမှာ အပိုင်းအစကလေးများကို တစ်ခုခုတွေ့ရှိရာမှ ပုံဖော်ကာ ထိုအပိုင်းအစကလေးများကို သူ့နေရာနှင့်သူ အံဝင်ဂွင်ကျဖြစ်အောင် ဆက်စပ်ကာ ဇာတ်လမ်းတစ်ပုဒ်အဖြစ် သိလာခဲ့ပြီး နောက်ပိုင်းတွင် စာဖတ်သူများကိုလည်း ပုံရိပ်ယောင်မဟုတ်

ဘဲ ရုပ်ပုံအစစ်ကို တွေ့မြင်အောင် ပုဂံပြည်က အိမ်ရှေ့မင်းသား သီဟသူ၏အကြောင်းကို-

အိပ်မက်ရှင်အလိုကျ ဆက်လက်ရေးဖွဲ့ခဲ့မိပါတော့သည်။

## အခန်း(၄)
## မင်းသားခွေးချေးနှင့် နိမိတ်ထူး

ရာဇဝင်ခေတ်သမိုင်းကြောင်းတစ်ခု၏ ပုံရိပ်။

ပုဂံနေပြည်တော်ကြီး၌ ကျစွာမင်းကြီး ထီးနန်းစိုးစံသောအချိန်။

ကျစွာမင်းကြီးကား ပုဂံခေတ်မင်းများထဲတွင် ပိဋကတ်စာပေကို ထူးချွန်တတ်မြောက်သူဖြစ်ပြီး ပိဋကတ်စာပေများကို ရဟန်းရှင်လူများအား စာဝါပို့ချခဲ့သော မင်းတစ်ပါးဖြစ်ပါသည်။

၎င်းသည် ဇေယျသိင်္ခမင်း (ခေါ်) ထီးလိုမင်းလိုမင်း (ခေါ်) နန်းတောင်းများမင်း၏ သားတော်ဖြစ်ပြီး ဇေယျသိင်္ခမင်း လွန်သောအခါ ကျစွာမင်း နန်းတက်ခဲ့ပါသည်။

ကျစွာမင်းသားဘဝတွင် ခမည်းတော် ဇေယျသိင်္ခမင်း၏ဆရာတော် 'သီဟမဟာဥပါလိထေရ်'ထံ၌ ပညာဆည်းပူးခဲ့ပါသည်။

ကျစွာမင်းသားသည် ပိဋကတ်စာပေနှင့် ပျော်ပိုက်သကဲ့သို့ စိတ်နေစိတ်ထား နူးညံ့သူတစ်ဦးလည်း ဖြစ်ပါသည်။

ကျစွာမင်းသားနှင့်အတူ ဆရာတော် သီဟမဟာဥပါလိထေရ်၏ထံ၌ ပညာသင်ယူဖက်ကား ရာဇသင်္ကြန်အမတ်ဟု ထင်ရှားကျော်ကြားလာမည့် ကိုရာဇပေင်ဖြစ်ပါသည်။ ကိုရာဇကား ကျစွာမင်းသားထက်အသက်အနည်းငယ်ကြီးသဖြင့် ကျစွာမင်းသားကိုယ်တိုင် အစ်ကိုကြီးအရာထားကာ ပေါင်းသင်းဆက်ဆံခဲ့ပါသည်။ ကိုရာဇကလည်း ပညာအရာတွင် ထူးချွန်ထက်မြက်ပြီး စဉ်းစားချင့်ချိန်ရာ၌ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်လှသည့်အတွက် ကျစွာမင်းအဖြစ် နန်းတက်ချိန်တွင် ကိုရာဇမှာလည်း ရာဇသင်္ကြန်အမတ်ကြီးအဖြစ်သို့ ခန့်အပ်ကာ တိုင်းပြည်အုပ်ချုပ်ရေးမှအစ တိုင်ပင်တော်မူခဲ့ပါသည်။

'အမတ်ကြီး... မင်းကြီးကတော့ ပိဋကတ်သုံးပုံကို ရဟန်းရှင်လူ စာသင်သားများကို စာဝါချလိုစိတ် ရှိတော်မူတဲ့အတွက် တစ်နေ့လျှင် စာဝါ (၇)ဝါ ချတော်မူမယ်'

'မှန်လှပါဘုရား'

'ဒါ့အပြင် ပရမတ္ထဗိန္ဒုကျမ်း၊ သဒ္ဒဗိန္ဒုကျမ်းများလည်း ပြုစုရန် အရေးကလည်းရှိသေးတယ် အမတ်ကြီးရဲ့'

'မှန်ပါ့ဘုရား'

'ဒီတော့ တိုင်းရေးပြည်ရာကိစ္စရပ်များကို သားတော်အိမ်ရှေ့မင်းသား ဥဇနာနဲ့ အမတ်ကြီးတို့ တိုင်ပင်ပြီး ဆုံးဖြတ်စေ၊ အသင်ကိုနှစ်ဦးကို မင်းကြီး လွှဲအပ်တော်မူတယ်'

'မှန်ပါ့ဘုရား'

ကျွဲစွာမင်းကြီးသည် ပိဋကတ်သုံးပုံကို ကျေညက်အောင် သင်ကြားထားသူဖြစ်ရကား စိတ်နေစိတ်ထား နူးညံ့သိမ်မွေ့သူတစ်ဦးလည်းဖြစ်ပါသည်။ ရဟန်းရှင်လူများအား တစ်နေ့လျှင် စာဝါ (၇)ဝါ ချပေးခဲ့ပါသည်။ ၎င်းအပြင် ပရမတ္ထဗိန္ဒုကျမ်း၊ သဒ္ဒဗိန္ဒုကျမ်းများ ပြုစုကာစာပေရေးသားခြင်း၊ ပို့ချခြင်းတို့ဖြင့် အချိန်ကုန်ခဲ့ပါသည်။ တိုင်းရေးပြည်ရာကိစ္စရပ်အဖြာဖြာများကို သားတော် အိမ်ရှေ့မင်းသား ဥဇနာနှင့်အမတ်ကြီးရာဇသင်္ကြန်နှစ်ဦးအား ညှိနှိုင်းတိုင်ပင်ဆောင်ရွက်မှုပြုရန်လွှဲအပ်ထားခဲ့ပါသည်။

'အမတ်ကြီး ရာဇသင်္ကြန် မင်းကြီးအနေနဲ့ သာသနာတော်ပြန့်ပွားရေးကို ဆောင်ရွက်နေတဲ့ ဆရာတော် သီဟမဟာဥပါလိထေရ်ကို စကုခဲတောင်ကြီး (စကု)အရပ်မှာ ပြာသာဒ်ကျောင်းဆောက်ပြီးလှူဒါန်းလိုတယ်'

'သင့်လျော်ကြောင်းပါဘုရား'

ကျွဲစွာမင်းကြီးသည် သာသနာရေးနှင့် ဘာသာရေးကို အလေးထားတော်မူသူပီပီ စကုခဲတောင်ကြီး (စကု)အရပ်၌ ပြာသာဒ်ကျောင်းဆောက်ကာ ၎င်း၏ဆရာတော် သီဟမဟာဥပါလိထေရ်အား လှူဒါန်းတော်မူခဲ့ပါသည်။

ထူးခြားသည့် ပြဿဒါးစေတီ။

ဘုရားတည်သည့်နေ့မှစ၍ ပြဿဒါးရက်တွင် တည်တော်မူခဲ့သော စေတီဖြစ်၍ ပြဿဒါးစေတီဟူ၍ ဘွဲ့အမည်ပေးခဲ့သော ဤစေတီကို ကျွဲစွာမင်းကြီး တည်တော်မူပါသည်။

ထို့နောက် ထူးခြားသည့် အမှုဒွန်ကျောက်စာ။

အမှုဒွန်ကျောက်စာကိုလည်း ကျစွာမင်းကြီး ရေးထိုးတော်မူခဲ့ပါသည်။

မင်းကြီးသည် တိုင်းကားပြည်ရွာသာယာ၍ ခိုးသားမြေမရှိစေရန် မည်သည့်မင်းမျှ မလုပ်ဖူးသေးသော ခိုးသူတို့ ကြောက်ရွံ့အောင် ပြန်တမ်းတစ်ခုကို ဤကျောက်စာတွင် ရေးထိုးခဲ့ပါသည်။ ဤကား အမှုဒွန်ကျောက်စာ။ ၄င်းလက်ထက်တွင် ပြစ်မှုကျူးလွန်သည့် လူဆိုးသူခိုးများအား ၄င်းတို့ကျူးလွန်သည့် ပြစ်မှုအလိုက် ဤအမှုဒွန်ကျောက်စာတွင် ယှဉ်တွဲထည့်သွင်းထားဟန်ရှိပါသည်။

နောက်ထပ် လုပ်ဆောင်ချက်တစ်ရပ်ကား ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော 'မြကန်' ဟုခေါ်သည့် မြကန်သာပင်။

တုရင်တောင်ခြေမှကျသော ရေကို ဆည်တော်မူပြီး ကန်ကြီးတစ်ကန်အဖြစ် ပြုလုပ်ပေးခဲ့ပါသည်။ ထိုကန်ကြီးအနီးရှိ လယ်ယာများကို စိုက်ပျိုးရေးအတွက် ရေပေးဝေခဲ့ပါသည်။ ထို့ကြောင့် တိုင်းသူပြည်သား လယ်သမားများ တစ်သီးစားမှ နှစ်သီး သုံးသီးစားဘဝသို့ရောက်ကာ ချောင်လည်ကြကုန်၏။

မြကန်၏သာယာပုံကိုလည်း ဤသို့စပ်ဆိုထားပါသည်။

*မြကန်သာ*

*တောင်ကျချောင်းတေး*

*ရေဝင်ပြေးလှည့်*

*ရေအေးကြည်စွာ*

*ကန်ပိုင်မာလျက်*

*ကြာပေါင်းထုံထုံ*

*ငှက်မျိုးစုံသည်*

*ဝတီသာကန္တလော။*

ကြည်လင်အေးမြသော တောင်ကျချောင်းရေများသည် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော မြကန်ကြီးအတွင်းသို့ တသွင်သွင် စီးဝင်နေပါသည်။ ကြာသင်းရနံ့များဖြင့် ထုံမွှန်းနေသော ဤမြကန်အတွင်းနှင့် လှပသော အရောင်အဆင်းနှင့် ပြည့်စုံသော ငှက်မျိုးစုံတို့ ပျံဝဲနေသည်မှာ တာဝတီံသာမှ နန္ဒကန်ဟုပင် ထင်ရမလောက်ဖြစ်ပါသည်။

ဤသို့ သာယာလှပသော မြကန်ကြီးအနီးတွင် ကျစွာမင်းကြီးသည် မောင်းမမိဿံ အခြွေအရံများနှင့် မကြာခဏ စံမြန်းတော်မူခဲ့ပါသည်။ ထို့နောက် မြကန်အနီးတွင် တုရင်တောင်ခြေတွင် ပိဋကတ်တိုက်ကြီးတစ်ဆောင်ကို ကြီးကျယ်ခမ်းနားစွာ တည်ဆောက်တော်မူပြီး မြန်မာဘာသာပြန် ပိဋကတ်စာပေများ၊ ပါဠိမြန်မာစာပေများကို ထားသိုထားပြီး ရဟန်းရှင်လူများအား လိုရာကျမ်းများကို ထုတ်ယူကြည့်ရှုခွင့်ပြုပါသည်။ ထို့အပြင် သံဃာတော်ငါးရာအတွက် ကျောင်းဆောက်လှူဒါန်းကာ စာချစာသင် ပြုလုပ်စေခဲ့ပါသည်။ ကျစွာမင်းကြီးကိုယ်တော်တိုင် စာပို့ချသဖြင့် မြကန်စံနန်းတော်မှာ ရဟန်းတော်များနှင့် စည်ကားနေပါသည်။ ကျစွာမင်းကြီးသည် တစ်နေ့လျှင် စာဝါ (၇)ဝါ ပို့ချခြင်းဖြင့် တိုင်းရေးပြည်ရာအဖြာဖြာတို့ကို လျစ်လျူရှုထားခဲ့ပါသည်။

ထိုစဉ် အိမ်ရှေ့မင်းသား ဥဇနာ၌ အလောင်းစည်သူမင်းကြီး၏ မြစ်တော်သူ မင်းသမီးနှင့် စုလျားရစ်ပတ် လက်ထပ်မင်္ဂလာသဘင်ဆင်ယင်ပြီးခဲ့လေပြီ။ ၎င်းမင်းသမီးမှာ မျိုးရိုးကောင်းသည်ဖြစ်ရကား

အိမ်ရှေ့စံ၏ မိဖုရားကြီးဖြစ်ခဲ့ပါသည်။ ထိုမင်းသမီးမှ သားတော်တစ်ပါး ဖွားမြင်ခဲ့ရာ အမည်မှာ သီဟသူမင်းသားကလေးဖြစ်ပါသည်။

အိမ်ရှေ့မင်းသား ဥဇနာသည် ဆင်ဖမ်းထွက်ခြင်းကို ဝါသနာပါသည်သာမက တောလည်ထွက်ခြင်းကို ဝါသနာကြီးရကား နေပြည်တော် ပုဂ္ဂံပြည်၏ အရှေ့မြောက်ယွန်းယွန်းရှိ မြစ်သာရွာကြီးသို့ ရောက်ရှိလာခဲ့ပါသည်။ (မြစ်သာရွာမှာ ယခု မြစ်သားမြို့ဖြစ်ပါသည်။)

မြစ်သာရွာကြီး၌ကား သထုံမနူဟာမင်းအား ပုဂံပြည်သို့ ဆောင်ကြဉ်းလာစဉ် အနုပညာသည်များစွာလည်း ပါဝင်ခဲ့ပါသည်။ အနုပညာရှင်များထဲတွင် ပန်းချီ၊ ပန်းပု၊ ပန်းပွတ်၊ ပန်းတိမ်၊ ပန်းပဲ၊ ပန်းတည်း စသည့် ပညာရှင်များလည်း ပါဝင်ပါသည်။ အနော်ရထာမင်းကြီးသည် အနုပညာရှင်အုပ်စုကို သုံ့ပန်းများနှင့် မရောနှောစေဘဲ တသီးတခြား ထားတော်မူပါသည်။ ၎င်းပညာရှင်များ၏ သားစဉ်မြေးဆက်များသည် ရေကြည်ရာ မြက်နုရာဆိုသလို ဝမ်းရေးအတွက် သင့်လျော်မည့်နေရာသို့ ပြောင်းရွှေ့လာရင်း ပန်းပွတ်သည်မိသားစုမှာ မြစ်သာရွာကြီး၌ နေထိုင်ခဲ့ပါသည်။

မိဖုရားဖြစ်ရမည့် ဇာတာရှင်ဆိုသည်မှာ သစ်ပင်မှ သစ်ရွက် အတွင်း၌ ရွက်ပုန်းသီးပမာ နေထိုင်ပါသော်လည်း တော်ကောက်ခံရမည့်ကိန်း ဆိုက်ရောက်ကြရပါသည်။

သူမကား ပန်းပွတ်သည်ကြီး၏သမီး လှယဉ်မွန်ပင် ဖြစ်ပါသည်။ အမည်အရင်းကား မလှယဉ်ဖြစ်သော်လည်း မွန်လူမျိုးတို့ထုံးစံအရ မိန်းကလေးများ၏ အမည်နောက်တွင် 'မွန်' ဆိုသည့် ဝေါဟာရ ပါရစမြဲပင်။ ထို့အတူ ယောကျ်ားကလေးများ ဖြစ်ဘိမူကား အမည်၏

ရှေ့တွင် 'မွန်'ဟူသည့်စာလုံး ထည့်သွင်းခေါ်ဝေါ်ရပါသည်။

လှယဉ်မွန်ကလေးသည် နာမည်နှင့်လိုက်အောင် အလှတွင် အယဉ်ဆုံးဆင့်ကာ မွန်ရည်ချောမောသူကလေးပင်။ မြစ်သာရွာတစ်ရွာလုံး၏ ကွမ်းတောင်ကိုင်။ ပန်းပွတ်ပစ္စည်းရောင်းသည့်အတွက် စကားအပြောအဆို ယဉ်ကျေးလိမ္မာကာ ဈေးဝယ်သူများကို အဆင်ပြေစွာ ဆက်ဆံရောင်းဝယ်တတ်သူဖြစ်ပါသည်။

ကံကြမ္မာဆိုသည်မှာ အကျိုးအကြောင်း အဆိုးအကောင်းကို မည်သို့မျှ လုပ်ယူ၍မရ။ ကံထမ်းလာသည်ကို မမြင်နိုင်။ လုံထမ်းလာသည်ကိုသာ တွေ့နိုင်ပေသည်။ ကံကြမ္မာကောင်း ဇာတာစန်းလင်္ဂတို့ ပွင့်ချိန်အခါတွင် ကျေးတောရွာ၌နေသူပင် ဖြစ်လင့်ကစား ထင်ပေါ်၍ စင်တော်ကကောက်ရန် အကြောင်းဖန်လာခဲ့ပါသည်။

ဥဇနာမင်းသားကား ထန်းတောအတွင်း အပန်းဖြေနေခိုက် ရာဇသင်္ကြန်၏သားနှစ်ယောက်ဖြစ်သော အုတ်လှကြီးနှင့် အုတ်လှငယ်တို့သည် မြစ်သာရွာအတွင်းသို့ ရောက်ရှိလာခဲ့ပါသည်။ ပန်းပွတ်ပစ္စည်းများဝယ်ရင်း လှယဉ်မွန်နှင့် တွေ့ဆုံခဲ့ပါသည်။

လှယဉ်မွန်ကလေးသည် လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးဆိုသည့်အတိုင်း မျက်နှာပြင်သာ ချောမောလှပသည်မဟုတ်။ ကိုယ်လုံးကိုယ်ထည်ကပါ လှပပြေပြစ်သော အချိုးအစားဖြစ်၍ ဘယ်ပန်းချီရေး၍မမီသော အလှပိုင်ရှင်ကလေးဖြစ်ပါသည်။

အုတ်လှကြီးနှင့် အုတ်လှငယ် ညီအစ်ကိုနှစ်ဦးမှာ သူမအား မိတ်ဆွေဖွဲ့ခဲ့ပါသည်။

'နှမကလေးရဲ့အမည်ကို သိလိုတာပါ'

'နှမကလေးရဲ့အမည်က လှယဉ်မွန်ဖြစ်ပါတယ်'

'အမျိုးအမည် သိပါရစေ နှမလေး'

'နှမလေးတို့မျိုးရိုးဇာတိမှာ မျှားဖြစ်သည်ပါ'

'အောက်ပြည်အောက်ရွာက အနွယ်တော်များက

အသို့ ဤအရပ်၌ ရောက်နေဘိသနည်း'

'အနော်ရထာမင်းလက်ထက် သထုံမြို့ကို သိမ်းပိုက်စဉ် မနူ

ဟာမင်း ပိဋကတ်သုံးပုံတို့နဲ့ အတူပါလာတဲ့ ပန်းပွတ်သည် မွန်တလိုင်း

မျိုးနွယ်များဖြစ်ပါတယ်၊ ဖခင်ကြီး ပန်းပွတ်ဆရာကြီးဟာ သည်ရွာ

ကြီးကို ပြောင်းလာတဲ့အတွက် နှမလေးလည်း ဒီရွာကြီးကို ရောက်ခဲ့

ရပါတယ်'

'သြော်... နှမလေးက ပန်းပွတ်ဆရာကြီးရဲ့သမီးကိုး'

'မှန်ပါတယ် မောင်ကြီးတို့'

'မောင်ကြီးတို့ကရော ဘယ်ရွာသားတွေပါလဲ'

'မောင်ကြီးတို့က ပုဂံနေပြည်တော်က မြို့သား အုတ်လှကြီး

နဲ့ အုတ်လှငယ်ပေါ့'

'အို... မေးမိတာ မှားပြီထင်ပါ့ မောင်ကြီးတို့ရယ်၊ လက်စ

သတ်တော့ မောင်ကြီးတို့က မြို့သားတွေကိုး'

'ဟုတ်တာပေါ့ နှမကလေးရယ်၊ မောင်ကြီးတို့က အလည်

အပတ်လာရင်း နှမကလေးတို့ရွာကို ရောက်လာသည်ပါ'

'သြော်... သြော်...'

'ကိုင်း... နှမကလေးရေ၊ မောင်ကြီးတို့ပြန်ဦးမယ်'

'ကောင်းပါပြီ... မောင်ကြီးတို့ နောက်တစ်ခါလာရင် နှမ

လေးတို့ဆိုင်ကို လာခဲ့ပါဦးနော်'

'ကောင်းပြီစံ . . . ကောင်းပြီစံ'

အုတ်လှကြီးနှင့် အုတ်လှငယ် ညီအစ်ကိုနှစ်ဦး ထန်းတောသို့ ပြန်ခဲ့ကြပါသည်။ အပြန်လမ်းတွင် အုတ်လှငယ်မှ-

'အစ်ကိုကြီး . . . လှယဉ်မွန်ဆိုတဲ့ မလေးက တော သူသာဆိုပေမယ့် အတော်လှတယ်နော်'

'ဩော် . . . သူတို့လည်း အကြောင်းမလှလို့ တောသူဖြစ်နေ တာပေါ့၊ တကယ်လို့သာ မနူဟာမင်းနဲ့ ပါမလာဘဲ သုဝဏ္ဏဘုမ္မိမှာ သာ ကျန်နေခဲ့မယ်ဆိုရင် မြို့သူကလေး လှယဉ်မွန်ဖြစ်မှာပေါ့'

'ဟုတ်ပါ့ အစ်ကိုကြီးရာ၊ ဒီကောင်မလေး လှပုံထူးတာက တော့ ပြောမယ့်စရာပါပဲ။ ကျေးတောနဲ့မတန် ထီးနန်းနဲ့သာ ထိုက်တန် တဲ့ တော်ဝင်အလှမျိုးပဲ'

'ညီလေးပြောမှ အစ်ကိုကြီးလည်း စေ့စေ့တွေးတော့ ရေးရေး ပေါ်ဆိုသလို အကြံကောင်းတစ်ခု ပေါ်ထွက်လာတယ်'

'ဒါဆို အစ်ကိုကြီးရဲ့အကြံကောင်းကို ပြောပါဦး'

'ငါ့ညီပြောတဲ့စကားမှာ ကျေးတောနဲ့မတန် ထီးနန်းနဲ့သာ ထိုက်တန်တဲ့ တော်ဝင်အလှဆိုတာ ကြားလိုက်ရတော့ ဒီမိန်းကလေးကို အိမ်ရှေ့စံကိုယ်တော်ကလေးနဲ့ စုံဖက်ပေးရရင် မကောင်းဘူးလား'

'ဟုတ်ပေသားပဲ'

'ဒီတော့ ထန်းတောရောက်တာနဲ့ ကိုယ်တော်လေးကို သံတော် ဦးတင်ကြမယ်'

'ဒီအစီအစဉ် ကောင်းတယ်'

ထိုသို့ဖြင့် အုတ်လှညီအစ်ကိုမှာ ထန်းတောထဲသို့ ရောက်ရှိလာခဲ့ပါသည်။ ထန်းရည်သောက်နေသော အိမ်ရှေ့မင်းသားအား လှယဉ်မွန်အကြောင်း လျှောက်တင်ခဲ့ပါသည်။

'အရှင့်သား… ကျွန်တော်မျိုးတို့ မြင်သာရွာကိုသွားစဉ်မှာ တော်ဝင်နန်းထိုက်အောင် ချောမောလှပတဲ့ မိန်းကလေးတစ်ဦးကို တွေ့မြင်ခဲ့ပါသည်ဘုရား'

ထိုသို့အစချီကာ လှယဉ်မွန်အကြောင်း သိသမျှကို လျှောက်ထားခဲ့ပါသည်။ ဥဇနာမင်းသားသည် မိန်းမချောကလေး လှယဉ်မွန်အား တွေ့လိုလှသဖြင့် နောက်တစ်နေ့တွင် လှယဉ်မွန်အား တစေ့တစောင်း သွားရောက်ကြည့်ခဲ့ပါသည်။ လှယဉ်မွန်ကလေးအား တွေ့လျှင်တွေ့ချင်း အချောအလှကို သဘောကျသည့် ဥဇနာမင်းသားကလေးမှာ လွန်စွာချစ်ခင်နှစ်သက်ခဲ့ပါသည်။

'ကဲ… မောင်မင်းတို့နှစ်ဦး ကိစ္စပြီးအောင် ဆောင်ရွက်ချေ၊ ဒီမိန်းကလေးကို ငါကိုယ်တော် စုံမက်တော်မူတယ်'

'မှန်ပါ့ဘုရား'

မင်းသား၏အမိန့်အတိုင်း ပန်းပွတ်သည်ဆရာကြီးအား အသိပေးကာ ၎င်းတို့အိမ်ရှေ့တွင် ရာဇမတ်ကာ သဲဖြူခင်းပြီး ထီးဖြူစိုက်ခဲ့လေပြီ။ ပန်းပွတ်သည်ဆရာကြီးမှာလည်း မိမိသမီးကလေးအား တော်ကောက်မည်ဆိုသဖြင့် လွန်စွာဝမ်းသာအားရ ကျေနပ်တော့်မူခဲ့ပါသည်။

မကြာမီ , တို့ထုံးစံအတိုင်း မဏ္ဍပ်ထိုးကာ မင်္ဂလာပွဲသဘင် ကျင်းပခဲ့ပါသည်။

အုတ်လှညီနောင် စတင်တွေ့ရှိခဲ့သော ကံအကြောင်းတရား

သည် နှောင်းသောအခါ ရာဇဝင်တွင် စာတင်ရမည့်ကိန်းဆိုက်ရန် ဖန်တီးခြင်းအစပင် ဖြစ်ပါသည်။

ဪ… ကံကြမ္မာကား ထူးဆန်းပေစွ။

ဥဇနာမင်းသားသည် မြစ်သာသူ လှယဉ်မွန်အား ပုဂံသို့ခေါ်ဆောင်လာပြီး မောင်းမမိဿံအဆောင်အယောင်ဖြင့် ထားတော်မူပါသည်။ ထိုသို့ဖြင့် ပုဂံပြည်၌ စံတော်မူနေစဉ်–

'မြစ်သာသူမောင်းမငယ် လှယဉ်မွန်ဟာ ယနေ့နံနက် တနင်္ဂနွေနေ့တွင် သားတော်တစ်ပါး ဖွားမြင်ကြောင်းပါဘုရား'

'အိမ်ရှေ့မိဖုရားက သားတော်တစ်ပါး ဖွားမြင်ထားတဲ့အတွက်အခု သားတော်နဲ့ဆိုရင် သားတော်နှစ်ပါးထွန်းကားလာတာ ဝမ်းမြောက်ရာပဲ'

အိမ်ရှေ့မင်းသားမှာ သားတော်နှစ်ပါး ထွန်းကားသဖြင့် ထီးမွေနန်းမွေအတွက် ယုံကြည်စိတ်ချအားကိုးရပြီဟု ထင်မှတ်ကာ လွန်စွာဝမ်းမြောက်ဝမ်းသာရှိခဲ့ပါသည်။

ကျစွာမင်းကြီးကား စာဝါချခြင်း၊ စာပေရေးသားခြင်းဖြင့်သာအချိန်ကုန်ခဲ့ပါသည်။ အိမ်ရှေ့မင်းသား ဥဇနာကား ဆင်ဖမ်းခြင်း၊ တောလည်ထွက်ခြင်းတို့ဖြင့် မအားလပ်အောင်ရှိရကား တိုင်းရေးပြည်ရာ အဖြာဖြာကို ရာဇသင်္ကြန်အမတ်ကြီးကသာ စီမံခန့်ခွဲနေရပါသည်။ တိုင်းပြည်ငြိမ်ဝပ်ပိပြားမှု၊ အကောက်ခွန်ရရှိမှု၊ လွှတ်တော်အရေးတို့ကို ဦးလည်မသုန် တာဝန်တစ်ရပ်အဖြစ် ထမ်းဆောင်နေခဲ့ရပါသည်။

ထိုသို့ဖြင့် တဖြည်းဖြည်း အချိန်များကုန်ဆုံးခဲ့ပါသည်။ ကျစွာမင်းကြီးသည် ထီးနန်းသက် (၁၆)နှစ်မျှ အုပ်စိုးပြီးချိန်တွင် တရင်တောင်

၌ သံလျက်ကစားတော်မူခဲ့ပါသည်။

ကံကြမ္မာဂြိုဟ်ဆိုးကို ကျစ္စွာမင်းကြီး မတားဆီးနိုင်ခဲ့ပါ။

သံလျက်နှင့် ကစားတော်မူနေကျဖြစ်၍ ကစားရာမှ ယနေ့ အဖို့ ခြေချော်လက်ချော်ဖြစ်ကာ သံလျက်နှင့် မတော်တဆထိခိုက်ကာ နတ်ရွာစံတော်မူခဲ့ပါသည်။

'ကျစ္စွာမင်းကြီး နတ်ရွာလားပြီ'

'ဘယ်လိုလုပ်ကြမလဲ'

'ဒီသတင်းကို ပုဂံပြည်ဆီသို့ အမြန်ဆုံး အကြောင်းကြားမှ ဖြစ်မယ်'

ထိုသို့ဖြင့် ခြေမြန်တော်တစ်ဦး စေလွှတ်ကာ ပုဂံပြည်သို့ အကြောင်းကြားစေပါသည်။ ထိုအချိန်တွင် အိမ်ရှေ့မင်းသား ဥဇနာ မှာ နန်းတော်တွင် မရှိချေ။ ပထုံတောကြီးအတွင်း ဆင်ဖမ်းထွက်နေ သည်နှင့် ကြုံနေပါသည်။ ဤသတင်းကို ရာဇသင်္ကြန်အမတ်ကြီး ကြားသိတော်မူခဲ့ပါသည်။

'အလို··· ကိုယ်ကျိုးတော့ နည်းပါပြီ၊ ကျစ္စွာမင်းကြီး နတ် ရွာလားပြီတဲ့၊ ခက်တာက အိမ်ရှေ့စံကိုယ်တော်လေးကလည်း နန်းတော် မှာမရှိသေးဘူး၊ ဒီတော့ ဒီသတင်းကို သိုသိုသိပ်သိပ်ထားပြီး အိမ်ရှေ့စံ ကို အမြန်ဆုံးခေါ်ဆောင်မှဖြစ်မယ်'

ရာဇသင်္ကြန်အမတ်ကြီးသည် ကျစ္စွာမင်းကြီး နတ်ရွာစံသွား သည့်အတွက် မင်းမဲ့တိုင်းပြည်ဖြစ်ကာ မလိုသူများ ဆူပူအုံကြွ အနှောင့် အယှက်ပေးမည်စိုးသဖြင့် ဤသတင်းကို သိုသိုသိပ်[illegible]ပ်ထားကာ အိမ်ရှေ့စံဆီသို့ အမတ်တစ်ဦးကို အမြန်ဆုံးစေလွှတ်[illegible]မူခဲ့ပါသည်။

ဤသတင်းကို အိမ်ရှေ့မင်းသား ဥဇနာကြားလျှင်-

'ဖြစ်မှဖြစ်ရလေ ဖခမည်းတော်ရယ်၊ အဖြစ်ဆိုးလေခြင်း'

ထိုသို့ဆိုကာ ဝမ်းနည်းစွာဖြင့် ပုဂံပြည်သို့ ပထုံတောကြီး အတွင်းမှ အမြန်ဆုံးပြန်လာခဲ့ပါသည်။ အိမ်ရှေ့စံရောက်လျှင် ရောက် ချင်း ဆီးကြိုကာ သိုသိုသိပ်သိပ်ပြုရသည့်အကြောင်းကို တင်လျှောက် ကာ အမြန်ဆုံးထီးနန်းတင်ပေးခဲ့ပါသည်။

ထိုသို့ဖြင့် 'ဂြိတြိဘာဝနဒိတျဝရ ဓမ္မရာဇာ ဒါနပတိနရသိဃ် ဥဇနာ' ဟူသော ဘွဲ့အမည်ဖြင့် ပုဂံထီးနန်းကို စိုးစံတော်မူခဲ့ပါသည်။

'အမတ်ကြီးများရဲ့ ဘွဲ့အမည်ကို ပိုမိုခံ့ညားစေဖို့ ချီးမြှောက် တော်မူလိုတယ်၊ ဒါကြောင့် မဟာဗိုလ်ကို စစ်တုရင်ဗိုလ်လို့ ဘွဲ့မည် ပေးတော်မူမယ်'

'မှန်လှပါဘုရား'

'သီဟသူကို စစ်တုရင်သူလို့ ဘွဲ့မည်ပေးတော်မူမယ်'

'မှန်လှပါဘုရား'

'အသချာစစ်သူဌေးကို သရေပစ္စပတေ့ သရေဝေမုနာလို့ ဘွဲ့ မည်ပေးတော်မူမယ်'

'မှန်လှပါဘုရား'

ဤသို့ဖြင့် ဘွဲ့မည်အသီးသီး ချီးမြှောက်တော်မူပါသည်။ အမတ်ကြီး ရာဇသင်္ကြံန်ကိုကား ဘွဲ့တံဆိပ်ထပ်မပေးသော်လည်း ဘကြီးတော်ဟု တလေးတစား ခေါ်ဝေါ်ခဲ့ပါသည်။ သားတော်ကြီး သီဟသူမှာ အလောင်းစည်သူမင်း၏ မြစ်တော် မင်းသမီးမှ မွေးဖွား သော သားကြီးဩရသဖြစ်ပြီး မင်းမျိုးမင်းနွယ်စစ်စစ်ဖြစ်ရကား

နန်းလျှာ မင်းသားအဖြစ် ထားတော်မူခဲ့ပါသည်။

နန်းညွန့်နန်းလျှာ မင်းသားကလေး သီဟသူ။ နန်းညွန့်နန်းလျှာ ဆိုသည်မှာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ထီးနန်းကို စိုးစံရမည့် မင်းလောင်းဟု သတ်မှတ်ခံရသော ဂုဏ်ပုဒ်ဖြစ်၍ ငယ်ရွယ်နုနယ်သော မင်းသားကလေး၏စိတ်တွင် ပျော်ရွှင်ခြင်းနှင့်အတူ စိတ်ကြီးဝင်မှုလည်း ဖြစ်စေခဲ့ပါသည်။

နန်းညွန့်နန်းလျှာလောင်းဖြစ်၍ အခြွေအရံ ကျေးကျွန်များက လည်း မင်းသားလေးဘေးတွင် ပတ်ပတ်လည် များပြားခဲ့ပါသည်။ အလိုက် အကြိုက်ဆောင်သူ ခြွေရံသင်းပင်းများကြောင့် အရာရာ အလိုလိုပြည့်စုံနေသော မင်းသားကလေးမှာ ပို၍ စိတ်ပြောင်းလဲလာခဲ့ပါ သည်။ မင်းပျိုမင်းလွင် မင်းသားတစ်ပါးပေမို့ စိတ်အခန့်မသင့်လျှင် မသင့်သလို မည်သူ့ကိုမျှ ညှာတာထောက်ထားခြင်းမရှိ။ ပြောစရာရှိ လျှင် ဒိုးဒိုးဒေါက်ဒေါက်ပြောတတ်သည်။ ဒေါသလည်း ထွက်လွယ် သည်။ အခြွေအရံသင်းပင်းကလည်း ထပ်ဆင့်မြှောက်ပင့်ပေးသည့် အတွက် မီးလောင်ရာလေပင့်ဆိုသလို မာနတံခွန် ထူခဲ့ပါသည်။

မင်းသားနှစ်ပါးအနက် သီဟသူမင်းသားကလေးမှာ ဒေါသ ကြီးသလောက် လှယဉ်မွန်မွမ်းသော ငယ်နာမည် မင်းသားခွေးချေး ကလေးမှာ ပြုံးရွှင်သောမျက်နှာနှင့် နန်းတွင်းရှိလူများနှင့် သင့်တင့်စွာ နေထိုင်တတ်သည့်အတွက် မင်းသားခွေးချေးကလေးကို လူတိုင်းက ချစ်ခင်ကြပါသည်။

မင်းသားခွေးချေးကား တိုင်းရေးပြည်ရာအဖြာဖြာကိုလည်း စိတ်မဝင်စား။ သူစိတ်ဝင်စားသည်က တောလိုက်ခြင်းနှင့် ဂုညင်းထိုး

ကစားခြင်းပင်။

တွံတေးတောကြီးတန်းအတွင်း ၄က်အော်စမ်းတစ်နေရာတွင် အပေါင်းအဖော်များနှင့် ငါးမျှားကာ ပျော်ရွှင်စွာ အချိန်ကုန်ဆုံးခဲ့ပါသည်။

စာသင်ချိန်ရောက်၍ စာသင်ရပြန်ပါသော်လည်း သူစိတ်မပါ။ အပေါင်းအသင်းများနှင့် ဂုံညင်းထိုးခြင်းကိုသာ စိတ်ရောက်နေခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း နိမိတ်ထွန်းတင့်ဆိုသည့်စကားနှင့်အညီ အတိတ်နိမိတ်တို့သည် အနာဂတ်ကံကြမ္မာကို ဟောကိန်းထုတ်ခဲ့လေပြီ။ ဤသည်ကား-

အိမ်တော်ဝင်းတစ်နေရာ သစ်ပင်ရိပ်တစ်ခုတွင် မင်းသားခွေးချေးနှင့် အဖော်တစ်စု ကစားနေကျနေရာကလေး။ ကစားခြင်းကလည်း ဂုံညင်းထိုးကစားခြင်းဖြစ်၍ ဤမြေတလင်းကို ပြောင်ရှင်းအောင် လှဲကျင်းထားကြပါသည်။

ယနေ့အဖို့ကား-

ဤမြေတလင်း၌ အမှိုက်သရိုက်များ ကင်းရှင်းအောင် လှဲထားပြီး ဂုံညင်းထိုးရန် အဆင်သင့်ပြုလုပ်ထားပါသည်။ မင်းသားခွေးချေး၏ အဖော်တစ်စုမှာ ကစားရန်အတွက် ဤမြေတလင်းသို့ ရောက်ရှိနေခဲ့ကြပါသည်။ မင်းသားခွေးချေးကလေးမှာ အကြောင်းကိစ္စတစ်စုံတစ်ရာရှိသဖြင့် ဤမြေတလင်းသို့ မရောက်သေးပေ။

ကစားဖော်များကလည်း မင်းသားခွေးချေးအလာကို စောင့်ဆိုင်းကာ ဤမြေတလင်းဝယ် ထိုင်သူကထိုင်၊ စောင့်သူကစောင့်။

မင်းသားခွေးချေးကလေးကလည်း မလာသေးပေ။ မလာနိုင်သည့်အဆုံး ဤမြေတလင်းတွင် ဂုံညင်းထိုးကစားခြင်းကို စတင်ကစားခဲ့ပါသည်။

ထိုသို့ ဂုံညင်းကစားနေစဉ်-

မည်သည့်နေရာက ပေါ်လာမှန်းမသိသော ခွေးတစ်ကောင်သည် ကစားကွင်းအလယ်သို့ ရုတ်တရက်ပြေးဝင်လာပြီး မစင်စွန့်ကာ ဤနေရာမှ အမြန်ဆုံးပြေးထွက်သွားပါသည်။

'ဟာ... ဒီခွေးကလည်း ကြဲကြဲဖန်ဖန် ကွင်းအလယ်လာပြီး မစင်စွန့်ရတယ်လို့ကွာ'

'အေးကွာ... ကစားနေတဲ့နေရာကိုဝင်ပြီး ချေးပါတော့ ဘယ်လိုလုပ်ပြီး ကစားရတော့မှာလဲ'

'လွယ်ပါတယ်ကွာ... ခွေးချေးပုံကို ဖုံးလိုက်ပေါ့ကွာ'

'ဟုတ်တယ်... ဟုတ်တယ်... ဒီသစ်ခက် သစ်ရွက်တွေနဲ့ပဲ ဖုံးလိုက်ရင်ကောင်းမယ်'

ပြောပြောဆိုဆို ကစားဖော်သူငယ်ချင်းတစ်စုမှာ ခွေးချေးပုံကို သဲနှင့်ဖုံးသူကဖုံး၊ သစ်ရွက်နဲ့ ဖုံးသူကဖုံးနှင့် အလုပ်ရှုပ်နေပါသည်။ ထိုသို့ ကစားဖော်တစ်စုမှာ မြေတလင်းပြောင်တွင် ခွေးချေးပါသည့်အတွက် အလုပ်ရှုပ်နေစဉ် မင်းသားခွေးချေးကလေးကလည်း ထိုနေရာသို့အရောက်-

တွေ့လိုက်ရသည့်အဖြစ်ကား သစ်ခက်နှင့် သဲများဖုံးထားသည့် ခွေးချေးပုံအား ကစားဖော်သူငယ်ချင်းတစ်စုသည် အမြင်အားဖြင့် စေတီသဏ္ဍာန်ကဲ့သို့ စိတ်ဝယ် ထင်မြင်လာပြီး ဘုရားဖူးတမ်းကစားသည့်နှယ် ဝိုင်းအုံရှိခိုးနေပါတော့သည်။

မင်းသားခွေးချေး၏ ဦးရိုးတော်ဦးပဥ္စင်းသည် တူတော်မင်းသားအား စာသင်ရန်လာခိုက်နှင့်ကြုံကာ ဤအဖြစ်အပျက်ကို ကောင်းစွာတွေ့မြင်ခဲ့ပါသည်။ ၎င်းသည် ပညာရှိရဟန်းပီပီ ဤဖြစ်ရပ်ကို ဆင်ခြင်သုံးသပ်ကာ နိမိတ်ကောက်ရာတွင်-

'ဗမ္ဗူဒိပ်ကျွန်း နိမိတ်ထွန်းဆိုသလို တွေ့ရှိချက် ထူးပါဘိ၊ နိမိတ်အလို ဆင်ခြင်ရသော် ခွေးချေးပုံအား လူငယ်များက ဝိုင်းအုံရှိခိုးနေသည်မှာ မင်းသားခွေးချေး အထွတ်အထိပ်သို့ရောက်မယ့် အတိတ်ကောင်း နိမိတ်ကောင်းပဲ'

မင်းဖြစ်မည့် အတိတ်နိမိတ်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသော ဦးရိုးတော်မှာ ယခင်က မစဉ်းစားခဲ့သောအကြောင်းများကို စဉ်းစားခဲ့မိပါသည်။

'အင်း… ဒီနိမိတ်အတိုင်းဆိုရင် တူတော်မောင်ဟာ မလွဲဧကန် မင်းအဖြစ်သို့ ရောက်လတ္တံ့၊ ဒီတော့ ငါတို့လည်း တူတော်မောင် မင်းဖြစ်ရန်အရေး ဝိုင်းဝန်းဖေးမမှဖြစ်မယ်'

'အစကတော့ မိဖုရားငယ်မှ ဖွားတဲ့သားမျိုး မင်းဖြစ်ရန် အရေးမတော်လှလို့ ထင်ခဲ့မိပေမယ့် အတိတ်ကောင်းနိမိတ်ကောင်း ပေါ်ခဲ့ပြီမို့ အချိန်အခါ အခွင့်သင့်ချိန်ကို စောင့်စားပြီး ကြံဆောင်ပေးရမယ်'

ဦးရိုးတော်၏ စိတ်ထဲတွင် ဤသို့ အတွေးများဝင်ခဲ့ပါသည်။ သို့သော်လည်း အချိန်ကာလ မရောက်သေးသဖြင့် စောင့်ဆိုင်းကာနေခဲ့ပါသည်။

❖

# အခန်း(၅)

## ရာဇဝင်တွင်ခဲ့သည့် ကျွမ်းဝါးတွေ့ကျက်များ

တစ်စတစ်စနှင့် ပုဂံပြည်အနီး ပထုံတောကြီးမှာလည်း ထင်းခုတ်သူများကြောင့် တောပြုန်းစပြုလာပါသည်။ ထိုထင်းများကို တချို့ကလည်း အုတ်ဖုတ်ရာတွင် အသုံးပြုကြပါသည်။ တချို့ကလည်း ထမင်းဟင်းချက်ရာတွင် အသုံးပြုကြပါသည်။

သို့တစေ ယခုခေတ်ကာလတွင် စေတီအမျိုးမျိုး အဆူဆူ တည်ဆောက်ကြသဖြင့် ထင်းမီးအတွက် သစ်ကြီးဝါးကြီးများကို ခုတ်ယူကြသူ များလာပါသည်။ သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုများ ပြောင်းလဲလာပါသည်။

ရာဇသင်္ကြန်အမတ်ကြီးသည် တိုင်းပြည်၌ ရာသီဥတုဖောက်ပြန်ပါက စားနပ်ရိက္ခာအတွက် ဆုတ်ယုတ်မည့်အရေး တွေးတောပူပန်

နေမိပါသည်။ ထိုစဉ် ဥဇနာမင်းမှာလည်း ညီလာခံသဘင်သို့ နေ့စဉ် မရောက်ဖြစ်ဘဲ မိဖုရားအသစ် မယ်စောနှင့်သာ အချိန်ဖြုန်းနေသဖြင့် ရာဇသင်္ကြန်အမတ်ကြီးမှာ ဤအရေးအတွက် စိတ်မအေးဖြစ်နေပါသည်။

'အင်း… ပထုံတောကြီးမှာလည်း ထင်းခုတ်သူတွေ မဆောင်မခြင်ခုတ်တာကြောင့် သစ်တောတွေပြုန်းပြီး ရာသီဥတု မမှန်မကန်ဖြစ်နေပြီ။ ဒီအရေးကိစ္စကို မင်းကြီးကို လျှောက်တင်မှတော်မယ်၊ မင်းကြီးကလည်း ညီလာခံသဘင် နေ့စဉ်မထွက်ဘူး၊ ဒီနေ့တော့ နန်းရင်ပြင်ကို စောစောသွားပြီး မင်းကြီးအလာကို စောင့်မှပဲ'

ထိုသို့တွေးတောကာ စောစီးစွာ နန်းရင်ပြင်သို့ ရောက်ခဲ့ပါသည်။ အမတ်ကြီး ရာဇသင်္ကြန်မှာ ညီလာခံခန်းမဆောင်တွင် စောစီးစွာရောက်နေပြီး တိုင်းပြည်အရေး ပြည်သူများအရေးကို တွေးတောနေခိုက်-

'ဖြစ်'

'ဖြစ်'

ထိုအသံနှင့်အတူ ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါ ဒေါသတကြီးဖြင့် ကွမ်းတံတွေးကို ဖြစ်ခနဲမြည်အောင် ထွေးလိုက်သော အိမ်ရှေ့နန်းလျာ သီဟသူမင်းသား။ သူ၏မျက်နှာက ဒေါသအပြည့်နှင့်။

ရာဇသင်္ကြန်အမတ်ကြီး၏ အင်္ကျီဖျင်လက်တွင် ကွမ်းတံတွေးများ စွန်းထင်းလျက်။ သီဟသူမင်းသားထွေးလိုက်သည့် ကွမ်းတံတွေးမှန်း သိလိုက်ရသည့်တစ်ခဏ အမတ်ကြီး ကောင်းစွာသဘောပေါက်သွားပါသည်။

'ငါကိုယ်တော် ကြွလာသည်ကိုမျှ မမြင်၊ လာလမ်းတွင် အင်္ကျီဖျင်လက်ကျနေအောင်ကို အရှိအသေနည်းလှဘိ'

'အရှင့်သား ကြွလာသည်ကို မမြင်မိ၍ လက်ဖျင်မသိမ်းမိသည်ကို သည်းခံခွင့်လွှတ်တော်မူပါ အရှင့်သား'

ရာဇသင်္ကြန် အမတ်ကြီးက ပျာပျာသလဲ တောင်းပန်တော်မူပါသည်။ ဒေါသအမျက် ချောင်းချောင်းထွက်နေသော သီဟသူမင်းသားကား ဝါးလက်စကွမ်းဖတ်များကို ရာဇသင်္ကြန်၏ ဖျင်လက်ပေါ်သို့ ထပ်မံထွေးလိုက်ပြီး-

'အိမ်ရှေ့မင်းသား လာတာကို လျစ်လျူရှုရင် နောက်တစ်ခါ ခွင့်မလွှတ်ဘူး'

ထိုသို့ဆိုကာ ညီလာခံသဘင်စင်မြင့်ဆီသို့ သွားရောက်ထိုင်နေပါတော့သည်။ ရာဇသင်္ကြန်အမတ်ကြီးကား စိတ်မကောင်းခြင်းကြီးစွာဖြစ်ကာ-

'သူ့ရဲ့အဘိုး ကျစွာမင်းကြီးကလည်း ငါ့အပေါ် ဒီလိုမဆက်ဆံခဲ့ဘူး၊ အစ်ကိုတော်အဖြစ် ဆက်ဆံခဲ့တယ်၊ ဥဇနာမင်းကြီးကလည်း ငါ့ကို ဘကြီးတော်လို့ ခေါ်ဝေါ်ဆက်ဆံခဲ့တယ်၊ အခုတော့ ငါ့မြေးအရွယ် မင်းသားငယ်ဟာ ငါ့ကို ဒီလိုဆက်ဆံတာ လွန်စွာစိတ်မကောင်းစရာပဲ'

အစစအရာရာ လွန်စွာတော်သော အမတ်ကြီးပင်လျှင် ဤအကြောင်းဖြစ်ရပ်အပေါ် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ အိမ်ပြန်ရောက်သည့်တိုင် တနုံ့နုံ့ခံစားနေရပါသည်။

အင်္ကျီဖျင်လက်တွင် စွန်းထင်းနေသော ကွမ်းတံထွေးကွက်ကို

ကြည့်ရင်း အမှတ်မထင် လက်ဖျင်ကျသည့် သေးကွေးသောအမှုကလေးကိုပင် ပုံကြီးချဲ့ကာ ကွမ်းတံတွေးဖြင့် ထွေးလိုက်သည်မှာ နန်းညွန့်နန်းလျာ၏ မလုပ်သင့်မလုပ်ထိုက်သော အပြုအမူကို ပြက်ပြက်ထင်ထင် ဆင်ခြင်စဉ်းစားမိပါသည်။

'ထီးနန်းကို တစ်နေ့မှာ အုပ်စိုးရမယ့် မင်းသားတစ်ယောက် အနေနဲ့ အသေးအဖွဲ့ကိစ္စရပ်ကိုတောင် အပြစ်ယူပြီး ကွမ်းတံတွေးနဲ့ ထွေးသည်မှာ အမြော်အမြင်ကင်းမဲ့စွာ အဘိုးအရွယ်တစ်ယောက်ကို စော်ကားမော်ကား ပြုခြင်းပေပဲ။ ဒီလိုမင်းသားမျိုး မင်းအဖြစ်အုပ်စိုးသည်ရှိသော် တိုင်းကားပြည်ရွာ မသာယာရှိချေရဲ့'

ထိုသို့ စဉ်းစားတော်မူခဲ့ပါသည်။ တဖြည်းဖြည်း ညဥ့်ဦးယံအချိန်သို့ တိုင်ခဲ့ပါပြီ။ ထိုစဉ် အမတ်ကြီး၏ အိမ်တော်သို့ တိတ်တဆိတ်ရောက်လာသူနှစ်ဦး။ ၎င်းတို့ကား ခွေးချေးမင်းသားကလေးနှင့် သူ၏ဦးရီးတော် ဦးပဍင်း။ ကိုင်ဆောင်လာသည်က သစ်သီးသုံးခိုင်။

အံ့အားသင့်သွားသူကား အမတ်ကြီးရာဇသင်္ကြန်။

ညအချိန်မတော် မင်းသားခွေးချေးနှင့် သူ၏ဦးရီးတော် ဦးပဍင်း အဘယ်ကြောင့် ရောက်လာသည်ကိုတွေးရင်း အံ့အားသင့်စွာ မေးလိုက်ပါသည်။

'ဦးပဍင်း ညအချိန်မတော် မည်သည့်အရေးအခင်းများ ရှိပါစ်'

'အရေးအခင်း အထွေအထူးမရှိပါ၊ အမတ်ကြီးအိမ်သို့ နေ့အချိန်လာပါက အခြားသူများ အလွဲမြင်မှာစိုးဘိ၏။ ထို့ကြောင့် ညဥ့်အချိန်တွင် လာရခြင်းဖြစ်ပါတယ်။ ဒကာကြီးရဲ့ အကြောင်းကြားရတာ စိတ်မကောင်းလွန်းလို့ သတင်းမေးလာခြင်းဖြစ်ပါတယ်။ ဒကာ

ကြီးမြေးလေးကလည်း အဘိုးဆီသွားချင်တယ်ဆိုလို့ ခေါ်လာတာပါ'

'ညီလာခံ ဗိုလ်ပုံအလယ်မှာ ဖြစ်ပွားတဲ့ကိစ္စဆိုတော့ အရှက်ရသည်မှာ အမှန်ပါ။ ဒီမြေး မင်းသားကလေးဟာ အရင်နဲ့မတူ အခုအခါမှာ မောက်မာရိုင်းပျတဲ့စိတ်မျိုးဝင်နေတာ ကောင်းတဲ့လက္ခဏာမဟုတ်ပေဘူး။ မင်းသားဘဝမှာတောင် ဒီမျှ ရိုင်းပျနေရင် ဘုရင်ဖြစ်တဲ့အခါ ပိုဍ်ဆိုးမည်ကိုပဲ စိုးရိမ်မိပါတယ် ဦးပဠင်း'

ပညာရှိအချင်းချင်းသည် ပါးစပ်ဟရုံနှင့် မည်သည့်အတိုင်းအတာအထိရောက်သည်ကို ဆင်ခြင်ပြီးသားဖြစ်ချေသည်။ ဦးပဠင်း၏ စကားကို စဉ်းစားမိသောအခါ တိုင်းသူပြည်သားတို့အတွက် စိုးရိမ်ချက်မှာ ထွက်လမ်းရှိ၏။ ထိုထွက်လမ်းကား အခြားသူဖောက်၍ မပေါက်။ ရာဇသင်္ကြန်အမတ်ကြီးကိုယ်တိုင်ဖောက်မှ ဤလမ်းပေါက်မည်ဟု ရေလာမြောင်းပေးသည့် ဦးပဠင်း၏ စကားအဓိပ္ပာယ်ကို ဆင်ခြင်မိပါသည်။

ဤတွင် ဦးပဠင်းနှင့်အတူပါလာသော မင်းသားခွေးချေးကလေးမှာ ဦးရီးတော်ဦးပဠင်းသင်ထားသည့်အတိုင်း ပြုံးချိုသောမျက်နှာပေးဖြင့်–

'အဘိုးကို ဤသစ်သီးသုံးခိုင်နဲ့ ပူဇော်ပါတယ်၊ မြေးတော်ကလေးကို မြေးအရင်းလိုသဘောထားပြီး ဆုံးမတော်မူပါ၊ စောင့်ရှောက်တော်မူပါ အဘိုး'

ဤစကားကို ကြားရသောအခါ ရာဇသင်္ကြန်အမတ်ကြီးသည် မင်းသားခွေးချေးကိုကြည့်ရင်း သဘောပေါက်သွားခဲ့လေပြီ။ တစ်ယောက်မကောင်း တစ်ယောက်ပြောင်းရမည်ပါ့။ ဘုရင်ကမွေးသည့်

မင်းသွေးနှစ်ပါးအနက် တစ်ပါးမကောင်းက တစ်ပါးပြောင်းရုံသာရှိချေမည်ဟု စိတ်ကူးရကာ-

မင်းသားခွေးချေးကလေးအား စူးစိုက်ကြည့်ကာ-

'အရှင့်သားဖို့'

ထိုသို့ တိုးတိုးကလေး မိန့်ဟလိုက်ပါသည်။ မင်းသားခွေးချေးနှင့် ဦးရီးတော်တို့လည်း ဤစကားကို ကြားရသောအခါ ဝမ်းမြောက်ဝမ်းသာရှိလှသဖြင့်-

'အမတ်ကြီး၏ကျေးဇူးကို မမေ့ပါ၊ သူကောင်းပြုပေးပါရန်ပန်ကြားအပ်ပါသည် အမတ်ကြီး'

ရာဇသင်္ကြန်အမတ်ကြီးကား ခေါင်းတညိတ်ညိတ်နှင့် သဘောတူကြောင်း ပြခဲ့ပါသည်။ မကြာမီ ၎င်းတို့နှစ်ဦးမှာ အမတ်ကြီးအိမ်မှပြန်သွားခဲ့ကြပါသည်။

ရာဇသင်္ကြန်အမတ်ကြီးမှာ မင်းသားနှစ်ပါး၏ အနာဂတ်အရေးကို တွေးတောနေမိပါသည်။

တကယ်တော့ ညီလာခံဝင်ခါနီးအချိန်က မင်းသားသီဟသူမှာနဂိုကပင် စိတ်မကြည်မလင်ဖြစ်လာခဲ့လေသလား၊ သို့တည်းမဟုတ်အိမ်ရှေ့စံမင်းသားနှင့် အမတ်ကြီးတို့နှစ်ဦးသားတွင် မထေမဲ့မြင် ဂရုမပြုသည်ဟုထင်ကာ ရာဇမာန်တက်လေရော့သလား။ ဘာပဲဖြစ်ဖြစ်ခိုလ်ပုံအလယ်တွင် အဘိုးအရွယ် ခေတ်အဆက်ဆက်က ပညာရှိတစ်ပါးအဖြစ် ကိုးကွယ်ဆည်းကပ်ခြင်းခံရသော မင်းအဆက်ဆက်ပင်ခံ အမတ်ကြီးတစ်ယောက်၏ ဖျင်လက်ကို ကွမ်းတံတွေးထွေးလိုက်သည်မှာရိုင်းပျသောအပြုအမူတစ်ရပ် ဖြစ်ပေသည်။

သာမန်အချိန် သာမန်ကွမ်းတံတွေးတစ်ချက်သည် မည်သည့်အကြောင်းမျှ ဖြစ်ရန်မရှိပေ။ သည်ညီလာခံဗိုလ်ပုံအလယ်တွင် ထွေးလိုက်သည့်ကွမ်းတံတွေးကွက်များသည်လည်း မတော်တဆဖြစ်ပါက ဤမျှလောက် ရာဇသင်္ကြန်အမတ်ကြီး စိတ်ထိခိုက်မည်မဟုတ်ပေ။ မတော်တဆဟူသောအဖြစ်ကြောင့် အပြစ်တော်မတင် ခွင့်လွှတ်စိတ်ထားဖြင့် သည်းခံနိုင်မည်မှာ မလွဲပါ။

ယခုတော့ မင်းသားသီဟသူ၏ ကွမ်းတံတွေးကွက်များသည် ဒေါသတည်းဟူသော ပူလောင်စေသည့်အရာများနှင့် ပေါင်းစပ်ကာ ရာဇသင်္ကြန်အမတ်ကြီးအတွက် အရှက်ပြင်းထန်စွာရပြီး ရင်ဝယ် ပြင်းထန်သည့်ထိုးနှက်ချက်ကို ခံစားခဲ့ရလေပြီ။

[လူတစ်ယောက်၏ချစ်ခြင်းကြောင့် ဘဝကို မြင့်မားခြင်းဖြစ်ချင်မှ ဖြစ်နိုင်မည်ဖြစ်သော်လည်း လူတစ်ယောက်၏ အမုန်းကား ကြောက်ဖွယ်ကောင်းလှပါသည်။ အမုန်းတရားပြင်းထန်လေလေ ပြဿနာကို နာကြည်းကြေကွဲဖွယ်သော အဖြစ်ဆိုးနှင့်တိုးအောင် ဖန်တီးတတ်၏။ ပြုမိသူကား သာမန်ကိစ္စတစ်ရပ်သာဟုထင်ကာ ထိုပြဿနာကို မကြာမတင်သော ကာလတစ်ခုတွင် မေ့လျော့သွားခဲ့၏။ ခံရသူမှာကား ရင်ဝယ် တနုံ့နုံ့ခံစားရကာ ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေခြင်း ဖြစ်ခဲ့ရပါသည်။]

ရာဇသင်္ကြန်အမတ်ကြီးသည် ညီလာခံဗိုလ်ပုံအလယ်တွင် မင်းသားသီဟသူ၏ ထွေးခဲ့သော ကွမ်းတံတွေးကွက်များကား သာမန်ကိစ္စတစ်ရပ်သာဖြစ်သော်လည်း ရင်ထဲမှ ရန်ငြိုးရန်စကြောင့် ရာဇဝင်တွင်စေမည့်ကွမ်းတံတွေးကွက်များ ဖြစ်ခဲ့ရလေပြီ။

'အိမ်ရှေ့စံ မင်းသားကလေးရေ… တူဖြစ်တုန်းတော့ နှံထားဦးပေါ့၊ ပေဖြစ်တဲ့တစ်နေ့မှာ အလှည့်ကျရင် မခွဲ့စတမ်းပေါ့'

ဤကဲ့သို့ နာကြည်းစွာ ကြိမ်းဝါးလိုက်ပါသည်။

ရိုင်းပျစွာ ပြုမူဆက်ဆံခဲ့မိသော ဘာမှမဟုတ်သည့် အမှားတစ်ချက်သည် နောင်သောအခါ သမိုင်းတွင်မည့် ဆေးရည်စိမ်မင်းသားကလေးအဖြစ်သို့ရောက်ရန် ပထမဦးဆုံး ကြမ္မာငေါ်ခြင်းပင် ဖြစ်ပေတော့သည်။

အချိန်အခါကောင်းဆိုသည်မှာ အချိန်တိုင်းမဖြစ်နိုင်။ သည်အချိန်ကို စောင့်စားရပေမည်။

'မာနတံခွန် ထူထားဦးပေါ့ မင်းသားငယ်ရယ်၊ အခုတော့ ငှက်ခါးတစ်ကောင်လို ပျံနှင့်ဦးပေါ့၊ ပျံလေတဲ့ငှက်ခါး နားကာမှ သိစေမကွဲ့နော်'

ရာဇသင်္ကြန်အမတ်ကြီးကား ဤသို့ကြိမ်းဝါးရင်း အချိန်အခါကို စောင့်စားနေခဲ့ပါသည်။

တစ်နေ့သော် ဥဇနာမင်းသည် ပထုံတောကြီးအတွင်း တောလိုက်ရန် မဖြစ်နိုင်တော့ဘဲ တောပြုန်းနေသည့်အတွက် သားကောင်များပေါများပြီး တောထူထပ်သည့် ဒလတောကြီးတန်းသို့ သွားရန် အကြံတော်ရှိပါသည်။

၄င်းသည် ဒလတောကြီးတန်းသို့သွားရန် အစီအစဉ်တကျချမှတ်ပြီး ပုဂံနေပြည်တော်မှ ဧရာဝတီမြစ်အတိုင်း ဖောင်တော်ဖြင့် စုန်ဆင်းရန် ကြံစည်ခဲ့ပါသည်။

ဖောင်တော်ထွက်မည့်နေ့။

မင်းခမ်းမင်းနားနှင့်တကွ မိဖုရားများ၊ ကိုယ်လုပ်တော်များ၊ မောင်းမမိသံများနှင့် မှူးမတ်များခြံရံကာ ဖောင်တော်ဖြင့် ဧရာဝတီရေဆိပ်မှ စတင်ထွက်ခွာခဲ့လေပြီ။ သားတော်ကြီး သီဟသူ ရာဇသင်္ကြန် အပါအဝင် ရဲမက်တပ်သားများလည်း ဥဇနာဘုရင်၏ ဖောင်တော်ထွက်ပွဲကို လိုက်ပါပို့ဆောင်ခဲ့ကြပါသည်။

အတိတ်နိမိတ်ပြသည့်ထင့်။ သည်တစ်ခါ ဖောင်တော်ထွက်ပွဲကို လိုက်လံပို့ဆောင်ရသောသူများမှာ ဖောင်တော်ကြီးကို မျက်စိတစ်ဆုံးကြည့်ရင်း လွမ်းသလို ဆွေးသလိုလို ခံစားရပါသည်။ ဤဖောင်တော်ထွက်ပွဲမှာ ဥဇနာမင်းအတွက် နောက်ဆုံးလုပ်ရပ်တစ်ခုဖြစ်ကြောင်း နှောင်းမှသိရပါသည်။

ကရဝိတ်ဖောင်တော်သည် ဧရာဝတီမြစ်အတွင်း စုန်ဆင်းသွားခဲ့လေပြီ။ ဥဇနာမင်းမှာမူကား မကြာမတင်သောအချိန်တွင် နတ်ရွာလားမည်ကို မသိရကား ဤရေလမ်းခရီးကို ပျော်ရွှင်စွာလိုက်ပါလာခဲ့ပါသည်။ ဖောင်တော်ကား တဖြည်းဖြည်းစုန်ဆင်းလာရာ ဒလသို့ ရောက်ရန် တစ်ညအိပ်အလို မြစ်ပြင်ကျယ်ကြီးသို့ ရောက်ရှိခိုက် ရေလှိုင်းများ တလိမ့်လိမ့်တက်ကာ ဖောင်တော်မှာ လူးလာသဖြင့်-

"အမတ်ကြီးများ…ကရဝိတ်ဖောင်ဟာ ဘာကြောင့် ဒီလောက် လူးနေပါလိမ့်"

"မှန်ပါဘုရား… မိုးလေမတိုက်ဘဲ လှိုင်းကြီးနေပါသည် ဘုရား၊ လှိုင်းကြီးများရိုက်ခတ်မှုကြောင့် ဖောင်တော်လူးနေပါသည် ဘုရား"

"ဘာကြောင့်လှိုင်းကြီးရသလဲဆိုတာ ကြည့်ကြစမ်း"

အမတ်ကြီးများသည် ရေပြင်ကျယ်ကြီးဆီသို့ ဟိုဟိုသည်သည် ကြည့်ရာ မြစ်ပြင်အလယ်တွင် မိကျောင်းနှစ်ကောင် သဲသဲမဲမဲ တိုက် နေသည်ကို တွေ့လိုက်ရပါသည်။

ထိုအခါ အမတ်ကြီးတစ်ဦးမှ-

'မှန်ပါဘုရား… ကျွန်တော်မျိုး လျှောက်တင်အပ်ပါသည် ဘုရား၊ ရေပြင်အလယ်တွင် ကြုံတောင့်ကြုံခဲ အံ့ဖွယ်သူရဲ ထူးကဲလှစွာ မြင်ရခဲ့သော မြင်ကွင်းတစ်ရပ်ကို တွေ့ရှိရပါသည်ဘုရား၊ ဤမြင်ကွင်း ကား ရေပြင်အလယ်တွင် မိကျောင်းနှစ်ကောင် ပြင်းထန်စွာ ကိုက်ခဲ နေပါသည်ဘုရား'

'အင်း… ဟုတ်ပေတယ်၊ မိကျောင်းနှစ်ကောင် ကိုက်ခဲခြင်း ကြောင့် ရေပြင်ပေါ်မှာ သွေးချင်းချင်းနီနေပါရောလား'

မင်းကြီးသည် ချင်းချင်းနီနေသော ရေပြင်ကျယ်ကြီးကိုကြည့် ကာ ပြောလိုက်ပါသည်။ ဥဇနာမင်းကြီးလည်း မိကျောင်းနှစ်ကောင် ကိုက်သည့်နိမိတ်ကိုကြည့်ရင်း ဟင်းချကာ 'အင်း… ဒါဟာ ကောင်း တဲ့နိမိတ်လား၊ ဆိုးတဲ့နိမိတ်လား၊ အကြောင်းတစ်ခုခုနဲ့တော့ ကြုံရတော့ မယ်နဲ့တူပါတယ်'ဟု တစ်ကိုယ်တည်းတွေးတောမိပါတော့သည်။

နောက်တစ်နေ့အကြာတွင် ဥဇနာမင်းကြီး၏ ကရဝိတ်ဖောင် တော်မှာ ဒလသို့ ဆိုက်ရောက်လာခဲ့ပါသည်။ ဒလသို့ရောက်ပြီး ရက် အနည်းငယ်အကြာတွင် ဆင်ကဲကြီး ရောက်ရှိလာပြီး-

'မင်းကြီးနှင့် ထိုက်တန်သည့် ဆင်ကြီးတစ်ကောင်ကို ဝိုင်းမိ ထားပါသည်ဘုရား၊ မကြာမတင်အချိန်မှာ ဆက်သနိုင်ပါလိမ့်မယ် ဘုရား'

'ဆင်ကဲကြီး… ဆင်ကြီးကိုဝိုင်းမိထားတယ်ဆိုတာ ဘယ်နေရာမှာလဲ'

'တောကြီးတန်းအတွင်းနေရာမှာပါဘုရား'

'အိမ်း… ဒါဆို ငါကိုယ်တော် လိုက်ကြည့်တော်မူမယ်၊ မောင်မင်းတို့ ဆင်ကျော့တာလည်းကြည့်ရင်းပေါ့'

'မှန်လှပါဘုရား'

ဆင်ဖမ်းရာတွင် ဝါသနာကြီးလှသော မင်းကြီးသည် ဆင်ကဲကြီးနှင့်အတူ ဆင်ကြီးရှိသည်ဆိုသည့် တောတန်းကြီးအတွင်းသို့ လိုက်ခဲ့ပါတော့သည်။

ဟော… တွေ့လိုက်ပါပြီ စွယ်စုံဆင်ကြီး။ လူအများက ဝိုင်းဖမ်းနေသည့်အတွက် လွန်စွာဒေါသထွက်ကာ မည်းမည်းမြင်ရာ တရှိန်ထိုးပြေးထွက်လာပြီး တွေ့မြင်ရာရာကို ဆင်စွယ်ဖြင့် ကော်ထိုး ထိုးနေချေပြီ။

ဥဇနာမင်းကြီးလည်း ကသာဆင်ကြီးကိုစီးကာ ဆင်ဖမ်းရာနေရာအနီးသို့ ရောက်ရှိလာခဲ့ပါပြီ။ ဤဆင်ရိုင်းကြီးကို မည်သို့ဖမ်းရမည်နည်းဟုတွေးတောကာ သစ်ပင်ရိပ်တစ်ခုတွင် စောင့်ကြည့်နေပါသည်။

ထိုစွယ်စုံဆင်ကြီးမှာ ဒေါသတကြီးဖြင့် ဟိုဟိုသည်သည်ပြေးစဉ် သစ်ပင်အောက်တွင်ရှိသော ကသာဆင်တော်ကိုတွေ့သွားပြီး လမ်းကြောင်းပြောင်းသွားကာ ကသာဆင်တော်ဆီသို့ တဟုန်ထိုးပြေးထွက်သွားပါသည်။

စိတ်ရိုင်းဝင်နေသည့် စွယ်စုံဆင်ကြီးမှာ ကသာဆင်တော်အနီး

သို့ ရောက်လာခဲ့ပါသည်။ အနီးသို့ရောက်ပြီး ဘေးချင်းယှဉ်လိုက်သည်။ ထို့နောက် အစွယ်ဖြင့် ကသာဆင်တော်၏ ဝမ်းဗိုက်သို့ ထိုးကော်လိုက်သည်။ ကသာဆင်တော်က ရှောင်စဥ် စွယ်စုံဆင်ကြီး၏အစွယ်သည် ကသာဆင်တော်၏ ဝမ်းဗိုက်တွင် ချည်ထားသော ပုခက်ကြိုးကိုထိုးမိကာ ထောင်းခနဲပြတ်သွားခဲ့ပါသည်။

ကသာဆင်တော်မှ ပုခက်လည်း ဟန်ချက်မညီတော့ဘဲ စောင်းအသွား ပုခက်အတွင်း စီးနင်းလိုက်ပါလာသည့် ဥဇနာမင်းကြီးမှာ ဆောင့်ဆွဲချသကဲ့သို့ဖြစ်ပြီး ကျွမ်းပြန်ကာ အောက်သို့ကျသွားပါတော့သည်။

'ဘုန်း…'

ဥဇနာမင်းကြီးမှာ အကျမတော်၍ ရုတ်တရက် မထနိုင်မီ စိတ်ရိုင်းဝင်နေသော စွယ်စုံဆင်ကြီးမှာ ၎င်း၏ရှေ့ခြေဖြင့် မင်းကြီးကို နင်းချေလိုက်ပါသည်။ အရိုးများ ဂျိုးဂျိုးဂျွတ်ဂျွတ် ကွဲကြေသောအသံကိုပင် ကြားလိုက်ရပါသည်။ ထို့နောက် နှာမောင်းဖြင့်ကောက်ယူကာ အဝေးတစ်နေရာသို့ ပစ်လိုက်ရာ အရုပ်ကြိုးပြတ်သကဲ့သို့ လဲကျသွားပါတော့သည်။

ဆင်ကဲကြီးမှာလည်း မမြင်ရက်စရာ မြင်ကွင်းကြောင့် လွန်စွာ စိတ်မချမ်းသာ ဖြစ်ခဲ့ရပါသည်။ စွယ်စုံဆင်ကြီးမှာ ကျည်ကျည်လောင်လောင်အော်ဟစ်ကာ တောအုပ်အတွင်းသို့ ပြေးဝင်သွားပါသည်။ ထိုအခါကျမှ ဥဇနာမင်းကြီး၏အလောင်းကို ကောက်ခဲ့ရပါသည်။ ဆင်ကဲကြီး၏ အကြောင်းကြားမှုကြောင့် မိဖုရားဖွားစောအပါအဝင် မောင်းမမိဿံများ အပြေးရောက်လာခဲ့ပါသည်။

'မင်းကြီးရဲ့အဖြစ် ဆိုးတော်မူလှချည်လားဘုရား'

ထိုသို့ဆိုကာ မိဖုရားဖွားစောမှာလည်း သည်းထန်စွာ ငိုကြွေးခဲ့ပါသည်။

အားရအောင် ငိုယိုပြီးနောက် ပုဂံတွင် ကျန်ရစ်ခဲ့သော အမတ်ကြီးရာဇသင်္ကြန်ကို အကြောင်းကြားရန် သတိရတော်မူသဖြင့် ဒလသို့ ပါလာသော **သရေပစ္စုပတေ့**အမတ်မှ လေ့မြန်တော်ဖြင့် စာချွန်တော် **ဆက်သလိုက်ပါသည်။**

ထိုစာချွန်တော် ရောက်လာသဖြင့် ဥဇနာမင်းကြီးသည် ဒလ၌ နတ်ရွာစံကြောင်း သိခဲ့ရပါသည်။ ဤတွင် ဘုရင်မင်းမြတ် နတ်ရွာစံပါက အိမ်ရှေ့စံကိုယ်တော်ကလေးမှာ အရိုက်အရာ ထီးနန်းကို ဆက်ခံရမည်ဖြစ်၍ သီဟသူမင်းသားကလေးမှာ ရာဇသင်္ကြန်အမတ်ကြီး၏ နှုတ်ထွက်စကားကို ငံ့လင့်နေပါသည်။ သို့သော် မင်းသားသီဟသူမှာကား ခမည်းတော် နတ်ရွာစံလျှင် စံချင်း နေ့မကူး ညဥ့်မဆိုင်းဘဲ ရာဇဘိသိက် ခံယူချင်လှပါသည်။ ဤအရေးမှာ တစ်တိုင်းတစ်ပြည်လုံးနှင့် သက်ဆိုင်သည့်အရေးဖြစ်၍ ရှေးအစဉ်အလာအတိုင်း စောင့်စားခဲ့ရပါသည်။ ဤတွင် ရာဇသင်္ကြန်**အမတ်ကြီး**သည် ရှေးအစဉ်အလာကို လျှောက်တင်တော်မူပါသည်။

'မင်းကြီးသည် **ဒလ**တောကြီးတန်းအတွင်း ရုတ်တရက် နတ်ရွာစံတော်မူသည့်အတွက် **ဖုတ်**ကျဥ်းသင်္ဂြိုဟ်ရန် ရှေးဦးစွာ စီစဉ်ဆောင်ရွက်ရပါမည်ဘုရား။ မင်းကြီးအား နောက်ဆုံးပူဇော်ရန် မိဖုရားများ၊ သားတော်များနှင့် မှူးကြီးမတ်ရာများ အလှည့်ကျ သွားရောက်ရပါမည်ဘုရား။ ဖုတ်ကျဥ်းသင်္ဂြိုဟ်ခြင်းကိစ္စ ပြီးစီးသွားမှသာလျှင် ရာဇဘိသိက်

ခံရပါမည်ဆိုသည့်စကားမှာ ဘေးလောင်းတော်၊ ဘိုးလောင်းတော်များ လက်ထက်တော်ကတည်းက ချမှတ်ထားတဲ့ စည်းကမ်းဖြစ်ပါသည် ဘုရား'

'ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ ချမှတ်ထားတဲ့ စည်းကမ်းဆိုတော့လည်း လိုက်နာရတာပေါ့'

မင်းသားသီဟသူသည် ဤသို့ ပြန်လည်မိန့်တော်မူရင်း ချက်ချင်း နန်းမတက်ရသည့်အတွက် ရတက်မအေးနိုင်အောင် ရှိနေပါသည်။

အမှန်တကယ်တော့လည်း သီဟသူမင်းသား ရတက်မအေးနိုင်သကဲ့သို့ ရာဇသင်္ကြန်အမတ်ကြီးကလည်း အကြံကြီးလှပါသည်။ အိမ်ရှေ့မင်းသား သီဟသူအား ဒလတောကြီးအတွင်း လိုက်ပါအောင် ဥပါယ်တံမျဉ်ဖြင့် ကြံဆောင်ခဲ့ပါသည်။

ဥဇနာမင်း နတ်ရွာစံပြီးနောက် ရာဇသင်္ကြန်အမတ်ကြီးလည်း မင်းကြီးဥဇနာအား ဦးခိုက်ရန် ဒလသို့မသွားမီ မင်းသားသီဟသူနှင့် တွေ့ဆုံပြီး သတင်းစကား ပြောကြားခဲ့ပါသည်။

'အရှင့်သား.... ဒလတောကြီးတန်းအတွင်း၌ ဆင်ဖြူရတနာ ပေါ်ထွန်းခဲ့သည့်အကြောင်း ဆင်ကဲကြီးများက လက်ဝယ်ပိုင်ပိုင် ရရှိထားကြောင်း သတင်းရပါသည်ဘုရား'

'အိမ်း... သည်သတင်းက ကိုယ်တော့်အတွက် သတင်းကောင်းတစ်ခုပဲ၊ နန်းတက်မည့်အချိန်မှာ ဆင်ဖြူတော်ပေါ်ထွန်းတယ်ဆိုတော့ ဆင်ဖြူရှင်ဘွဲ့ကို ပန်ဆင်ရတော့မှာပဲ'

'မှန်ပါ့ဘုရား'

'ဒါဆိုရင် အမတ်ကြီး အရင်သွားပြီး ဆင်ဖြူတော်ကိစ္စကို

သေချာစွာ ထိန်းသိမ်းထားရစ်ပါ၊ ကိုယ်တော်လည်း မကြာခင် လိုက်လာပြီး ဖခမည်းတော်ကို အရိုအသေပြုပြီး ဆင်ဖြူတော်ကို ရှုစားတော်မူမယ်'

'ကောင်းလှပါပြီဘုရား'

ရာဇသင်္ကြန်အမတ်ကြီးလည်း ဥဇနာမင်းအား နောက်ဆုံးဂါရဝပြုရန် ဒလသို့ရောက်ရှိလာခဲ့ပါသည်။ ဥဇနာမင်းကြီး၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ကာ ပြာသာဒ်ဂူ တည်ဆောက်ခဲ့ပါသည်။

ဥဇနာမင်းကြီး၏ အုတ်ဂူရှိရာအရပ်၌ မှူးကြီးမတ်ရာများနှင့် နန်းတွင်းသူ နန်းတွင်းသားများစွာ လာရောက်ဂါရဝပြုကြပါသည်။

တစ်ခုသောညဉ့်ကာလတွင် ရာဇသင်္ကြန်အမတ်ကြီးမှာ ဥဇနာမင်း၏အုတ်ဂူအနီး၌ ရောက်ရှိနေပါသည်။ မှူးကြီးမတ်ကြီးများစွာလည်း ဤနေရာ၌ စုရုံးရောက်ရှိနေခဲ့ကြပါသည်။ ထိုအုပ်စုမှာ အမတ်ကြီး၏ လူယုံတော်များပင် ဖြစ်ပါသည်။ သွေးသောက်လူတစ်စုအား စုရုံးစေပြီး အခြားသူများ ဝင်မလာစေရန် အစောင့်အရှောက်များ ချထားခဲ့ပါသည်။

ရာဇသင်္ကြန်အမတ်ကြီးသည် လူယုံတော်များအား ကွမ်းတံတွေးထွေးခံရသော အင်္ကျီကိုထုတ်ပြပြီး ဖျင်လက်ပေါ်မှ ကွမ်းတံတွေးကွက်ကိုပြကာ စုရုံးသိမ်းသွင်းတော်မူခဲ့ပါသည်။

'ကဲ… မှူးကြီးမတ်ရာတို့ ဒီအင်္ကျီရဲ့ ဖျင်လက်ကို ရှုစားတော်မူပါ'

'ဟယ်… ကွမ်းတံတွေးကွက်တွေပါလား'

မှူးမတ်များက တအံ့တသြ ပြောလိုက်ပါသည်။

'ဟုတ်တယ်… ဒီအကျီရဲ့ဖျင်လက်မှာ ကွမ်းတံတွေးတွေ ပေနေတဲ့အကြောင်းကတော့ ညီလာခံသဘင် ဆင်ယင်ခါနီး သီဟသူ မင်းသားလာစဉ် ခရီးဦးကြိုမပြုမိတဲ့အတွက် ကျုပ်ရဲ့ ဖျင်လက်ကို မင်းသားက စိတ်ဆိုးမာန်ဆိုးနဲ့ ကွမ်းတံတွေးနဲ့ ထွေးခဲ့တဲ့အဖြစ်ကို မှူးကြီးမတ်ရာတို့ မှတ်မိဦးမှာပေါ့'

'ဟုတ်ပါတယ် အမတ်ကြီး ရာဇသင်္ကြန်၊ အမတ်ကြီးစိတ်၌ အကြံရှိသည်ကို ထုတ်ဖော်ညွှန်ကြားပါလော့၊ ကျွန်တော်မျိုးတို့ လိုက်နာရန် အသင့်ပါဘုရား'

'ဤအရေးကိစ္စမှာ ပေါက်ကြားသွားပါက လွန်စွာအန္တရာယ် ရှိပေတယ်၊ ဒါပေမဲ့ မပြောမပြီးတော့ ပြောရတော့မယ်၊ မင်းမကောင်း ရင် ပြည်စောင်းမယ်၊ မင်းမလိမ္မာရင် ပြည်နာမယ်ဆိုတဲ့ ရှေးပညာရှိ ကြီးများရဲ့ အဆိုရှိခဲ့တယ်၊ အခု သီဟသူမင်းသားလေးဟာ အိမ်ရှေ့စံ ကိုယ်တော်အဆင့်မှာကတည်းက အဘိုးကဲ့သို့သော ကျုပ်ကို ဒီမျှ စော်ကားမော်ကားပြုခဲ့ရင် နောင် မင်းဖြစ်လာရင် ဒီမင်းကို ဘယ်လို ထိန်းကြမလဲဆိုတာ တွေးတောင်မတွေးဝံ့စရာပဲ'

'မှန်ပါ့ဘုရား'

'တိုင်းပြည်အုပ်ချုပ် မင်းလုပ်မယ့်သူဟာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ မကြမ်းတမ်းရဘူး၊ ယဉ်ကျေးသိမ်မွေ့ရမယ်၊ မင်းတို့ရဲ့ ကျင့်စဉ်ကို နားလည်သိတတ်ပြီး ပညာရှိသူခမိန်များနဲ့ ညှိနှိုင်းတိုင်ပင် ကာ စဉ်းစားချင့်ချိန်တတ်ရမယ်၊ ဒေါသရှေ့ထားပြီး စိတ်ထင်တိုင်း ပြုလုပ်မယ်ဆိုရင် ကျုပ်တို့ မှူးမတ်တွေ ဘယ်လိုစားကြရမလဲ'

'အမတ်ကြီး ဒါဆို ဘယ်လိုလုပ်ရမလဲ၊ မိန့်တော်မူပါဘုရား'

"ကျုပ်တို့ လျှို့ဝှက်စွာလုပ်ရမယ့်အလုပ်ကတော့ ဒီလိုပါ"

ရာဇသင်္ကြန်အမတ်ကြီးနှင့် မှူးကြီးမတ်ရာများ တီးတိုးတိုင်ပင်ကြပါသည်။ ထို့နောက် ငွေဖလားတွင် လက်မောင်းသွေးဖောက်ကာ ထည့်ပြီး သစ္စာရေသောက်ကြသည်။

"ဒီကိစ္စကို သစ္စာရှိစွာ လျှို့ဝှက်ထားပါမည်၊ အကယ်၍ မိမိကြောင့် တစ်စွန်းတစ်စပေါက်ကြားပါက သစ္စာတော်စူး၍ အသေဆိုးနှင့် သေပါစေဘုရား"

တစ်ယောက်ပြီးတစ်ယောက် သစ္စာဆိုကာ သစ္စာရေသောက်ကြသည်။ ထို့ကြောင့်လည်း သူတို့အုပ်စုကို သစ္စာတော်ခံ သွေးသောက်အုပ်စုဟု ခေါ်ကြသည်။ ဤကိစ္စမှာ လွန်စွာအရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်ပေသည်။ အိမ်ရှေ့မင်းသားကို နန်းမတင်ဘဲ ဖျောက်ဖျက်ပစ်ရမည့်ကိစ္စမှာ လွယ်သောအရာမဟုတ်ပါ။ ဤကိစ္စပေါက်ကြားသွားပါက မင်းပြစ်မင်းဒဏ်သင့်ကာ အသတ်ခံရပေမည်။ ၎င်း၏အဘိုးကျစွာမင်းကြီးလက်ထက်တော်မှပင် တိုင်းရေးပြည်ရာအဖြာဖြာကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သူ။ ၎င်း၏ခမည်းတော် ဥဇနာလက်ထက်တွင်လည်း ဤပုဂံပြည်အတွက် တာဝန်ထမ်းကာ အစစအရာရာဆောင်ရွက်ခဲ့သူ။ ၎င်း၏ဘိုးတော်၊ ၎င်း၏ခမည်းတော်များပင် အလေးထားဆက်ဆံခဲ့ရသော ရာဇသင်္ကြန်အမတ်ကြီးအား လူပုံအလယ် အရှက်ရအောင်ပြုခဲ့လေပြီ။

သည့်အတွက် ပုထုဇဉ်ပီပီ စိတ်ဆိုးသည်လည်း ရှိခဲ့ပါသည်။ စိတ်ဆိုးခြင်းနှင့်အတူ တိုင်းပြည်အတွက် စိုးရိမ်စိတ်လည်း ဖြစ်ပေါ်ခဲ့ပါသည်။ အမှန်တော့ ကံကြမ္မာကို သည်အတိုင်းထားလျှင် သီဟသူ

မင်းသားသည် ပုဂံပြည်၏ ထီးနန်းကိုရကာ မင်းဖြစ်မည်မှာ မလွဲ ဧကန်ပင်။

သို့သော်လည်း သီဟသူ၏ ကံကြမ္မာကား ရာဇသင်္ကြန်ကြောင့် ဘဝတစ်ဆစ်ချိုးတွင် တစ်မျိုးပြောင်းသွားခဲ့ပါသည်။ ငယ်ရွယ်သည့် မင်းသားခွေးချေးကို နန်းတင်ပေးမည်ဟု နှုတ်ကတိကို လိုက်လျောမိသော ဆန္ဒဂတိ၊ သီဟသူမင်းသားအပေါ် ကွမ်းတံတွေးထွေးခဲ့ခြင်းကြောင့် ဒေါသထွက်ခဲ့မိသော ဒေါသဂတိ၊ ရိုင်းစိုင်းသော သီဟသူမင်းဖြစ်မှာကို တွေးကြောက်ခဲ့သော ဘယာဂတိ၊ ပစ္စုပ္ပန်အခြေအနေအပေါ် မောဟဖုံးလွှမ်းခဲ့သော မောဟဂတိ။

ထိုဂတိလေးပါးကြောင့် အမှားတစ်ခုကို ကျူးလွန်ရန် ကြံစည်ခဲ့လေပြီ။

မကြာမီ ဒလသို့ သီဟသူမင်းသားကလေး ရောက်ရှိလာခဲ့ပါသည်။ အသက်နှစ်ဆယ်အရွယ် မင်းပျိုမင်းလွင်ကလေး၏စိတ်တွင် ဖခမည်းတော်၏အုတ်ဂူကို ဂါရဝပြုပြီးလျှင် ဤတောကြီးတန်းအတွင်း ဖမ်းမိထားသည်ဆိုသော ဆင်ဖြူတော်ကို ရှုစားတော်မူမည်။ ဤကိစ္စများပြီးလျှင် ပုဂံသို့ပြန်ကာ ဘိသိက်မင်္ဂလာ ခံယူတော်မူမည်။ ပုဂံထီးနန်း၏အရှင်သခင်ဖြစ်ပြီဆိုလျှင် သီဟသူ၏ဘဝဒ္ဓ အားလုံးပြည့်စုံသွားပေမည်။

ခမည်းတော် နတ်ရွာစံသည့်အတွက် ဝမ်းနည်းမိသော်လည်း မကြာမတင်သောအချိန်တွင် ဆင်ဖြူရှင်ဘွဲ့ခံကာ မင်းပြုရန်သိထားသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။

ဝင့်ကြွားသောဟန်ပန်နှင့် သီဟသူမင်းသားကလေး ကြွချီ

တော်မူလာပါပြီ။ အကြံရှိသည့်အတိုင်း ရာဇသင်္ကြန်အမတ်ကြီးနှင့် ၄င်း၏သွေးသောက်မှူးမတ်များက မင်းသားကလေးကို ဆီးကြိုကြပါသည်။ မင်းသားကလေးကလည်း တောင်တောင်အီအီကိုကြည့်စဉ် ဒလတောရိပ်တောင်၏ အလှအပသည် သီဟသူမင်းသားကလေး၏ စိတ်ကို ဆွဲဆောင်မှုရှိလှပေသည်။ သည်တောကြီးအတွင်း၌ မင်းသားကလေး လိုချင်သည့် ဆင်ဖြူတော်ကလည်း ရှိနေပြန်သည်။ အားလုံးသောအရာများသည် မင်းသားလေးအတွက် အေးချမ်းပီတိအဟုန်တို့ လွှမ်းခြုံနေပါသည်။

အမှန်တော့ ကြမ္မာဆိုးနှင့် မကြာမီ တိုးပေတော့မည်။ အနာဂတ်ကို ကြိုတင်မသိနိုင်သော မင်းသားကလေးကား မျှော်လင့်ချက် အဖုံဖုံတို့ကြောင့် ပျော်ရွှင်နေပါသည်။ ရာဇသင်္ကြန်အမတ်ကြီးနှင့် သွေးသောက်မှူးမတ်အဖွဲ့ကလည်း ပျူပျူငှာငှာ ကြိုဆိုကြပါသည်။ အမတ်ကြီးတို့အဖွဲ့မှ ခေါ်ဆောင်သွားမှုကြောင့် တွံတေးတောကြီးတန်း ငှက်အော်စမ်းတောကြီး၏ အလယ်သို့ ရောက်လာခဲ့ပါပြီ။

အားလုံး တိုင်ပင်ထားသည့်အတိုင်း သီဟသူမင်းသားကလေးကို သွေးသောက်အုပ်စုက ဖမ်းဆီးလိုက်ပါသည်။ မျှော်လင့်မထားသည့် အတွက် သီဟသူမင်းသားကလေး ရုတ်တရက် ကြောင်သွားပြီး-

"ဘာလုပ်တာလဲ၊ ဒါဘာလုပ်တာလဲ"

မင်းသားကလေးက ဤသို့မေးလိုက်ရာ မည်သည့်စကားမျှ မဆိုသဖြင့် -

"ငါလို အိမ်ရှေ့မင်းကို ဘာဖြစ်လို့ဖမ်းထားတာလဲ၊ အခုလွှတ်စမ်း"

ထိုသို့ အမိန့်ပေးသော်လည်း မည်သူကမျှ မလွှတ်။

'ငါ အမိန့်ပေးနေတယ် အခုလွှတ်စမ်း၊ ငါ့အမိန့် မနာခံသူ သေဒဏ်'

ထိုသို့ မိန့်တော်မူသည့်တိုင် မည်သူကမျှ မလွှတ်ဘဲ ဖမ်းဆီးထားသည့်အတွက် တစ်ခုခုမှားယွင်းနေပြီဟု သိလိုက်ပါသည်။ မကြာမီ မင်းသားကလေး သဘောပေါက်သွားသည့်အချက်ကား လုပ်ကြံခံရမှန်း သိလိုက်ရပါပြီ။

'တောက်...'

'မောင်မင်းတို့ အကြံဉီးလေခြင်း'

ထိုသို့ပြောဆိုကာ အံကိုတင်းတင်းကြိတ်ရင်း လက်သီးကို ကျစ်ကျစ်ဆုပ်ထားလိုက်ပါသည်။ အရာရာအားလုံး နောက်ကျသွားခဲ့လေပြီ။ သီဟသူမင်းသားကလေး မျက်စေ့ထဲတွင် အမှောင်ထု ကြီးစိုးသွားပါတော့သည်။

အကြင်သူသည် ဒေါသကို ဆုပ်ကိုင်လတ်သော် ရိုင်းပျသော အမူအကျင့်တို့ကို သတိချွတ်ယွင်းမှု ပြုမူတတ်၏။ အကြင်သူသည် ငါတည်းဟူသော မာနတရားကြောင့် ခွင့်လွှတ်နိုင်သောအမှုဖြစ်လင့်ကစား ရန်ငြိုးရန်စထားကာ တစ်ပါးသူ၏အသက်ကို ပျက်စီးခြင်းငှာ ပြုခဲ့၏။ ဒေါသရှိသူနှင့် မာနရှိသူတို့နှစ်ဦးအကြား မပြေလည်မှုကြောင့် မင်းသားသီဟသူ၏ ဘဝနိဂုံးချုပ်ခဲ့ရလေပြီ။

မကြာမီ ပုဂံထီးနန်းကို မင်းသားခွေးချေးသည် 'နရသီဟပတေ့'အမည်ဖြင့် မင်းပြုလေသည်။ မင်းသားသီဟသူသည် ဒေါသ ခြုံလွှမ်းသောအပြုအမူကြောင့် ဘဝပျက်ခဲ့လေပြီ။ လူ့ဘဝသည်ကား

ရေပွက်ပမာ ခဏတာတည်း။ မင်းသားသိဟာသူ နတ်ရွာစံပြီး နှစ်အနည်းငယ်အတွင်း ရာဇသင်္ကြန်အမတ်ကြီးလည်း မစ္ဆာဂီရိသို့ စစ်ချီရာမှ စစ်နိုင်သော်လည်း ပုဂံနေပြည်တော်အထိရောက်အောင် မသွားနိုင်တော့ဘဲ သွေးဝမ်းသွားသော ဝေဒနာဖြင့် ဤဒလအရပ်တွင် အနိစ္စရောက်ခဲ့ရပါသည်။

ဤဒလတောကြီးတန်းအရပ်ကား ထူးခြားသော သမိုင်းဖြစ်ရပ်အမျိုးစုံ ဖြစ်ပေါ်ခဲ့သော နေရာထူးကြီးတစ်ခုပင် ဖြစ်ပါတော့သည်။

# အခန်း(၆)

## ဆေးရည်စိမ်မင်းသားလေး သီဟသူ

မင်းသားသီဟသူ နတ်ရွာစံပြီး နှစ်ပေါင်း ၇၀၀ ကျော်အကြာ။

မြန်မာနိုင်ငံတော်ကြီးသည် (၁၉၄၈)ခုနှစ်တွင် လွတ်လပ်ရေး ရခဲ့ပါသည်။

မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရပြီးနောက် ပြန်လည်ထူထောင်ရေးအတွက် အခြားနိုင်ငံများက အကူအညီပေးခဲ့ပါသည်။ ထိုနိုင်ငံများအနက် အမေရိကန်နိုင်ငံမှ အကူအညီပေးရာ ရှေးဟောင်းပစ္စည်း ရှာဖွေတူးဖော်ရေးဆိုင်ရာ ပါရဂူကြီးတစ်ဦးလည်း မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပါသည်။

ဤအကြောင်းအရာ ဤအဖြစ်အပျက်ကား (၁၉၅၀-၁၉၅၃) အကြား ဖြစ်ပျက်ခဲ့သော အကြောင်းတစ်ရပ်ဖြစ်ပါသည်။

အမေရိကန် ပါရဂူကြီးကား မြန်မာနိုင်ငံသို့ (၁၉၅၀)ခုနှစ်တွင် ရောက်ရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံတော်အစိုးရမှ ရှေးဟောင်းပစ္စည်း တူးဖော်ရေးဆိုင်ရာ လုပ်ငန်းအတွက် စီမံကိန်းရေးဆွဲကာ မြန်မာပညာရှင်များနှင့် နိုင်ငံခြားပညာရှင်တို့ ပူးပေါင်းသောအဖွဲ့သည် တကောင်း၊ ပုဂံနှင့် ရှေးဒလမြို့ဟောင်းများကို တိုင်းထွာရန်အတွက် စုံစမ်းရေးများ ပြုခဲ့ကြပါသည်။

ထိုပညာရှင်များသည် တကောင်းမြို့နှင့် ပုဂံမြို့ လေ့လာရေးမှအပြန် တွံတေးတောကြီးတန်းအတွင်းသို့ ဒလမြို့ဟောင်း တိုင်းထွာရန် ရောက်ရှိခဲ့ကြပါသည်။

'ဒလမြို့ဟောင်းနဲ့ပတ်သက်ပြီး လေ့လာစရာရှိတဲ့အရာများကတော့ ဒလမှာ ဆင်နင်းလို့သေသွားတဲ့ ဥဇနာဘုရင်ရဲ့သချိုင်းဂူနဲ့ ပညာရှိအမတ်ကြီး ရာဇသင်္ကြန်တို့အုတ်ဂူတို့ဟာ ယှဉ်ကပ်ပြီး တည်ဆောက်ခဲ့တယ်လို့ သိရတယ်၊ သမိုင်းကြောင်းအထောက်အထားအရ ဒီဂူနှစ်ဂူကို ရှာဖွေကြရအောင်'

ရှေးဟောင်းပစ္စည်း ရှာဖွေတူးဖော်ရေး သုတေသနအဖွဲ့မှ ဤအစီအစဉ်ကို ချမှတ်ခဲ့ပါသည်။ ထိုသို့ ရှာဖွေရန် တွံတေးတောကြီးတန်းအတွင်းသို့ ရောက်ရှိခဲ့ပါသည်။ တွံတေးတောကြီးတန်းကား ရှည်လျားလှပါသည်။

၎င်းတို့အဖွဲ့သည် တွံတေးတောကြီးတန်း ငှက်အော်စမ်းတောကြီးအတွင်းသို့ ရောက်ရှိလာပါသည်။ ငှက်အော်စမ်းတောကြီးသို့ သွားရာလမ်းကား ဒလ-တွံတေးကားလမ်းပေါ်ရှိ ကော့မှူးသို့ အရင်ဦးဆုံးသွားပြီး ကော့မှူးမှ ငှက်အော်စမ်းသို့ (၇)မိုင်ခန့် တောတွင်းသို့

ဝင်ရပါသည်။ ငှက်အော်စမ်းမှလွန်သော် ဖိုးသကြား-မဆယ်ဆိပ်သို့ ရောက်ပေမည်။ ထိုမှ တစ်ဖက်ကမ်းတွင် ကျိုက်ထော်မြို့ရှိပါသည်။ ကျိုက်ထော်ဘက်မှလည်း ငှက်အော်စမ်းသို့ သွားနိုင်ပါသည်။ ထိုနေရာကား ကော့မွှးနှင့် မဆယ်ဆိပ်အတွင်းပိုင်းနေရာတွင် ရှိပါသည်။

ထိုရှေးဟောင်းပစ္စည်းရှာဖွေတူးဖော်ရေး သုတေသနအဖွဲ့သည် ထိုတောကြီးအတွင်း၌ စခန်းချကာ ရှာဖွေနေခဲ့ပါသည်။ ၎င်းအဖွဲ့အား ထိုရွာများရှိသော လူအများကပါ တူးဖော်ရေးလုပ်ငန်းအတွက် ကူညီပေးရန် ၎င်းတို့နှင့် အတူနေထိုင်ခဲ့ပါသည်။

ထိုရွာသားများအား လူကြမ်းအဖွဲ့ဟုခေါ်ကာ နေ့တွက်စရိတ်ပေးခဲ့ပါသည်။ ၎င်းတို့အဖွဲ့သည် အုတ်ပုံအုတ်ပျက်အရာများတွေ့ကတူးနိုင်းပါသည်။

'ဒီနေရာကိုတူးပါ'

လူကြမ်းအဖွဲ့ကလည်း ထိုနေရာများကို တူးခဲ့ပါသည်။ အုတ်ကျိုးအုတ်ပဲ့များကို တွေ့ရသော်လည်း ၎င်းတို့ထင်သကဲ့သို့ ရှေးအုတ်များမဟုတ်ပေ။

'ဒီအုတ်တွေကတော့ ရှေးအုတ်တွေမဟုတ်ဘူး'

ဤတွင် ရွာသားလူကြမ်းအဖွဲ့မှ သိသူတချို့မှ-

'ဒီနေရာဟာ အရင် အင်္ဂလိပ်ခေတ်က စခန်းချသွားတဲ့နေရာဖြစ်ခဲ့ဖူးတယ်၊ ဂျပန်ခေတ်ကလည်း ဒီနားတစ်ဝိုက်မှာ နေရာချခဲ့ဖူးတယ်'

'ဒီအုတ်တွေက အင်္ဂလိပ်ခေတ် ဒါမှမဟုတ် ဂျပန်ခေတ်ကအုတ်တွေပဲ'

သည်လိုနှင့် ဤတောကြီးတန်းအတွင်း စခန်းချခဲ့ကြပါသည်။

ပညာရှင်များ ထင်သည့်နေရာအတော်များများကို တူးဖော်ခဲ့သော်လည်း မည်သည့်အထောက်အထားမျှ မရရှိခဲ့ပေ။ သို့သော်လည်း ပညာရှင်အဖွဲ့ကလည်း အားမလျှော့ခဲ့။ တူးဖော်ရေးလုပ်သား (သို့မဟုတ်) လူကြမ်းအဖွဲ့ရွာသားများကလည်း တူးဖော်ရန် အားခဲထားပါသည်။

ဤတောကြီးတန်း၌ နေထိုင်သူ ရွာသားများမှာ မိမိတို့ တောကြီးတန်းအတွင်း၌ သမိုင်းဝင်အထောက်အထားများကို ရှာဖွေတွေ့ရှိစေလိုပါသည်။ သမိုင်းကြောင်းအရလည်း ထူးခြားသော ဤနေရာတွင် တစ်နေ့မဟုတ် တစ်နေ့ ထူးခြားမှုမှာ ရှိလိမ့်မည်ဟု ယုံကြည်ထားပါသည်။

မြန်မာပညာရှင်များကလည်း သမိုင်းအထောက်အထားအရ ဆွေးနွေးတင်ပြကြပါသည်။

'သမိုင်းအထောက်အထားအရ ပြောရရင် ရာဇသင်္ကြန်အုတ်ဂူနဲ့ ဥဇနာမင်းရဲ့အုတ်ဂူဟာ အတူယှဉ်တွဲမြှုပ်ထားတယ်ဆိုတော့ တွေ့ရင် ဂူနှစ်ခုစလုံးတွေ့မှာ'

'ဟုတ်တယ်… အုတ်ဂူနှစ်ခုစလုံးကိုတွေ့လို့ကတော့ သမိုင်းကြောင်းရယ် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားတွေ အများကြီးရမှာပဲ'

'ဟုတ်တယ်… ဟုတ်တယ်၊ ဘုရင်တစ်ပါးရဲ့ အုတ်ဂူနဲ့ အမတ်ကြီးတစ်ပါးရဲ့ အုတ်ဂူ ဘယ်လိုကွာခြားတယ်ဆိုတဲ့ အချက်တွေလည်း တွေ့နိုင်တယ်'

'ဩော်… ဒါထက် ရာဇသင်္ကြန်အမတ်ကြီးမှာ အုတ်လုကြီး နဲ့ အုတ်လုငယ်ဆိုပြီး သားတော်နှစ်ယောက်လည်း ရှိသေးစရာယ်မဟုတ် လား'

'ဟုတ်တာပေါ့ဗျာ… မစ္ဆဂီရိကို အောင်နိုင်ပြီဖြစ်ကြောင်း လျှောက်တင်ခိုင်းတာ ဘုရင်နဲ့မတွေ့မီ ခြေမြန်တော်လှေထိုးသားက ဘုရင့်အမိန့်နဲ့ မေးတာကို ကျွန်တော်မျိုးအုတ်လု လာသည်ဆိုလို့ သေ ဒဏ်ပေးခံရတာ၊ နောက်မှ အုတ်လုက စစ်နိုင်ကြောင်းနဲ့ ဦးဆွေး ဆံမြေ့ တာဝန်ထမ်းဆောင်ပါကြောင်း လျှောက်တင်မှ သေဒဏ်က လွတ်ပြီး ဆုတော်လာဘ်တော်တွေရခဲ့တယ်မဟုတ်လား'

'ဟုတ်ပါ့ဗျာ'

'အေးလေ… ရာဇသင်္ကြန်ဝူတွေ့ရင် အုတ်လုကြီး အုတ်လု ငယ်တို့နဲ့ ပတ်သက်တဲ့ အထောက်အထားတွေများ တွေ့ရမလားဘဲ'

'ခင်ဗျားတို့က အမတ်ကြီး ရာဇသင်္ကြန်အကြောင်းပြောတော့ ကျုပ်ကလည်း ဥဇနာမင်းကြီးအကြောင်း စဉ်းစားမိတယ်'

'ခင်ဗျားစဉ်းစားတာ ပြောပါဦး'

'ရာဇသင်္ကြန်အမတ်ကြီးလိုပဲ ဥဇနာမင်းကြီးမှာလည်း သား တော်နှစ်ပါးရှိတာပဲ'

'ဟုတ်ပါတယ်… တစ်ပါးကသီဟသူ၊ တစ်ပါးက မင်းသား ခွေးချေးလေ၊ ဒါကို ရာဇဝင်ဆရာတိုင်း သိတာပဲ'

'ရာဇဝင်ထဲမှာ ဖတ်ရတာတော့ ဆင်နှင်းလို့သေတဲ့ ဥဇနာမင်း ရဲ့ အုတ်ဂူကို သားတော်သီဟသူမင်းသားက လာပြီး အရိုးအသေပြု ဖို့ ဒလကို ရောက်လာတဲ့အခါ အမတ်ကြီး ရာဇသင်္ကြန်နဲ့အဖွဲ့က

အဆုံးစီရင်လိုက်တယ်လို့ သိရတာပဲ၊ အဲဒီတော့ ကျုပ် စဉ်းစားတာက ဒီတောကြီးတန်း ငှက်အော်စမ်းမှာ သေသွားတယ်ဆိုတော့ ဒီအလောင်းကို မြန်မာ့ထုံးတမ်းစဉ်လာအရ ပုဂံပြည်ကို ပြန်ယူမယ်မထင်ဘူး၊ ဒီတောကြီးတန်းမှာပဲ မြှုပ်ထားမယ်ထင်တယ်'

'ခင်ဗျားစဉ်းစားတာ ဖြစ်နိုင်တယ်၊ လူသေပြီဆိုရင် မြို့ထဲရွာထဲ ဖြတ်လို့မှမရတာ၊ ဖြတ်ရင် ဖြတ်ခံရတဲ့ရွာတွေ အန္တရာယ်ရှိတယ်လို့ဆိုပြီး ရှောင်တယ်လို့ပြောကြတယ်မဟုတ်လား'

'ဟုတ်တယ်... ဥဇနာမင်းအုတ်ဂူ ကန်တော့ပြီး အပြန်မှာ မင်းသားခွေးချေးကို 'နရသီဟပတေ့'ဆိုပြီး ထီးနန်းကို တင်ခဲ့ကြတယ်။ ဒီတော့ မင်းသားသီဟသူရဲ့အလောင်းကို ပုဂံပြည်ကို ယူသွားမှာမဟုတ်ဘူး'

'ဒါဆို ကျုပ်တို့ သုတေသနအဖွဲ့တွေ ကံကောင်းရင် မင်းသားသီဟသူရဲ့ သင်္ချိုင်းတော်ကိုတောင် တွေ့ချင်တွေ့နိုင်တယ်'

'အေးဗျာ... ဘာပဲတွေ့တွေ့ တွေ့ရင်တော့ ကျုပ်တို့အဖွဲ့အတွက် အမြတ်ထွက်တာပဲ'

ထိုသို့ဖြင့် ရှေးဟောင်းပစ္စည်းရှာဖွေရေး သုတေသနအဖွဲ့သည် မိမိတို့သိထားသည့် သမိုင်းကြောင်းကို ဆွေးနွေးရင်း ကိုယ့်အယူအဆနှင့်ကိုယ် ပြောဆိုကြပါသည်။

ထိုသို့ ပြောကြဆိုကြရင်း ဂူနှစ်ဂူရှိမည်ထင်သည့်နေရာများသို့ ရှာဖွေခဲ့ရာ လပေါင်းအတန်ကြာသည့်တိုင် မည်သည့်အထောက်အထားမျှ မရရှိပေ။ ထို့နောက် မြန်မာနှင့် အမေရိကန်သုတေသနအဖွဲ့မှာ ပုဂံနှင့် တကောင်းမြို့ဟောင်းများသို့ သွားရောက်ကာ သုတေသနပြုခဲ့ကြပါသည်။

တစ်နေ့သောအခါတွင် အမေရိကန် သုတေသနပညာရှင်ကြီး သည် ပုဂံမြို့ဟောင်းနှင့် တကောင်းမြို့ဟောင်းမှအပြန် တွံတေးတော ကြီးတန်းအတွင်းသို့ ပြန်လာခဲ့ပါသည်။ ၎င်း၏အကြံအစည်မှာ ရှေး ဒလမြို့ဟောင်းတိုင်းထွာရန်နှင့် ရာဇသင်္ကြန်ဂူသင်္ချိုင်းတော်၊ ဥဇနာ မင်းကြီးသင်္ချိုင်းတော်အုတ်ဂူများအား ရှာဖွေရန်ဖြစ်ပါသည်။

ထိုတစ်ည သန်းခေါင်ယံအချိန်။

အမေရိကန် သုတေသနပညာရှင်ကြီး အိပ်စက်အနားယူ နေစဉ်-

'ဝုန်း'

ဟူသော တစ်စုံတစ်ရာပြိုလဲသည့် အသံကြီးကို ကြားလိုက် ရပါသည်။ ထိုအသံကြီးမှာ အလွန်ပင် ကျယ်လောင်လှသဖြင့် သုတေ သနပညာရှင်ကြီးနှင့် ရွာခံလူကြမ်းအဖွဲ့ပါ ကြားလိုက်ရပါသည်။ တော် လဲသံကြီးကဲ့သို့ ကျယ်လောင်လှပြီး တစ်စုံတစ်ရာ လဲပြိုသည့်နှယ် မြေကြီးပင် တုန်သွားခဲ့ပါသည်။

လူကြမ်းအဖွဲ့လည်း လန့်နိုးလာပြီး-

'ဟာ… ဘာသံကြီးလဲ မသိဘူး'

'တော်လဲသံကြီးလိုပဲ'

'ဟုတ်တယ်… မြေကြီးတောင်တုန်သွားတယ်'

'ဒီနေရာဟာ ကျုပ်တို့ စခန်းချတဲ့နေရာနဲ့ သိပ်မဝေးဘူး'

'ဒါဆိုရင် မနက်စောစောထပြီး သွားကြည့်ကြမယ်၊ အခု တော့ သန်းခေါင်အချိန်လောက်ရှိပြီ'

'ဟုတ်တယ်… ဒါဘာသံကြီးလဲဆိုတာ သိဖို့ မနက်စောစော သွားကြည့်ကြမယ်'

ထိုသို့ဖြင့် အလုပ်သမားအဖွဲ့သားများ ပြန်အိပ်ခဲ့ကြပါသည်။ ထို့နောက် အမေရိကန်ပညာရှင်နှင့်အတူ နံနက်စောစော ငှက်အော်စမ်း တောကြီးအတွင်းသို့ သွားခဲ့ကြပါသည်။

၄င်းတို့ ထင်ထားသည့်အတိုင်းပင် အုပ်အုပ်ဆိုင်းဆိုင်း တောကြီးအတွင်း၌ များစွာမသွားရပေ။

ဟော… တွေ့ပါပြီ၊ အပင်ကြီးတစ်ပင် လဲပြိုနေပါသည်။

'ဟော… ဟိုရှေ့မှာ အပင်ကြီးတစ်ပင် လဲနေတယ်'

'အပင်ကြီးက တော်တော်ကြီးတာပဲ၊ ဒါကြောင့် ညကကြားရတဲ့အသံကြီးက ကြောက်စရာကြီး'

'ဒီအပင်က ဘာပင်ကြီးလဲ'

ဟု အမေရိကန်ပညာရှင်ကြီးက မေးရာ-

'ဒါဟာ တွတ်တပတ်ပင်ကြီးပဲ'

ရွာခံလူကြမ်းအဖွဲ့က ရှင်းပြပါသည်။ အမှန်တော့ တွတ်တပတ်ပင်အား လူတိုင်းမသိချေ။ ရွာခံလူများကသာ သိပါသည်။ တွတ်တပတ်ပင်မှာ အခြားနေရာများတွင် မပေါက်ဘဲ ဤတွံတေးနယ်တစ်ဝိုက်တွင်သာ ပေါက်ပါသည်။

အသီးမှာ အနံ့မွှေးလွန်းလှသဖြင့် ထိုအသီးမှည့်လျှင် မည်သို့မျှ အုပ်ထား၍မရ။ အမွှေးနံ့ကြောင့် လူသိပါသည်။ အသီးထဲရှိ အစေ့ကား ပိန္နဲသီးနှင့် သဏ္ဌာန်တူပြီး အရသာမှာ ပိန္နဲသီးထက် ပိုမိုကောင်းမွန်လှပါသည်။

'အမလေး… တွတ်တပတ်ပင်ကြီး လဲကျနေတာကိုး'

'အေးကွာ… ငါဖြင့် ညက အဲဒီအသံကြီးကြားပြီး လန့်လိုက်

တာ အိပ်လို့တောင် မပျော်ဘူး'

ထိုသို့ တစ်ယောက်တစ်ပေါက် ပြောနေစဉ်-

'ဟာ… အပင်ကြီးလဲတဲ့ ချိုင့်ကြီးအောက်မှာ ဘာကြီးလဲ မသိဘူး'

သစ်ပင်ကြီးပြိုလဲသွားသဖြင့် အမြစ်နေရာမှ ချိုင့်ကြီးအတွင်း၌ ခပ်မည်းမည်းသဏ္ဌာန် ပစ္စည်းတစ်ခုကို တွေ့မြင်ရသည့်အတွက် လူတစ်ယောက်မှ ဤသို့ အော်ပြောလိုက်ပါသည်။

'ဘယ်မှာလဲ'

'ချိုင့်ကြီးထဲမှာ'

'ဟုတ်တယ်… ဟုတ်တယ်၊ အိုးအဖုံးကြီးလားမသိဘူး'

အိုးအဖုံးသဖွယ် ခပ်မည်းမည်းနေရာတစ်ခုကို တွေ့လိုက်ရ၍ အထူးအဆန်းသဖွယ် အော်ပြောလိုက်မိပါသည်။ ထိုအခါ အမေရိကန် သုတေသနပညာရှင်ကြီးမှ-

'ဘာကြီးလဲဆိုတာ သေသေချာချာသိရအောင် မြေကြီးကို တူးကြည့်ရင်ကောင်းမယ်'

'ဟုတ်တယ်… ကျွန်တော်တို့ တူးကြည့်မယ်'

မြေတူးအဖွဲ့ (သို့မဟုတ်) လူကြမ်းအဖွဲ့မှ ဤသို့ပြောလိုက်ရာ အမေရိကန် သုတေသနပညာရှင်ကြီးမှာလည်း သိလိုဇောဖြင့်-

'ဟုတ်တယ်… တူးရမယ်'

လူကြမ်းအဖွဲ့မှာ စတင်တူးဖော်ခဲ့ကြပါသည်။ အစကနဦး တူးစဉ်က အိုးအဖုံးဟုထင်ကာ လွယ်လွယ်နှင့်တူး၍ရမည်ဟုထင်ခဲ့သော လူကြမ်းအဖွဲ့သည် တူးရင်း တူးရင်းမှ အဖုံးအောက်တွင် ရာဝင်

စဥ့်အိုးကြီးရှိကြောင်း သိလာခဲ့ပါသည်။

'ဟာ… အဖုံးအောက်မှာ ရာဝင်စဥ့်အိုးကြီးပါလား၊ သေသေချာချာတူးနော်၊ အိုးကွဲသွားမယ်'

'အေးပါဟ… ငါတို့ ဖြည်းဖြည်းတူးပါ့မယ်'

လူကြမ်းအဖွဲ့လည်း စဥ့်အိုးကြီးမကွဲမရှစေရန် သေချာစွာ ဂရုစိုက်၍တူးရာ အဖုံးပိတ်ထားသည့် ရာဝင်စဥ့်အိုးကြီးတစ်လုံးကို ကောင်းစွာတူးဖော်နိုင်ခဲ့ကြပါသည်။

'ကဲ… ကဲ… အဲဒီစဥ့်အိုးကြီးကို အပေါ်ရောက်အောင် ဆွဲတင်ကြပါ'

ငှင်းပညာရှင်မှ အမိန့်ပေးသဖြင့် မြေတူးအဖွဲ့လည်း ထိုရာဝင်စဥ့်အိုးကြီးကို အပေါ်သို့တွန်းတင်ပေးလိုက်ပါသည်။ ထိုစဥ့်အိုးကြီးမှာ အလွန်လေးသဖြင့်-

'အဲဒီ အိုးထဲမှာ ရွှေတွေငွေတွေ အပြည့်ရှိသလားမသိဘူး၊ လေးလေးလိုက်တာ လွန်ရောပဲ'

'ဖြစ်နိုင်တယ်… ရှေးလူကြီးတွေက ရွှေအိုးငွေအိုးတွေကို မြေကြီးထဲမြှုပ်ပြီး အပေါ်မှာ သစ်ပင်စိုက်တဲ့အလေ့အကျင့်ရှိတယ်၊ သစ်ပင်ကို အမှတ်အသားပြုထားတာပေါ့'

'ကဲ… ကဲ… ပြောနေတာ ကြာတယ်၊ ရွှေအိုးလား ငွေအိုးလား သိရအောင် အဖုံးကိုဖွင့်ကြည့်မှပဲ'

ထိုသို့ဖြင့် အဖုံးကို ခက်ခက်ခဲခဲ ဖွင့်ကြရပါသည်။

'ဟော… အဖုံးပွင့်သွားပါပြီ'

အဖုံးပွင့်သွားသဖြင့် မည်သည့်အရာနည်းဟု သိလိုသူတစ်စု

သည် ဝိုင်းအုံကာ စဉ့်အိုးကြီးအတွင်း ငုံ့ကြည့်လိုက်သောအခါ-

'ဟာ… အဝါရောင်ဆီတွေပါလား'

အဝါရောင်ရင့်ရင့် အနည်းငယ်နောက်ကျိနေသော ဆီအပြည့် ထည့်ထားသည်ကို တွေ့လိုက်ရပါသည်။

'ဟင်… ဒီဆီတွေကို ဘာဖြစ်လို့ မြေကြီးထဲမှာ မြှုပ်ထားပါလိမ့်'

'အေးကွာ… ဒီဆီတွေ မြှုပ်ထားပုံပေါက်ရင် ဂျပန်ခေတ်က ကင်ပေတိုင်ရုံးနဲ့တူတယ်၊ သူတို့စားဖို့ ဆီတွေကို မြှုပ်ထားသလား မသိပါဘူး'

'အေးကွာ… ရွှေအိုး ငွေအိုးထင်တာ၊ အခုတော့ ဆီအိုးကြီး ဖြစ်နေတာ နာတာပဲ'

'ဆီအိုးကိုတော့ အကြောင်းမဲ့မြှုပ်မထားလောက်ဘူး'

ထိုသို့ စိတ်ထင်ရာ တစ်ယောက်တစ်ပေါက် ပြောနေစဉ် သေသေချာချာ စူးစိုက်ကြည့်သူတစ်ဦးမှ-

'ဆီထဲမှာ မင်းသားတစ်ယောက် ထိုင်နေသလိုပဲ'

'ဟာ… ဒီကောင်နယ် ရူးကြောင်ကြောင်နဲ့'

'ရူးကြောင်ကြောင်ပြောမနေနဲ့၊ အသေအချာကြည့်ကြဦး၊ ငါ တကယ်တွေ့နေတာ'

ထိုသို့ပြောသဖြင့် ကျန်လူများက သေသေချာချာကြည့်ရာ-

'မင်းသား အဝတ်အစားဝတ်ထားတဲ့ လူသေအလောင်းတစ် လောင်းပဲ'

ထိုသို့ ကောက်ချက်ချလိုက်ပါသည်။

'ဒီမှာ စဉ့်အိုးမှာရေးထားတယ်၊ မင်းသားသီဟသူ ပုဂံခေတ်

မြန်မာနိုင်ငံ အေဒီ ၁၂၅၄ ခုနှစ်တဲ့'

'ဟာ… ဒါဆို ပုဂံမင်းသား သီဟသူကို ဆေးရည်စိမ်ထားတာပဲ'

'အလွန်ထူးဆန်းလှပါလား'

အမေရိကန် သုတေသနပညာရှင်ကြီးက အံ့သြစွာ ပြောလိုက်ပါသည်။

'ကျုပ်ဟာ နဂိုကတည်းက မြန်မာနိုင်ငံအကြောင်း စိတ်ဝင်စားလို့ ခင်ဗျားတို့ မြန်မာစာပေနဲ့ မြန်မာနိုင်ငံသမိုင်းကို တက္ကသိုလ်မှာ ကျကျနန သင်ယူခဲ့တယ်၊ သီဟသူမင်းသားရဲ့အလောင်းလို့ ဒီစဥ့်အိုးမှာ ကမ္ပည်းရေးထိုးထားတယ်၊ ဒီအလောင်းဟာ အေဒီ ၁၂၅၄ ခုနှစ်လို့ ရေးထားတော့ ဆေးရည်စိမ်ထားတာ နှစ်ပေါင်း (၇၀၀) ကျော်ပြီ'

ထိုပညာရှင်ကြီးပြောသည့်စကားကို ကြားရသောအခါ မြေတူးလုပ်ကြမ်းများ အံ့အားသင့်သွားပါသည်။

'ကဲ… ကဲ… အဲဒီအိုးကို ပြန်ပိတ်ပေးပါ'

ထိုသုတေသနပညာရှင်ကြီးက ပြောသဖြင့် ထိုစဥ့်အိုးကြီးကို ပြန်ပိတ်ပေးလိုက်ရပါသည်။

'ဒီအိုးမှာရေးထိုးထားတဲ့ ခုနှစ်ကိုတွက်ရင် ဒီသီဟသူမင်းသားဟာ အမတ်ကြီးရာဇသင်္ကြန်ရဲ့ အင်္ကျီဖျင်လက်ကို ကွမ်းတံတွေးနဲ့ထွေးလို့ ဒလမှာ အမတ်တွေနဲ့ ဖမ်းဆီးခံလိုက်ရတဲ့ မင်းသားသီဟသူပဲ'

မြန်မာ့သမိုင်းကို စနစ်တကျ သင်ယူတတ်မြောက်ထားသည့် အမေရိကန် သုတေသနပညာရှင်ကြီးက ဤသို့ ပြောကြားခဲ့ပါသည်။

"ဒီစဥ့်အိုးဟာ အရေးကြီးပစ္စည်းဖြစ်လို့ ဒီမှာထားလို့မရဘူး၊ အထက်ကို တင်ပြရမယ်"

ထိုသို့ပြောဆိုပြီး ထိုစဥ့်အိုးကြီးကို အသေအချာပိတ်ကာ မကွဲမရှစေရန် ကောက်ရိုးခွေများပတ်လျက် သစ်သားဝက်ခြံသေတ္တာထဲသို့ ထည့်ကာ ယူဆောင်သွားပါတော့သည်။

ရှာခံ မြေတူးလူကြမ်းအဖွဲ့မှာလည်း ရှာဖွေသာကျန်နေသည့်အတွက် မည်သို့ဆက်လက်ဖြစ်သွားသည် မသိချေ။ သည်လိုနှင့်ပင် မိုးရာသီရောက်ရှိလာသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်ရသည့်အတွက် ဤစဥ့်အိုးနှင့် မျက်ခြည်ပြတ်သွားခဲ့ပါတော့သည်။

ဤကိစ္စကို ရိုးတိုးရိတ်တိတ် ကြားသူများက တွတ်တပတ်ပင်အောက်မှ ရွှေအိုးကြီးရသွားသည်ဟု ကောလာဟလဖြစ်ခဲ့ပါတော့သည်။ အမှန်မှာမူကား ဤစဥ့်အိုး ဒလဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ကူးသင်္ဘောပေါ်သို့ တင်ဆောင်သွားသည်ကို လိုက်ပို့သူများ သိကြပါသည်။

ထိုပညာရှိကြီးသည့် ထိုစဥ့်အိုးကြီးမှာ တစ်စုံတစ်ယောက်က လက်ဆောင်ပေးသည့်ဟန် ပြောဆိုသဖြင့် မည်သူမျှ များစွာစိတ်ဝင်စားခြင်းမရှိပေ။

ထိုအချိန်အခါက အမေရိကန်စီးပွားရေးအကူအညီကို လက်ခံထားသဖြင့် မြန်မာနိုင်ငံသို့ လာရောက်အလုပ်လုပ်သော ဤပညာရှင်ကြီး၏ အခွင့်အရေးမှာ သံအဖွဲ့ဝင်များ၏ အခွင့်အရေးနှင့် တန်းတူညီမျှလှသည့်အတွက် ၎င်းပစ္စည်းကို အကောက်ခွန်ဌာနမှ ဖွင့်ကြည့်စစ်ဆေးခွင့် မရခဲ့ပေ။ ထို့ကြောင့် ထိုစဥ့်အိုးကြီးမှာ ၎င်းပညာရှိကြီးနှင့်အတူ

အမေရိကန်သို့ ပါသွားခဲ့ပါသည်။ ထိုပညာရှင်ကြီးအား လိုက်ပို့ရာတွင် ပါဝင်သောသူတစ်ယောက်သည် ထိုစဥ့်အိုးကြီးပါသွားသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ပါသည်။

သို့သော်လည်း သာမန်စဥ့်အိုးဟုသာ ထင်မြင်ယူဆသဖြင့် ဤစဥ့်အိုး ယူဆောင်သွားခြင်းကို ၄င်း၏စိတ်၌ ထူးခြားသောကိစ္စတစ်ရပ်ဟု မထင်မိချေ။ နှစ်ပေါင်းများစွာကြာသောအခါ ၄င်းသည် ထိုအမေရိကန်ပညာရှင်နှင့် စဥ့်အိုးကြီးအကြောင်းကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့ပါသည်။

သို့သော် ကံကြမ္မာကား တစ်မျိုးတစ်ဖုံပြောင်းလဲကာ သိချိန်တန်သောအခါ သိရသည်ဆိုသည့်အတိုင်း ဤစဥ့်အိုးနှင့် ပတ်သက်သည့် အကြောင်းတစ်ရပ် သိခွင့်ကြုံခဲ့ပါသည်။

အမေရိကန်ပညာရှင်ကြီး ပြန်သောအခါက ပင်လယ်ကူးသင်္ဘောကြီးဆီသို့ ကိုယ်တိုင်ကိုယ်ကျ လိုက်လံပို့ဆောင်ဖူးသူဖြစ်သောအမျိုးသားမှာ အကြောင်းကိစ္စတစ်ခုဖြင့် အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်စဥ် အမေရိကန်ပညာရှင်ကြီးကို သတိရသဖြင့် ထိုပုဂ္ဂိုလ်ကြီးထံ သွားလည်ရန် စိတ်ကူးမိပါသည်။ အလွန်ချောင်ကျသော မြို့ငယ်တစ်မြို့၌ နေထိုင်ပါသည်။

မြန်မာအမျိုးသားသည် အမေရိကန်သို့ ရောက်တုန်းရောက်ခိုက် အမေရိကန်ပညာရှင်ကြီးရှိသော ချောင်ကျလှသည့် မြို့ကလေးဆီသို့ သွားရောက်ကာ ပညာရှင်ကြီးနှင့် တွေ့ဆုံခဲ့ပါသည်။ အမေရိကန်ပညာရှင်ကြီးမှာ မြန်မာအမျိုးသား လာရောက်လည်ပတ်သဖြင့် လွန်စွာဝမ်းသာကာ-

'မစ္စတာ… ခင်ဗျား ကျွန်တော့်ဆီလာလည်တာ အလွန်ပဲ ဝမ်းသာပါတယ်'

'ကျွန်တော်လည်း မြန်မာပြည်မှာတည်းက ခင်မင်ရင်းနှီးတဲ့ ခင်ဗျားကို သတိရမိတဲ့အတွက် အခုလို အားလပ်ရက်မှာ တမင်လာခဲ့တာပဲ'

'ခင်ဗျားကို မြန်မာပြည်မှာကတည်းက ကျွန်တော် အလွန်ခင်မင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားနဲ့ ကျွန်တော်နဲ့ဟာ ဝါသနာတူလို့ပဲ။ ခင်ဗျားလည်း ရှေးဟောင်းပစ္စည်း သုတေသနလုပ်ငန်းကို ဝါသနာပါသလို ကျွန်တော်လည်း အရမ်းဝါသနာပါပါတယ်'

'ဟုတ်ပါတယ်'

'ကျွန်တော်ဟာ ရှေးဟောင်းပစ္စည်းတွေအပေါ်မှာ ဘယ်လောက်စိတ်ဝင်စားသလဲဆိုရင် ကမ္ဘာ့အရပ်ရပ်က တူးဖော်ရရှိတဲ့ ပစ္စည်းတွေကို ကိုယ်ပိုင်ရှေးဟောင်းပစ္စည်းပြတိုက်ကလေးတစ်ခု လုပ်ထားတယ်'

'ဩော်… ဟုတ်လား'

'ခင်ဗျား ကျွန်တော့်ဆီကို ရောက်လာတဲ့အတွက် ကျွန်တော့်ရဲ့ ရှေးဟောင်းပစ္စည်းပြတိုက်ကို ကျွန်တော် လိုက်ပြမယ်'

'ကျွန်တော်ကကည်း ရှေးဟောင်းပစ္စည်းပြတိုက်ထဲက ပစ္စည်းတွေကို စိတ်ဝင်စားပါတယ်၊ လိုက်ကြည့်ဖို့ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ကျွန်တော့်ပြတိုက်ထဲက ရှေးဟောင်းပစ္စည်းတစ်ခုဟာ ခင်ဗျားရဲ့စိတ်အာရုံကို အလွန်ဆွဲဆောင်နိုင်ပါလိမ့်မယ်'

'တကယ်ပဲ ဆွဲဆောင်နိုင်မလား'

'ဟုတ်ပါတယ်… ဒါပေမဲ့ စကားမစပ် ကျွန်တော်ဟာ မြန်မာပြည်ကအပြန်မှာ စဥ့်အိုးကြီးတစ်လုံး သယ်သွားခဲ့တာ၊ ခင်ဗျား မှတ်မိလား'

'မှတ်မိတာပေါ့'

'အဲဒီ စဥ့်အိုးကြီးထဲမှာ ဘာပစ္စည်းပါမယ်လို့ ခင်ဗျားထင်ပါသလဲ'

'ဘာပစ္စည်းပါသွားသလဲဆိုတာတော့ ကျွန်တော် မစဥ်းစားမိဘူး၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထင်ပြောရရင် မြန်မာ့လက်မှုပစ္စည်း၊ မြန်မာ့လက်ရာကို နှစ်သက်လို့ ဒီလောက် ကောင်းကောင်းမွန်မွန်ထုတ်ပိုးပြီး ယူသွားတာလို့ ထင်တာပဲ'

'ခင်ဗျားတို့ဆီက ယူသွားတဲ့ စဥ့်အိုးထဲမှာ ဘာပစ္စည်းပါသလဲ ဆိုတာကို ခင်ဗျားကိုပြမယ်'

'ကျွန်တော်ကလည်း ကြည့်ချင်နေပါတယ်'

'ကဲ… ဒါဆို ကျွန်တော့်ရဲ့ ကိုယ်ပိုင်ရှေးဟောင်းပစ္စည်းပြတိုက်ကို ခင်ဗျားကို ကျွန်တော် ခေါ်ဆောင်သွားပါ့မယ်'

ထိုသို့ပြောဆိုပြီး ထသွားသဖြင့် မြန်မာအမျိုးသားလည်း ၎င်းပညာရှင်ကြီး၏နောက်မှ လိုက်ခဲ့ရပါသည်။ မြန်မာအမျိုးသားများသည် ပညာရှင်ကြီးနောက်မှလိုက်စဥ် ထိုပညာရှင်ကြီးမှာ အိမ်အပြင်သို့ ထွက်သွားသည်ဟုထင်သော်လည်း မသွားဘဲ မြေအောက်ခန်းဆီသို့ ဦးတည်သွားနေပါသည်။

'ကျွန်တော်က ခင်ဗျားရဲ့ပြတိုက်ကို အပြင်က နေရာတစ်ခုခုမှာရှိမယ်လို့ထင်တာ'

'ကျွန်တော်ဟာ ရှေးဟောင်းပစ္စည်းတွေနဲ့ပတ်သက်ရင် အစွဲအလမ်းကြီးတယ်လို့ ပြောရမယ်၊ နည်းနည်းကလေးတောင် ဝေးတဲ့နေရာမှာ မထားနိုင်ဘူး၊ ကျွန်တော့်အိမ်မှာပဲ ထားချင်တာ၊ ဒါကြောင့် မြေအောက်ခန်းမှာ ကိုယ်ပိုင်ပြတိုက်လုပ်ပြီးထားတာ'

ထိုပညာရှင်ကြီး၏နေအိမ်မှာ တောင်ငယ်ကလေးတစ်ခုကို ကျောပေးထားသော မြို့ပြင်ဘက်ရှိ ဝင်းခြံအကျယ်ကြီးအတွင်း တည်ဆောက်ထားပါသည်။ အပြင်မှကြည့်လျှင် တစ်ထပ်တိုက်အိုတစ်လုံးဟု ထင်ရပါသည်။ သို့သော် မြေအောက်ထပ်တွင် အခန်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။

အခန်းတိုင်းတွင်လည်း ရှေးဟောင်းပစ္စည်းများကို စနစ်တကျထားရှိသည်ကို တွေ့ရပါသည်။ မြေအောက်ခန်းတစ်ခန်းလုံးမှာ အပြင်မှ တိုက်၏အနေအထားထက် များစွာကျယ်ဝန်းပြီး ခြံဝင်းတစ်ခုလုံး၏ အကျယ်အဝန်းနှင့်အမျှ ရှိလိမ့်မည်ဟု ထင်မြင်မိပါသည်။

'မြေအောက်ခန်းသာဆိုတယ်၊ တော်တော်ကျယ်တာပဲနော်'

'ဟုတ်တယ်… မြေအောက်ခန်းထဲမှာ ပြတိုက်လုပ်ထားတာဆိုတော့ ကျွန်တော့်စိတ်ကြိုက် ကျယ်ကျယ်ဝန်းဝန်း လုပ်ထားတာပဲ'

ထိုသို့ပြောဆိုရင်း တစ်ခန်းဝင်တစ်ခန်းထွက်နှင့် အခန်းပေါင်းများစွာကို ကျော်ဖြတ်ပြီးနောက် အခန်းတစ်ခုတွင် ကျောက်ညိုစားပွဲရှည်တစ်လုံးတွင် မှန်ဖြင့်ပြုလုပ်ထားသော အခေါင်းတစ်ခုကို တွေ့ရှိရပါသည်။

'အခေါင်းတစ်လုံးပါလား'

မြန်မာအမျိုးသားသည် ကျောက်ညိုစားပွဲရှည်ပေါ်မှ မှန်ခေါင်းကို စိတ်ဝင်တစားကြည့်လိုက်သောအခါ မှန်ကဲ့သို့ကြည်လင်နေသော ဆီထည့်ထားသော မှန်ခေါင်းအတွင်းဝယ် မြန်မာမင်းညီမင်းသား အဝတ်အစားကို ဝတ်ဆင်ထားသည့် မင်းသားတစ်ပါး၏ ရုပ်အလောင်းတစ်ခု။

မြန်မာအမျိုးသားမှာ သူ့မျက်စိကိုပင် သူမယုံနိုင်လောက်အောင် အလွန်အမင်း အံ့သြသွားပါသည်။ နေရာကား အမေရိကန်တိုင်းပြည်မှ အမေရိကန်တစ်ယောက်၏ နေအိမ်တွင် မြန်မာမင်းညီမင်းသားတစ်ပါး၏ ရုပ်အလောင်းမှာ မည်သို့ရောက်နေသနည်း။ အတွေးစိတ်များကြောင့် ခေါင်းတစ်ခုလုံး ချာချာလည်သွားပါတော့သည်။

'ခင်ဗျား အလွန်အမင်း အံ့သြသွားသလား'

'ဟုတ်ပါတယ်... ကျွန်တော်တို့ မြန်မာမင်းသားအလောင်းဟာ ခင်ဗျားဆီကို ဘယ်လိုရောက်နေတာလဲ'

'ဒီမေးခွန်းကို အဲဒီအခေါင်းဘေးနားက စဥ့်အိုးကြီးကို ကြည့်လိုက်စမ်းပါ'

ထိုသို့ အမေရိကန်ပညာရှင်က ပြောသဖြင့် ၄င်းညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ မြန်မာနိုင်ငံ ဒလမှ ယူဆောင်သွားသည့် စဥ့်အိုးကြီးဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။

'ဟာ... ဒီစဥ့်အိုးကြီး ကျွန်တော်တို့ မြန်မာနိုင်ငံ ဒလကနေ ယူသွားတဲ့ စဥ့်အိုးကြီးမဟုတ်လား'

'သိပ်ဟုတ်တာပေါ့ဗျာ၊ ဒါကြောင့် ခုနက ကျွန်တော် ခင်ဗျား

ကို မေးခွန်းတစ်ခုမေးခဲ့တယ်မဟုတ်လား၊ ခင်ဗျားတို့ဆီက ယူလာတဲ့ စဥ့်အိုးကြီးထဲမှာ ဘာပစ္စည်းပါသလဲလို့'

'ဟုတ်ပါတယ်'

'အဲဒါ ကျွန်တော့်ရဲ့အဖြေပဲ'

'ဟင်… ဒါဆို အဲဒီစဥ့်အိုးကြီးထဲမှာ ဒီမင်းသားကလေးရဲ့ အလောင်းပါလာတယ်လို့ ခင်ဗျား ဆိုလိုချင်တာလား'

'မှန်လိုက်လေဗျာ… အဲဒီစဥ့်အိုးကြီးထဲမှာ အခုလို ဆေးရည်စိမ်ထားတဲ့ မင်းသားတစ်ပါးရဲ့ အလောင်းပါလာတာပေါ့'

'ဒါဆို ဒီမင်းသားဟာ ဘယ်သူလဲ'

'ဒီမင်းသားဟာ ဘယ်သူလဲလို့သိချင်ရင် ဒီစဥ့်အိုးမှာလာကြည့်ပါ'

ထိုသို့ပြောသဖြင့် စဥ့်အိုးကိုကြည့်လိုက်ရာ စဥ့်အိုးတွင်ရေးထိုးထားသည့်စာကား 'မင်းသားသီဟသူ ပုဂံခေတ် မြန်မာနိုင်ငံ အေဒီ ၁၂၅၄ ခုနှစ်'ဟု စာတန်းရေးထိုးထားပါသည်။

ထို့နောက် မှန်ခေါင်းတွင် သေသေချာချာကြည့်လိုက်သော အခါ -

Prince Thi Ha Thu, Pagan Period, Burma, 1254 AD.

ဟူ၍ အင်္ဂလိပ်လို စာတန်းရေးထိုးထားသည်ကို တွေ့လိုက်ရပါသည်။

မြန်မာအမျိုးသားလည်း ဆေးရည်စိမ်ထားသည့် မင်းသားကလေးကို သေသေချာချာကြည့်လိုက်သောအခါ -

သျှောင်တစောင်းထုံးထားပြီး ကိုယ်လုံးကိုယ်ပေါက် ထောင်

ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးရေးရေးရှိသော အသားဝါ မင်းသား ကလေးတစ်ပါး။

သူ၏ခန္ဓာကိုယ်ပေါ်တွင် ခြသေ့်ရုပ်များ ဖော်ထားသည့် ငွေချည်ဖောက် မဲပုဆိုးကို ဝတ်ဆင်ထားပြီး ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဘင်္ဂါလီကုလားများဝတ်သည့် အင်္ကျီရှည်မျိုးဆန်ဆန် ပိုးအင်္ကျီအဖြူကို ဝတ်ဆင်ထားပါသည်။

လကျ်ာဘယ်လက်၌ကား ပဝါနှင့်တူသော နှစ်တောင်ခန့် အရှည်ရှိသည့် ရွှေဖလားရောင်ပိုးစကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပါသည်။ သူ့မျက်နှာသွင်ပြင်ကား-

အကြောင်းတစ်စုံတစ်ရာကြောင့် ခံပြင်းဒေါသထွက်သည့်နှယ် အံကို တင်းတင်းကြိတ်ထားသဖြင့် ပါးရိုးများထောင်ထနေပါသည်။ ၎င်းမင်းသားကလေး၏ မျက်လုံးအစုံကား ပြူးကြောင်ကြောင်အသွင်။

မျက်နှာကိုကြည့်ပြီး ခန့်မှန်းရသော် အသက်နှစ်ဆယ်ဝန်းကျင် အရွယ်။

မြန်မာအမျိုးသားမှ အမေရိကန်ပညာရှင်ကြီးအား အကျိုးအကြောင်းမေးမြန်းရာ တွတ်တပတ်ပင်အောက်မှ ရခဲ့သော စဉ့်အိုးကြီး အကြောင်းစုံကို ပြောပြခဲ့ပါသည်။

"မြန်မာပြည်က ပြန်တဲ့အခါမှာ ကျွန်တော်ဟာ ဒီအလောင်း ထည့်ထားတဲ့ စဉ့်အိုးကြီးကို တိတ်တဆိတ်ယူဆောင်ခဲ့တာ အကြောင်း ရှိပါတယ်"

"ဘာအကြောင်းလဲ ပြောပါဦး"

"လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀၀)ကျော်က ပုဂံပြည်သားတွေ

ဘယ်လိုနေထိုင်ခဲ့သလဲဆိုတာ လေ့လာနိုင်ခဲ့တယ်၊ ဒါ့အပြင် လူသေအလောင်းကို နှစ်ပေါင်း (၇၀၀)ကျော်ကြာတဲ့တိုင် မပုပ်မသိုး မပျက်စီးအောင် ဆေးရည်စိမ်နိုင်တဲ့ ပညာရပ်ရှိခဲ့ကြောင်း ဒါဟာ အထောက်အထားတစ်ခုပါပဲ'

'ဟုတ်ပါတယ်'

'ဒီစဥ့်အိုးထဲမှာ ပါလာတဲ့ အရည်ကတော့ အဝါရောင်ခပ်ပျစ်ပျစ်ဆီတွေပဲ၊ ကျွန်တော်က အဲဒီဆီဝါတွေကို သိပ္ပံနည်းနဲ့ချွတ်ပြီး အခုလို ကြည်ကြည်လင်လင် မှန်သားအရောင်ဆီဖြစ်အောင် ပြောင်းလဲလိုက်တာပဲ'

'ဪ…'

'နောက်ပြီးတော့ အဲဒီအရည်ကြည်ဆီရယ်၊ မင်းသားကလေးအလောင်းရယ်ကို အခုလို လေလုံတဲ့မှန်ခေါင်းထဲ ပြောင်းထည့်ထားလိုက်တဲ့အတွက် မင်းသားကလေးရဲ့အလောင်းကို ကောင်းကောင်းကြီးမြင်နိုင်တာပေါ့၊ သေသေချာချာလည်း လေ့လာလို့ရတာပေါ့ဗျာ'

'အေးဗျာ'

'ဒီအလောင်းကို နှစ်ပေါင်း (၇၀၀)ကျော် မပျက်မစီးဘဲတည်ရှိသလို နောင်နှစ်ပေါင်းများစွာကြာလည်း မပျက်စီးဘဲ တည်ရှိနေဦးမှာပဲ'

'ဟုတ်ပါတယ်'

'ကျွန်တော်လည်း ဒီအလောင်းကို ရတဲ့အတွက် လေ့လာမိတာကတော့ ခင်ဗျားတို့ မြန်မာတွေရဲ့ ဆေးရည်စိမ်လို့ပဲဆိုလို့ ဆီစိမ်တယ်လို့ပဲပြောပြော မြန်မာ့ဆေးရည်စိမ် အဆင့်အတန်းဟာ တော်တော်မြင့်မားတယ်ဆိုတဲ့ သက်သေတစ်ခုပဲ'

'ကျွန်တော်လည်း ခင်ဗျားပြမှ ဆေးရည်စိမ်ထားတဲ့ အလောင်း ရှိတယ်ဆိုတာ သိရတော့တယ်။ ကျွန်တော်တို့ မြန်မာရာဇဝင်မှာ ဒီလို ဆေးရည်စိမ်ထားတဲ့အလောင်းရှိတယ်ဆိုတဲ့ အထောက်အထား မတွေ့ ခဲ့ရဘူး။ အခု ဒီမင်းသားကလေးကို ဆေးရည်စိမ်ထားတယ်ဆိုတော့ သူတို့မှာ အခြားအကြံအစည်တစ်ခုခုတော့ ရှိလိမ့်ဦးမယ်လို့ ထင်တာပဲ'

'ကျွန်တော်လည်း ခင်ဗျားယူဆသလို ယူဆမိတယ်'

'ဒါပေမဲ့ ဒီဆေးရည်စိမ်အလောင်းကို တွေ့ခြင်းအားဖြင့် ကျွန်တော်တို့ ဘိုးဘွားများလက်ထက်က ရှင်းအောင်ပြောရမယ်ဆိုရင် လွန်ခဲ့သော နှစ်ပေါင်း (၇၀၀)ကျော်ကပင် အလောင်းကို မပုပ်မသိုး အောင် စိမ်နိုင်တဲ့ ဆေးရည်စိမ်အတတ် ထွန်းကားနေပြီလို့ ဆိုရမယ်'

'ဟုတ်ပါတယ် မြန်မာမိတ်ဆွေရယ်၊ ခင်ဗျားတို့လူမျိုးဟာ ကိုယ့်ထီးကိုယ့်နန်းနဲ့ နေထိုင်ပြီး အုပ်ချုပ်တဲ့မင်းရှိတဲ့ လူယဉ်ကျေး မျိုးတွေပါပဲ။ ဒါ့အပြင် ဒီဆေးရည်စိမ်ပညာရှင်တွေဟာလည်း အတော် ကျွမ်းကျင်ပုံရပါတယ်၊ ဒါပေမဲ့ အခုအချိန်မှာ ဒီပညာပျောက်ကွယ်သွား တာ နှမြောစရာပဲ'

'အေးဗျာ… ကျွန်တော်လည်း ကိုယ့်တိုင်းပြည်က ဆေးရည် စိမ်ပညာရှင်တွေကို ချီးကျူးပါတယ်ဗျာ၊ မင်းသားလေးရဲ့ ရုပ်ကလာပ် ဟာ နှစ်ပေါင်း (၇၀၀)ကျော်ကြာတာတောင် နဂိုမူလရုပ်မပျက် ရှုံ့ခြင်း၊ ပွခြင်းမရှိဘဲ ပကတိအသားအရေအတိုင်းပဲ ရှိနေတာ အံ့ဩစရာပဲ'

'ကျွန်တော်လည်း မြန်မာပြည်က ပြန်ရောက်ကတည်းက ဒီဆေးရည်ကို စိတ်ဝင်စားလို့ ဓာတ်ခွဲကြည့်ပြီး စမ်းသပ်ချက်အများ အပြားပြုလုပ်ခဲ့ပေမယ့် ဒီလို မူလရုပ်မပျက်အောင် ဆေးရည်စိမ်နိုင်တဲ့

ဆေးရည်မျိုး မဖော်စပ်နိုင်သေးဘူး'

'အင်း… ပညာကို သေရွာအထိယူသွားကြတော့ နောင်လာနောက်သားတွေအတွက် ဆုံးရှုံးမှုတစ်ရပ်ပေါ့'

'ကျွန်တော့်ဆီမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀၀)ကျော်က ဆေးရည် ရှိနေသေးသရွေ့ ကြိုးစားဖော်စပ်မယ်ဆိုရင် ဒီပညာ ရကောင်းပါရဲ့ဗျာ'

'အေးဗျာ… သီဟသူမင်းသားကလေးဆိုတော့ ပုဂံရာဇဝင်မှာ ရာဇသင်္ကြန်အမတ်ကြီးကို ကွမ်းတံတွေးနဲ့ထွေးမိလို့ ဒလကို ရောက်အလာမှာ အမတ်တွေနဲ့ဖမ်းပြီး ကွပ်မျက်ခံရတဲ့ မင်းသားသီဟသူပဲဖြစ်မလား'

'ဟုတ်တာပေါ့ဗျာ… စဥ့်အိုးမှာရေးထားတဲ့စာထဲက

အေဒီ ၁၂၅၄ ခုနှစ်ရယ်၊ သီဟသူမင်းသားရယ်ပေါင်းရင် ရာဇသင်္ကြန်အမတ်ကြီးကို ကွမ်းတံတွေးနဲ့ထွေးခဲ့မိလို့ အပြစ်တော်ဝင်ပြီး အသတ်ခံရတဲ့ မင်းသားသီဟသူကလွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲဗျာ'

'ဟုတ်ပါတယ်ခင်ဗျာ'

မြန်မာမိတ်ဆွေမှာလည်း မမျှော်လင့်ဘဲတွေ့ခဲ့ရသည့် ဆေးရည်စိမ်မင်းသားကလေး၏ အလောင်းကိုကြည့်ရင်း စိတ်မချမ်းမသာဖြစ်ခဲ့ရပါသည်။ အမှန်တော့ သီဟသူမင်းသားလေး၏ ပြုမူချက်ကို မှားသည် မှန်သည် ဝေဖန်ရန် အကြောင်းမရှိပါ။ သို့သော်လည်း မြန်မာမင်းသားကလေး၏အလောင်းကို ခိုးယူခြင်းခံရသဖြင့် မြန်မာမိတ်ဆွေမှာ စိတ်မချမ်းမသာဖြစ်ကာ မျက်နှာညှိုးရော်သွားခဲ့ပါသည်။

မြန်မာမိတ်ဆွေ၏ မျက်နှာပျက်မှုကို အမေရိကန်ပညာရှင်က

မြင်တွေ့လျှင် မြင်တွေ့ချင်း သူ၏အမှားကို ကောင်းစွာသဘောပေါက်သွားပါသည်။

"ဒီမှာ မြန်မာမိတ်ဆွေ ကျွန်တော့်ရဲ့ဝါသနာအရ ရှေးဟောင်းပစ္စည်းဖြစ်တဲ့ ဒီဆေးရည်စိမ်မင်းသားကို ယူလာမိတာကို အပြစ်လို့ ယူဆမယ်ဆိုရင်လည်း ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ဆန္ဒက ဒီအလောင်းကို မပျက်မစီးအောင် ပြတိုက်ထဲမှာ ထည့်ထားချင်တဲ့ဆန္ဒတစ်ရပ်ကြောင့် ယူလာခဲ့မိတာပါ၊ နောင် မြန်မာနိုင်ငံမှာ ထိုက်ထိုက်တန်တန် အမျိုးသားပြတိုက်ကြီးတစ်ခု တည်ဆောက်ပြီးရင်တော့ ပြန်ပို့ပေးမယ်လို့ စိတ်ကူးထားပါတယ်"

"အဲဒီစိတ်မျိုးရှိတာကို ကျေးဇူးတင်ပါတယ်"

ထိုသို့ပြောဆိုနှုတ်ဆက်ပြီး ပြန်ခဲ့ပါသည်။ သို့ရာတွင် တစ်လမ်းလုံး ဆေးရည်စိမ်မင်းသားကလေး၏အကြောင်းကို အတွေးစိတ်တွင် တရစ်ဝဲဝဲ စဉ်းစားခဲ့ပါတော့သည်။

ထူးထူးဆန်းဆန်း လွန်ခဲ့သောနှစ်ပေါင်း (၇၀၀)ကျော်က နတ်ရွာစံခဲ့သည့်မင်းသားကလေး။

"ရာဇသင်္ကြန် ပညာလျှံ ပုဂံပြည်လုံးပဲ"ဟု ဂုဏ်ဒြပ်ကျော်စောသည့် ပညာရှင်ကြီး။

သည်နှစ်ဦးသည် အဘယ်သို့သောဘဝမှ အမုန်းရန်ငြိုး ပါလာလေသည်မသိ။ သည်ဘဝ သည်နေရာတွင် မင်းသားကလေး သီဟသူမှာ ရာဇသင်္ကြန်အမတ်ကြီးဦးဆောင်သော အမတ်အုပ်စုတ်လက်ချက်ဖြင့် ဘဝဆုံးခဲ့လေပြီ။

မြန်မာရာဇဝင်တွင် အခြား အခြားသော ဘုရင်၊ မိဖုရား၊

မင်းညီမင်းသား၊ သမီးတော် စသည့် အသီးသီးသောသူတို့ နတ်ရွာစံသောအခါ ၎င်းတို့၏ရုပ်အလောင်းကို ဆေးရည်စိမ်ထားသည်မှာ အထောက်အထားတစ်စုံတစ်ရာ မတွေ့ခဲ့ပေ။

သီဟသူမင်းသားကလေးကျမှသာလျှင် အဘယ်သို့သော အကြောင်းနှင့် ဆေးရည်စိမ်ထားပါသနည်း။ အကြောင်းတစ်စုံတစ်ရာ ရှိမည်ထင်ပါသည်။ သယ်ယူရန်အခွင့်မသာသေးသဖြင့် ရုပ်ကလာပ်ကို ဆေးရည်စိမ်ထားခြင်းဖြစ်လေမည်လော။

မည်သို့ပင်ဖြစ်စေ စာရေးသူအနေနှင့် နှစ်ပေါင်း (၇၀၀)ကျော်က အတိတ်ရာဇဝင်ထဲသို့ ရောက်သွားသကဲ့သို့ ခံစားရပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက အဖြစ်အပျက်များကို ပြန်လည်ပြောကြားနေသကဲ့သို့ ပြက်ပြက်ထင်ထင် မြင်ယောင်မိပါသည်။

ဤတွံတေးတောကြီးတန်းကား အံ့ဖွယ်အစုံစုံ အဖြစ်အပျက်မျိုးစုံတို့တည်ရှိရာ နေရာထူးကြီးပင် ဖြစ်ပါတော့သည်။ နှစ်ပေါင်း (၇၀၀)ကျော် အတောအတွင်း မြန်မာနိုင်ငံ၌ မပေါ်ပေါက်သေးသော အထ္ထုပ္ပတ္တိရှင် ဆေးရည်စိမ်မင်းသားလေး (သို့မဟုတ်) ဆီစိမ်မင်းသားကလေး၏ အဖြစ်အပျက်ကား အံ့ဖွယ်ဘနန်း ဖြစ်ရပ်ဆန်းတစ်ခုပင် ဖြစ်ပါတော့သတည်း။

ရိရိငွေး

ကျမ်းကိုး

- ဦးကုလားရာဇဝင်
- မှန်နန်းရာဇဝင်
- သတင်းစာဆရာ ဦးသိမ်းမောင်ရေး ရာဇသင်္ကြန်
- ဆရာမိုးမြင့်မောင်ရေး "အမေရိကန်နိုင်ငံရောက် ပုဂံမင်း"